ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဂျာနယ်

Environmental Conservation and Forestry Journal

MOECAF

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ

# ၂၀၁၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ






ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာလ(၁၆)ရက်နေ့ နံနက်(၉)နာရီတွင် သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အမှာစကားပြောကြားခဲ့ပါသည်။

စာမျက်နှာ - ၄ သို့

**ပွင့်နွေးကမ္ဘာ ၊ တားဆီးရာ ဖြေရှာတစ်ခု ၊ တောပြုစု။**

## ပြည်သူလူထုအတွက် မြေအသုံးချမှုမူဝါဒ

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို ခေတ်စနစ်တို့နှင့် အညီ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးရှိထိရောက်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကဏ္ဍအသီးသီးအတွက် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ(Reform Strategy)များကို Bottom-up approach နှင့် ချမှတ်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ၊ မြေအသုံးချမှုမူဝါဒ၊ မြေယာဥပဒေနှင့် မြေအသုံးချမှုဆိုင်ရာ အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများရေးဆွဲရေးလုပ်ငန်းစဉ်များလည်း ပါဝင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် အညီ နိုင်ငံတော်၏ မြေသယံဇာတများကို စနစ်တကျ စီမံခန့်ခွဲအသုံးချရေးဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရန် အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးပဟိုကော်မတီကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်၏ မြေသယံဇာတများကို စနစ်တကျအသုံးပြုနိုင်ရေး ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြေသယံဇာတသည် အကန့်အသတ်ရှိသည့် သဘာဝအရင်းအမြစ်ဖြစ်သည့်အတွက် လူဦးရေတိုးပွားလာသည်နှင့်အမျှ စိုက်ပျိုးမြေ၊ ရေအရင်းအမြစ်၊ စားကျက်မြေ၊ သစ်တောမြေ၊ မြို့မြေ၊ ရွာမြေ၊ စက်မှုဇုန်၊ ဆက်သွယ်ရေးလမ်းကြောင်းကွန်ရက်များစသည့် မြေလိုအပ်ချက် များပြားလာမှုအပေါ် စနစ်တကျ စီမံခန့်ခွဲအုပ်ချုပ်ဆောင်ရွက်သွားရသည်။ မြေအသုံးချမှု စနစ်တကျမရှိလျှင် စိုက်ပျိုးမြေအတန်းအစားကျဆင်းလာခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် ရေအရင်းအမြစ်များဆုံးရှုံးခြင်းတို့အပြင် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုတို့ကြောင့် ရာသီဥတုပြောင်းလဲဖောက်ပြန်ပြီး သဘာဝဘေးအန္တရာယ်များလည်း ကျရောက်ခံစားကြရမည်ဖြစ်ပါသည်။ စနစ်တကျ စီမံခန့်ခွဲထားသည့် မြေအသုံးချမှုမူဝါဒ(Land Use Policy)ကို ချမှတ်နိုင်ခြင်းမရှိသေးသည့်အတွက် အစိုးရ၊ ပြည်သူနှင့် ရင်းနှီးမြှုပ်နှံသူများအကြား၊ မြေအသုံးချမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ပြဿနာများပေါ်ပေါက်ခြင်း၊ မြေပိုင်ဆိုင်မှု၊ မြေငှားရမ်းမှုနှင့် မြေယာကျူးကျော်မှုဆိုင်ရာ ပဋိပက္ခများဖြစ်ပေါ်လျက်ရှိနေပေသည်။

အမျိုးသားမြေအသုံးချမှု မူဝါဒရေးဆွဲရာတွင် အမျိုးသားလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအမြင်၊ လူဦးရေတိုးပွားလာမှုကို အခြေခံသည့်မြို့ပြကျေးရွာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအမြင်၊ မြို့မြေ၊ ရွာမြေ၊ စားကျက်မြေ၊ မြေလွတ်မြေရိုင်း၊ သစ်တောမြေ၊ ဂရန်အင်းနယ်နိမိတ်မြေတို့ကို အတိုးအလျော့ချိန်ညှိပြီး ရေရှည်စီမံခန့်ခွဲသတ်မှတ်ရေးအမြင်၊ ဒေသခံပြည်သူများသောက်သုံးရေ၊ လောင်စာ၊ ထင်း၊ သစ်၊ ဝါးလိုအပ်ချက်ပြည့်ဆီးရေးအတွက် သဘာဝပတ်ဝန်းကျင် မထိခိုက်သည့် သစ်တောပြုစုထိန်းသိမ်းရေးအမြင်၊ တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများနှင့် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းကာကွယ်ရေးအမြင်၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှုအနည်းဆုံးဖြင့် ပြည်တွင်း/ပြည်ပရင်း နှီးမြှုပ်နှံမှုများအား လက်ခံခွင့်ပြုဆောင်ရွက်ရေးအမြင်၊ မြေပိုင်ဆိုင်ခွင့်များခိုင်မာမှန် ကန်ရေးအမြင်၊ မြေသယံဇာတအသုံးပြု စီမံခန့်ခွဲမှုများအား ပြည်သူများသို့ ပွင့်လင်းမြင်သာစွာချပြအသိပေးပြီး ပူးပေါင်းပါဝင်လာစေရေးအမြင်တို့ဖြင့် ရေးဆွဲဆောင်ရွက်လျက်ရှိရာ အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)အား ပြည်သူများထံချပြပြီး ပြည်သူလူထု၏ သဘောဆန္ဒနှင့် အကြံပြုချက်များရယူရန် ၂၀၁၅ ခုနှစ် မေလတွင် (ဆဋ္ဌမမူကြမ်း)ကိုရေးဆွဲနိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်တွင် လူဦးရေစဉ်ဆက်မပြတ်တိုးပွားနေသည့်အတွက် အကန့်အသတ်ရှိသည့် မြေသယံဇာတအရင်းအမြစ်များကို စနစ်တကျအသုံးချစီမံခန့်ခွဲနိုင်မှသာ ပြည်သူများ၏စားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ လူမှုစီးပွားဘဝမြင့်မားလာစေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဟန်ချက်ညီညီ အဆင်ပြေစွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

---

**ဒို့တာဝန်အရေး(၃)ပါး**

- ပြည်ထောင်စု မပြိုကွဲရေး။
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

---

**သစ်တောမူဝါဒ**

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိ သည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

## မာတိကာ

*သစ်တောသတင်းများ၊ ဆောင်းပါး၊ ကဗျာ၊ တင်ဒါဈေးနှုန်း.................*


၂၀၁၅ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ------------------ ၁

ပြည်သူလူထုအတွက်မြေအသုံးချမှုမူဝါဒ -------- ၂

သစ်တောသတင်း၊ သစ်ဖမ်းဆီးသတင်းများ-------- ၄-၁၈

သစ်တောသမားခရီးသွား -------- ၁၉-၂၁၊၂၃

ကမ္ဘာကြီးရေရှည်တည်တံ့ရေး အိုဇုန်းလွှာထိန်းသိမ်းပေး ----- ၂၂-၂၃

MTE တင်ဒါဈေးနှုန်း -------- ၂၄

ဓာတ်ပုံသတင်းကဏ္ဍ ------ ၂၅-၂၇

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲများ ---- ၂၈

အနာဂတ်တက္ကသိုလ်နှင့်ကျွန်တော့်အမြင် ----- ၂၉-၃၁

လူထုဗဟိုပြုစွမ်းအင်ကဏ္ဍဆီသို့ ----- ၃၂-၃၃

တမ်းတ(ကဗျာ) ------- ၃၃

တစ်ချိန်တုန်းကအင်ပင်ထရီအမှတ်တရများ(၂) ---- ၃၄-၃၈

REDD-PLUS INFORMATION-(25) ------ ၃၉-၄၃

IUFRO(The International Union of Forest Research Organization) ----- ၄၄-၄၅

ဖတ်စရာ၊ မှတ်စရာအင်တာနက်သတင်းများ ---- ၄၆-၄၉

သဘာဝဘေးအန္တရာယ်များ ------ ၄၅၊၄၉

သီကောင်းစရာပင်လယ်မြက်ဂေဟစနစ် ----- ၅၀-၅၂




ပုနွေးကမ္ဘာ ၊ တားဆီးရာ
ဖြေရှာတစ်ခု ၊ တောပြုစု။

ကမ္ဘာ့အဝှမ်း ၊ တောတွေခန်းလည်း
စိမ်းလန်းတို့ပြည် ၊ တောနှင့်စည်၏။

သစ်တောကာကွယ်၊ ဘဏ္ဍာကြွယ်
ပြန်လည်စိုက်ပျိုး၊ သစ်တောတိုး

သစ်တောတွေပြုန်း၊ ရေမြေဆုံး
ပျက်သုဉ်းကမ္ဘာ၊ လွန်ရှည်ကြာ
သစ်တောတွေစိမ်း၊ ရေမြေထိန်း
ဖွံ့ဖြိုးကမ္ဘာ၊ လွန်ရှည်ကြာ။


**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးကျော်လွင်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန

ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ- ၀၀၄၀၀)

**စာတည်း**

ဦးခင်မောင်မြင့်၊ ဒုတိယညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးမျိုးခိုင် လက်ထောက်ညွှန်ကြားရေးမှူး
ဦးအောင်ထွန်း ဦးစီးအရာရှိ

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ -၀၀၆၆၀)
မဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



**ဆက်သွယ်ရန်** -
၀၆၇-၄၀၅၁၁၃ ၊ (Fax) ၀၆၇-၄၀၅၃၉၄
fdextension39@ gmail.com

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ်၊ မတ်လ (၃၀)ရက်နေ့၌ ပြဋ္ဌာန်းခဲ့သည်။

**ရည်ရွယ်ချက်များ**

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ စနစ်တကျ ပေါင်းစပ်ဆောင်ရွက်ရန်အလို့ငှာ အခြေခံမူများ ချမှတ်နိုင်ရန်နှင့် လမ်းညွှန်မှုများပြုနိုင်ရန်၊

(ဂ) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီး သန့်ရှင်းသည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့်ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊

(ဃ) ဆုတ်ယုတ်ပျက်ကွယ်စပြုနေသော ဂေဟစနစ်များကို ဖြစ်နိုင်သမျှ ပြန်လည်ဖော်ထုတ်ရန်၊

(င) သဘာဝသယံဇာတအရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်ရန်၊

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင် ပြန့်ပွားရေးအတွက် ပညာပေးရေးနှင့် ပညာသင်ကြားရေးအစီအစဉ်များကို အများပြည်သူတို့ သိရှိပြီး ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ဆ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်၊

(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

မျက်နှာဖုံးမှအဆက်

## အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်း

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းမှ အမှာစကား ပြောကြားရာတွင် ယနေ့ကမ္ဘာတွင် ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာ အဓိကပြဿနာများကိုကြည့်ပါက ရာသီဥတုပြောင်းလဲမှု၊ အိုဇုန်းလွှာပျက်စီးမှု၊ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ မြေထုညစ်ညမ်းမှု၊ မြေဆီလွှာပျက်စီးမှု၊ သစ်တောပြုန်းတီးမှု၊ သဲကန္တာရဖြစ်ထွန်းမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးပျောက်ကွယ်မှုများဖြစ်ပါကြောင်း၊ နေမှလာသော ခရမ်းလွန်ရောင်ခြည်လှိုင်းများသည် စွမ်းအင်လွန်စွာမြင့်မားသည့် အလင်းရောင်လှိုင်းများဖြစ်ပါကြောင်း၊ ၎င်းဘေးအန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်လှိုင်းများ ကမ္ဘာမြေပြင်ပေါ်သို့ မကျရောက်စေရန် အိုဇုန်းလွှာက စုပ်ယူပေးသဖြင့် သဘာဝအကာအရံတစ်ခုအဖြစ် ကမ္ဘာပေါ်ရှိ သက်ရှိလောကအတွက် မရှိမဖြစ်လိုအပ်ပါကြောင်း၊

သက်ရှိကမ္ဘာအတွက် အလွန်အရေးပါသည့် အိုဇုန်းလွှာကို ထိန်းသိမ်းနိုင်ရန် ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ(၁၆)ရက်နေ့တွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်ကို ကနေဒါနိုင်ငံ၊ မွန်ထရီယယ်မြို့မှာ ချုပ်ဆိုခဲ့ပါကြောင်း၊ အဆိုပါ စက်တင်ဘာလ(၁၆)ရက်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံက အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (International Day for the Preservation of the Ozone Layer)အဖြစ်သတ်မှတ်ခဲ့ပါကြောင်း၊ ယခုနှစ်ဆောင်ပုဒ်မှာ "ခရမ်းလွန်ရောင်ခြည်အန္တရာယ် ကာကွယ်ရေး၊ အိုဇုန်းလွှာကိုထိန်းသိမ်းပေး" "Ozone, All there is between you and UV" ဖြစ်ပါကြောင်း၊ လူမှုစီးပွားရေးနယ်ပယ်များမှ ထုတ်လွှတ်သော ကလိုရင်းနှင့် ဘရိုမင်းပါဝင်သည့် ဓာတုပစ္စည်းများ အပေါ်ယံလေထုထဲ ရောက်သွားရာ ဓာတ်ပြောင်းလဲမှုများ ဆက်တိုက်ဖြစ်ပေါ်ပြီး အိုဇုန်းလွှာအား ပျက်စီးစေပါကြောင်း၊ ထိုအခါ အကာအကွယ်မရှိ၍ ခရမ်းလွန်ရောင်ခြည်လှိုင်းများ ကမ္ဘာမြေပြင်အပေါ်သို့ ပိုမိုများပြားစွာ ကျရောက်လာမည်ဖြစ်ပါ ကြောင်း၊ ပြင်းထန်သည့် ခရမ်းလွန်ရောင်ခြည်ကျရောက်ခြင်းမှ ကာကွယ်ရန်ဖော်ညွှန်းသည့်အနေဖြင့် ယခုဆောင်ပုဒ်ကို သတ်မှတ်ရခြင်းဖြစ်ပါကြောင်း၊ ၁၉၈၅ ခုနှစ်တွင် အန္တာတိကအပေါ်၌ အိုဇုန်းလွှာအပေါက်ကို ပထမဆုံးတွေ့ရှိခဲ့ပြီး သုတေသနလေ့လာချက်များအရ ကမ္ဘာ့နိုင်ငံများမှ အိုဇုန်းလွှာထိန်းသိမ်းခြင်းအပေါ် ပူးပေါင်းဆောင်ရွက်မှုမရှိပါက ၂၀၅၀ ခုနှစ်ဝန်းကျင်တွင် အိုဇုန်းလွှာပျက်စီးမှုကြောင့် ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်နိုင်ကြောင်း၊ ၂၀၆၅ ခုနှစ်တွင် ခရမ်းလွန်ရောင်ခြည်ကျရောက်မှုညွှန်းကိန်း ၃၀အထိ တိုးမြင့်လာနိုင်ကြောင်း၊ ပြင်းထန်သည့် အရေပြားကင်ဆာရောဂါ၊ မျက်စိတိမ်စွဲမှု၊ ခုခံအားကျဆင်းမှု၊ သီးနှံအထွက်နှုန်းကျဆင်းမှု၊ အဏ္ဏဝါဂေဟ စနစ်ပျက်စီးမှုနှင့် ရုပ်ဝတ္ထုပစ္စည်းများ ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်နိုင်သကဲ့သို့(UNEP)၏ အစီရင်ခံစာအရ ကမ္ဘာမြေပြင်ပေါ်သို့ ခရမ်းလွန်ရောင်ခြည်ကျရောက်မှုကြောင့် နှစ်စဉ်လူဦးရေ ၂ သန်းမှ ၃ သန်းအထိအရေပြားကင်ဆာရောဂါ ဖြစ်ပွားလျက်ရှိပြီး နှစ်စဉ်ခန့်မှန်းခြေလူဦးရေ( ၆၆၀၀၀)ခန့်သေဆုံးမှုဖြစ်ပေါ်လျက်ရှိကြောင်း၊ ကလိုရိုဖလူရိုကာဗွန် (CFC)နှင့် ဟိုက်ဒရိုကလိုရိုဖလူရို



ကာဗွန်(HCFC)အစရှိသည့် ဓာတ်ပစ္စည်းများသည် အိုဇုန်းလွှာကို ပျက်စီးစေရုံသာမက ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့လည်းဖြစ်ပါကြောင်း၊ အိုဇုန်းလွှာပျက်စီးစေသည့် ဓာတ်ပစ္စည်းများသုံးစွဲမှု လျှော့ချရပ်ဆိုင်းခြင်းသည် ရာသီဥတုပြောင်းလဲမှု လျှော့ချရာရောက်ပါကြောင်း၊ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများကို ၁၉၉၅ ခုနှစ်မှစ၍ပြုလုပ်ခဲ့ပြီး အခမ်းအနားအနေနှင့် ၂၀၀၉ ခုနှစ်ကစပြီး နှစ်စဉ်ကျင်းပနိုင်ခဲ့ပါကြောင်း၊

ဝန်ကြီးဌာနအနေနှင့်လည်း ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်၏ နည်းပညာပံ့ပိုးမှု၊ သက်ဆိုင်ရာဌာနများ၏ ပူးပေါင်းပါဝင်မှုနှင့် မြန်မာနိုင်ငံတွင် အိုဇုန်းလွှာပျက်စီးစေသော ဓာတ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်းအမိန့်ကို၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ အိုဇုန်းလွှာပျက်စီးစေသည့် ဓာတ်ပစ္စည်းများမှ အဓိကတစ်ခုဖြစ်သည့် ကလိုရိုဖလူရိုကာဗွန်(CFC) တင်သွင်းမှုကို ၂၀၀၇ ခုနှစ်ကစပြီး တင်သွင်းမှု ရပ်ဆိုင်းနိုင်ခဲ့ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေနှင့် ဟိုက်ဒရိုကလိုရိုဖလူရို ကာဗွန်များသုံးစွဲမှုကို မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်အရ ၂၀၁၃ ခုနှစ်မှစ၍ ၂၀၀၉-၂၀၁၀ ခုနှစ်ထိ ပျမ်းမျှသုံးစွဲမှုပမာဏကို အခြေခံအဖြစ်သတ်မှတ်ပြီး၊ ၂၀၁၅ ခုနှစ်တွင် အခြေခံသတ်မှတ်ချက်၏ ၁၀ ရာခိုင်နှုန်း၊ ၂၀၂၀ ခုနှစ်တွင် ၃၅ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်တွင် ၆၇. ၅ ရာခိုင်နှုန်းသို့ အဆင့်ဆင့်လျှော့ချကာ ၂၀၃၀ ပြည့်နှစ်တွင် အပြီးရပ်ဆိုင်းရန်ဖြစ်ပါကြောင်း၊ ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေသည့်အပြင် အိုဇုန်းလွှာပျက်စီးမှုဖြစ်စေသည့် (HCFC)သုံးစွဲမှု၊ ထုတ်လွှတ်မှုကို တဖြည်းဖြည်း လျှော့ချရပ်ဆိုင်းရန်အတွက် ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သည့် (Rio)နှစ် ၂၀ အလွန် ကမ္ဘာ့ထိပ်သီးညီလာခံတွင် သဘောတူညီခဲ့ကြပါကြောင်း၊

ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်(HCFC) သုံးစွဲမှုလျှော့ချရပ်ဆိုင်းနိုင်ရေး လုပ်ငန်းစီမံကိန်း(HPMP)ကို (UNEP) နှင့် (UNIDO)တို့၏နည်းပညာနှင့် ငွေကြေးအကူအညီဖြင့် ရေးဆွဲပြီးဖြစ်ပါကြောင်း၊ (HCFC)ထောက်ပံ့မှု ကန့်သတ်ခြင်း နည်းဗျူဟာ ၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် (HCFC) သုံးစွဲမှုလျှော့ချခြင်း နည်းဗျူဟာနှင့် (HCFC)အသစ်တင်သွင်းခြင်းများကို ကန့်သတ်ခြင်း နည်းဗျူဟာစသည့်နည်းလမ်း (၃)သွယ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ၂၀၁၀ ခုနှစ်တွင် တင်သွင်းခဲ့သည့် အခြေခံသတ်မှတ်ချက် (HCFC)တင်သွင်းမှုပမာဏ ၇၈ တန်ကျော်၏ ၁၀ ရာခိုင်နှုန်းကို ယခုနှစ်အတွင်း လျှော့ချနိုင်ရန်အတွက် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပြီးခွဲတမ်းများကို သတ်မှတ်ခဲ့ပါကြောင်းနှင့် (UNEP)၊ ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းများကိုလည်း ပြုလုပ်ပြီးဖြစ်သည့်အပြင် (HCFC)အစားထိုးနည်းပညာဖြင့် ဓာတ်ပစ္စည်းများသုံးစွဲရန် ရေခဲသေတ္တာနှင့် လေအေးပေးစက် ပြုပြင်ကျွမ်းကျင်သူများကို လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ အလုပ်သမားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများနှင့်လည်း ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များအတွက် ကမ္ဘာ့လေထုအတွင်း အိုဇုန်းလွှာပျက်စီးစေသည့် ဓာတ်ပစ္စည်းများ ကင်းဝေးစေရန်နှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အာမခံသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပြီး ပတ်ဝန်းကျင်ကောင်းမွန်မှုနှင့် အစဉ်တည်တံ့စေသည့် အလေ့အထကောင်းများကို ကျင့်သုံးရန်အတွက် အားလုံးပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြပါဟု ပြောကြားသွားခဲ့ပါသည်။

ဆက်လက်၍ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Mr.BanKimoon ၏သဝဏ်လွှာကို FAO မှ Mr. Franz-EugenArnol ကလည်းကောင်း၊ ကုလသမဂ္ဂ ပတ်ဝန်းကျင် အစီအစဉ်အမှုဆောင် ညွှန်ကြားရေးမှူး Mr. Achim Steiner ၏ သဝဏ်လွှာကို Myanmar Climate Change Alliance-MCCA မှ နည်းပညာအကြံပေး အရာရှိချုပ် Mr.PasqualeCapizzi မှ လည်းကောင်း အသီးသီးဖတ်ကြားခဲ့ကြပြီး အခမ်းအနားသို့ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ စုစုပေါင်းအင်အား (၂၃၀)ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

## မြန်မာနိုင်ငံတွင် ရမ်ဆာကွန်ဗင်းရှင်း အကောင်အထည်ဖော်ခြင်းဆိုင်ရာ နိုင်ငံအဆင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့(IUCN)တို့ ပူးပေါင်းကျင်းပသည့် "မြန်မာနိုင်ငံတွင် ရမ်ဆာကွန်ဗင်းရှင်း အကောင်အထည်ဖော်ခြင်းဆိုင်ရာ နိုင်ငံအဆင့် အလုပ်ရုံဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို ၇-၉-၂၀၁၅ ရက်နေ့ နံနက်(၉)နာရီတွင် နေပြည်တော် ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းမှ အမှာစကားပြောကြားရာ၌ ရေတိမ်ဒေသများသည် လူမှုအဖွဲ့အစည်းအတွက် အရေးပါသည့် ဂေဟစနစ်များဖြစ်ကြောင်း၊ မြစ်ဝှမ်းလွင်ပြင်၊ ရေအိုင်၊ ရေကန်၊ ဆည်၊ တမံ၊ သစ်ဆွေးမြေနှင့် ကမ်းရိုးတန်းဒေသများပါဝင်လျက် လူထောင်ပေါင်းများစွာ၏ နေ့စဉ်လိုအပ်ချက်အတွက် ရေ ငါး နှင့် အခြားသဘာဝ သယံဇာတအများအပြားကို ပံ့ပိုးပေးလျက်ရှိ

သောကြောင့် လူများ၏အသက်ရှင်ရပ်တည်မှုအတွက် အလွန်အရေးပါကြောင်း၊ ရေတိမ်ဒေသများသည် ရေကိုသန့်စင်ပေးပြီး လူမှုရေးနှင့် အပန်းဖြေအနားယူမှုဆိုင်ရာဝန်ဆောင်မှုအများအပြားကိုလည်း ပံ့ပိုးပေးလျက်ရှိကာ ငါးမျိုးစိတ်၊ အခြားရေချိုနှင့် အဏ္ဏဝါသက်ရှိများ ရှင်သန်ပေါက်ပွားရန် အထောက်အကူပြုပြီး ကမ်းခြေများကို လှိုင်းလေဒဏ်မှအကာအကွယ်ပေးခြင်း၊ ရေကြီး/ရေလျှံမှုကို လျော့နည်းစေခြင်း၊ အညစ်အကြေးများကို စုပ်ယူခြင်းနှင့် သဘာဝအပင်နှင့် တောရိုင်းတိရစ္ဆာန်များအတွက် ကျက်စားနယ်မြေ ပံ့ပိုးခြင်းတို့ကို ပြုလုပ်ပေးပါကြောင်း၊

၂၀၀၃ ခုနှစ်တွင် ဂျပန်တောရိုင်းငှက်အသင်း၊ Wild Bird Society of Japan နှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်းပြီး စာရင်းကောက်ယူမှုအရ မြန်မာနိုင်ငံတွင် ရေတိမ်ဒေသ(၉၉)ခုကို ဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း၊ ကာဗွန်သိုလှောင်ခြင်း၊ မိုးခေါင်မှုကိုသက်သာစေခြင်း၊ ရေကြီးမှုကို နည်းပါးစေခြင်း စသည်တို့ကြောင့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များကို လျော့နည်းရေးတို့အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ကမ္ဘာ့မြောက်ဘက်ခြမ်းမှ ရွှေ့ပြောင်းကျက်စားသည့် ငှက်မျိုးစိတ် အများအပြား၏ ခိုလှုံနေထိုင်ရာ ဒေသများဖြစ်ကြပါကြောင်း၊ အခြားကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်ရှိနေသော ရေတိမ်ဒေသများသည် အန္တရာယ်တွေနှင့်ကြုံတွေ့ရလျက်ရှိကြောင်း၊ အကျိုးဆက်အားဖြင့်ရေရှားပါးမှု၊ ရာသီဥတုပြောင်းလဲမှု၊ စိုက်ပျိုးရေး ထုတ်ကုန်ကျဆင်းမှု၊ စွမ်းအင်မလုံလောက်မှု အစရှိသော စိန်ခေါ်မှုအများအပြားနှင့် ကြုံတွေ့နေရပြီး လူသားများ၏ အသက်ရှင်ရပ်တည်မှုကို ခြိမ်းခြောက်ခံရလျက်ရှိပါကြောင်း၊ ရေတိမ်ဒေသထိန်းသိမ်းကာကွယ်မှုကို မြှင့်တင်နိုင်ရန် မြန်မာနိုင်ငံသည် ရမ်ဆာကွန်ဗင်းရှင်းကို ၂၀၀၅ ခုနှစ်၊ မတ်လတွင်ဝင်ရောက်ခဲ့ပြီး ၄င်းနှစ်တွင် မိုးယွန်းကြီးဘေးမဲ့တောကို ပထမဦးဆုံး ရေတိမ်ဒေသအဖြစ် သတ်မှတ်နိုင်ခဲ့ပါကြောင်း၊ ရေတိမ်ဒေသများကို ထိရောက်စွာထိန်းသိမ်းကာကွယ်ရန်နှင့် စဉ်ဆက်မပြတ် အသုံးပြုရန် နိုင်ငံတကာမှသဘောတူညီ ချက်များအား ၁၉၇၁ ခုနှစ်တွင် အီရန်နိုင်ငံ၊ ရမ်ဆာမြို့၌ ကွန်ဗင်းရှင်းကို စတင်လက်မှတ်ရေးထိုးခဲ့ခြင်းကို အကြောင်းပြု၍ ရမ်ဆာကွန်ဗင်းရှင်းဟုအမည်တွင်ခြင်းဖြစ်ကြောင်း၊ အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို မြန်မာနိုင်ငံ၏ ဒုတိယမြောက် ရမ်ဆာဒေသအဖြစ် အမည်စာရင်း တင်သွင်းထားပါကြောင်း၊

ယခုအလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များမှာ မြန်မာနိုင်ငံတွင် ရမ်ဆာကွန်ဗင်းရှင်းကို အကောင်အထည်ဖော်ရာမှာ ဆက်စပ်ပက်သက်နေသည့် ဝန်ကြီးဌာနများ၏ အရာထမ်းများကို လေ့ကျင့်သင်ကြားပေးရန်၊ မြန်မာနိုင်ငံတွင် ရမ်ဆာကွန်ဗင်းရှင်း အကောင်အထည်ဖော်ခြင်းအပေါ် ပေါင်းစပ်ညှိနှိုင်းမှုကို ကြီးကြပ်လမ်းညွှန်နိုင်ရန် နိုင်ငံအဆင့် ရေတိမ်ဒေသကော်မတီတစ်ခု သတ်မှတ်ဖွဲ့စည်းနိုင်ရန်နှင့် မြန်မာနိုင်ငံတွင် ရမ်ဆာကွန်ဗင်းရှင်း အကောင်အထည်ဖော်မှုနှင့် ပတ်သက်ပြီးလက်ရှိဆောင်ရွက်နေမှုကို တင်ပြရန်နှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဖော်ထုတ်ရန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတုမျှတရေးနှင့် သဘာဝဘေးအန္တရာယ် လျော့နည်းရေးတို့အတွက် အလွန်အရေးပါသည့် ရေတိမ်ဒေသများကို ထိရောက်အောင်မြင်စွာ ထိန်းသိမ်းရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်းခံယူပြီး ဆွေးနွေးပွဲဦးတည်ချက်၊ ရည်မှန်းချက်နှင့် မျှော်မှန်းရလဒ်များ ပေါက်မြောက်အောင်မြင်ရန် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဆွေးနွေးဖြည့်ဆည်းပေးကြပါဟု တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဆွစ်ဇာလန်သံရုံးမှ Charged' Affaires and Head of cooperation ဖြစ်သူ Mr.Peter Tschumi မှ နှုတ်ခွန်းဆက်အမှာစကားပြောကြား၍ SDC ၏ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများအား အနှစ်ချုပ်ရှင်းလင်းတင်ပြခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ရမ်ဆာကွန်ဗင်းရှင်းဆိုင်ရာ အကောင်အထည်ဖော်ခြင်းနှင့် မုတ္တမပင်လယ်ကွေ့ဒေသ Ramsar Site အသစ်များသတ်မှတ်နိုင်ရေးတို့နှင့် ပတ်သက်သူများအကြား ဆွေးနွေးအကြံပြုနိုင်ရန် ယခုအလုပ်ရုံဆွေးနွေးပွဲကို (၂)ရက်ကြာကျင်းပခဲ့ကြောင်း သိရှိရပါသည်။



**ရမ်ဆာကွန်ဗင်းရှင်း အကောင်အထည်ဖော်ခြင်းဆိုင်ရာ နိုင်ငံအဆင့် အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနား တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။**

## Agroforestry; Alternative to Shifting Cultivation in the upland of Myanmar

### စီမံကိန်းအလုပ်ရုံဆွေးနွေးပွဲအခမ်းအနား



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် World Agroforestry Centre-East and Central Asia Regional office တို့ပူးပေါင်း၍ Agroforestry; Alternative to Shifting Cultivation in the upland of Myanmar စီမံကိန်းအလုပ်ရုံ ဆွေးနွေးပွဲအခမ်းအနားကို (၈-၉-၂၀၁၅)ရက်နေ့၊ နံနက်(၉း၃၀)နာရီတွင် နေပြည်တော် မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ် သစ်တောသတ္တုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်၊ World Agroforestry Centre - East and Central Asia Regional office မှကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးက ယခု Agroforestry ဟုခေါ်သည့် တောင်ယာစနစ်သည် နှစ်ပေါင်း၁၅၀ ရှိပြီဖြစ်သော်လည်း ကမ္ဘာ့အပူပိုင်းဒေသများတွင် ဆက်လက်ရှင်သန်နေဆဲဖြစ်ကာ ကမ္ဘာ့အဆင့်သီးနှံ သစ်တောရောနှောစိုက်ပျိုးရေးဗဟိုဌာနတစ်ခုကို ပင်ဖွင့်လှစ်ထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခုစနစ်သည် မြေနေရာတစ်ခုထဲမှ တစ်ခုထက်မကသော ထွက်ကုန်များ၊ သီးနှံ၊ ဆေးဖက်ဝင် အပင်၊ လောင်စာစသည်တို့ကို ပေးစွမ်းနိုင်စွမ်းရှိပါကြောင်း၊ Agroforesty စနစ်သည် သဘာဝသစ်တော၏ ဂေဟာစနစ်ကဲ့သို့ ရွက်အုပ်အလွှာအမျိုးမျိုးနှင့် အပင်မျိုးစုံပါဝင်ပြီး ရေမြေမပျက်စီးစေဘဲ သီးနှံနှင့်အခြားသစ်တောထွက်ပစ္စည်းများ ရေရှည်ထွက်ရှိနိုင်သည့် စနစ်တစ်ခုဖြစ်ပါကြောင်း၊ သဘာဝဂေဟာစနစ် မပျက်စီးစေသောကြောင့် ရာသီဥတုပြောင်းလဲခြင်း ဆိုးကျိုးဒဏ်များမှ ပြန်လည်နလံထူစေနိုင်သည့် စနစ်လည်းဖြစ်ပါကြောင်း၊ သစ်တောသစ်ပင်များသည် Agroforestry စနစ် ဝန်ဆောင်မှုကဏ္ဍတွင် ပါဝင်နေသည့်အတွက် ရေမြေ ထိန်းသိမ်းပေးကာ သီးနှံအမျိုးမျိုးကို ကာလအမျိုးမျိုးအလိုက် ထွက်ရှိစေသောကြောင့် မိမိတို့နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရန် အထောက်အကူပြုသည့် စနစ်လည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းတောင်ယာပေါများသည့် တောင်တန်းဒေသများတွင် သီးနှံသစ်တောရောနှော စိုက်ပျိုးသည့်စနစ်ကို အစားထိုးဖို့လိုအပ်လာပြီဖြစ်ပါကြောင်း၊ သစ်တောစီမံအုပ်ချုပ်ရာတွင် ပြည်သူများပါဝင်လာစေရန်နှင့် ပြည်သူလူထုအား သစ်တောနှင့်ပတ်သက်သည့် အသိပညာများ မြှင့်တင်ပေးရန်ဟူသည့် မူဝါဒများကို အကောင်အထည်ဖော်ရာ ရောက်မည်ဖြစ်ပါကြောင်းနှင့် လက်တွေ့ဆောင်ရွက်ကြမည့် အဖွဲ့အစည်းများကို စီမံကိန်းပါ ရည်ရွယ်ချက်များနှင့် ပြည့်မြောက်အောင် ဆောင်ရွက်ကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့ပါသည်။

ယခုစီမံကိန်းကို သစ်တောတက္ကသိုလ်နှင့် ကမ္ဘာ့သီးနှံသစ်တောရောနှောစိုက်ပျိုးရေး ဗဟိုဌာနအရှေ့နှင့် အလယ်အာရှဒေသရုံး World Agroforestry Centre - East and Central Asia Regional office တို့ပူးပေါင်း၍ရေးဆွဲခဲ့ကြပြီး၊ LIFT (Livelihood and Food Security Trust Fund)နှင့် World Agroforestry Centre တို့မှ ငွေကြေးနှင့် နည်းပညာပံ့ပိုးကူညီခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ရွှေ့ပြောင်းတောင်ယာပေါများသည့် တောင်တန်းဒေသများတွင် သီးနှံသစ်တောရောနှောစိုက်ပျိုးသည့်စနစ်သို့ ပြောင်းလဲရန်နှင့် ယာသမားများအား စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် သီးနှံသစ်တောရောနှောစိုက်ခင်းများ ပိုမိုထူထောင်လာနိုင်မည်ဖြစ်ပြီး ရေရှည်တွင် နိုင်ငံ၏ရေ ၊မြေ ၊တော၊ တောင်တို့ကိုမပျက်စီးစေဘဲ ဒေသခံများ စားဝတ်နေရေး ဖူလုံနိုင်စေမည်ဖြစ်ကြောင်းသိရှိရပါသည်။

# မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သစ်ကုန်သွယ်မှုနှင့် ပတ်သက်သော ဆက်စပ်ပတ်သက်သူများ ညှိနှိုင်းဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကျင်းပခြင်း




မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သစ်ကုန်သွယ်မှုနှင့် ပတ်သက်သော ဆက်စပ်ပတ်သက်သူများ ညှိနှိုင်းဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို နေပြည်တော် Grand Amara ဟိုတယ်၌ (၂၄-၉-၂၀၁၅)ရက်နေ့ နံနက်(၉)နာရီအချိန်တွင် ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်း တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးမှ အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသတွင် ဖြစ်ပေါ်နေသော တရားမဝင်သစ်ကုန်သွယ်မှုများသည် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ပုံရိပ်ကိုထိခိုက်စေပါကြောင်း၊ တရားမဝင်သစ်ထုတ်လုပ်မှုကြောင့် သစ်တောများ ပျက်စီးပြုန်းတီးခြင်းနှင့်အတူ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်ကွယ်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းစသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာ ဆိုးကျိုးများသက်ရောက်စေပါကြောင်း၊ ထို့ကြောင့် တရားမဝင်သစ်ထုတ်လုပ်မှုပြဿနာများကို နှစ်နိုင်ငံအစိုးရများအနေဖြင့် ထိရောက်စွာဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး တရားဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

အစိုးရသစ်လက်ထက်တွင် တရားမဝင်သစ်တားဆီးရေးနှင့်ပတ်သက်၍ ၂၀၁၁ ခုနှစ်မှစပြီး ယနေ့အချိန်ထိနယ်စပ်ဒေသတစ်လျှောက်တွင် တရားမဝင်သစ်တန်(၅)သောင်းကျော် ဖမ်းဆီးရမိခဲ့ပြီးအထူးသဖြင့် တရုတ်နိုင်ငံနယ်စပ်တစ်လျှောက်တွင် ဖြစ်ပွားမှုများပြားခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလဆန်းတွင် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်သစ်တောများအတွင်း တရားမဝင် ဝင်ရောက်ခုတ်လှဲစုပုံထားသော သစ်တန်(၄၅၀၀)ကျော်နှင့် တရုတ်နိုင်ငံဘက်သို့ သယ်ဆောင်သွားရန် သစ်လုံးများတင်ဆောင်ထားသည့် ယာဉ် (၅၇၅)စီး၊ မော်တော်ဆိုင်ကယ်(၉)စီးနှင့် တရားမဝင်သစ်ခိုးထုတ်သူ မြန်မာ/တရုတ်နိုင်ငံသားများကို ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့ပါကြောင်း၊ နယ်စပ်ဒေသ တရားမဝင် သစ်ကုန်သွယ်မှုအား ထိရောက်အောင်မြင်စွာ ကာကွယ်တားဆီးရန် နှစ်နိုင်ငံအစိုးရဌာနများ အပါအဝင် နယ်စပ်ဒေသတွင်ရှိသော အကျိုးဆက်စပ်ပတ်သက်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ဖြေရှင်းနိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံပုံရိပ်မှာ ကမ္ဘာ့အလယ်တွင် ပြန်လည်ကောင်းမွန်လာမှာဖြစ်ပါကြောင်း၊ နယ်စပ်ဒေသ တရားမဝင်သစ်ကုန်သွယ်မှု တိုက်ဖျက်နိုင်ရေးအတွက် ဖမ်းဆီးအရေးယူမှုများပြုလုပ်သကဲ့သို့ နှစ်နိုင်ငံ သစ်တောကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအကြား ဆွေးနွေးညှိနှိုင်းမှုများကို တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအတွင်း အစည်းအဝေးများကျင်းပပြီး ဆွေးနွေးအဖြေရှာခဲ့ပါကြောင်း၊ ဆွေးနွေးပွဲရလဒ်များအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသ တရားမဝင်သစ်ကုန်သွယ်မှုနှင့်ပတ်သက်ပြီး ကန့်သတ်ချုပ်ချယ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ကြေညာခဲ့သည်ကိုလည်း သိရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရားမဝင်သစ်ကုန်သွယ်မှုတားဆီးရန်၊ သစ်တောစီမံအုပ်ချုပ်မှု တိုးတက်ကောင်းမွန်ရန်နှင့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသို့ သစ်များတရားဝင် တင်ပို့ရောင်းချနိုင်ရန်အတွက် သစ်တောဥပဒေစိုးမိုးမှု၊ စီမံအုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဆန္ဒအလျောက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် (EU FLEGT VPA)လုပ်ငန်းစဉ်ကို ၂၀၁၃ ခုနှစ်မှစတင်၍ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊

ဥရောပသမဂ္ဂနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြားနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တစ်ခုချမှတ်ပြီး နှစ်နိုင်ငံသစ်ကုန်သွယ်မှုအား လေ့လာမှုဆောင်ရွက်ရန်သဘောတူခဲ့ပါကြောင်း၊ သဘောတူညီချက်အရ သစ်ကုန်သွယ်မှုနှင့်သက်ဆိုင်သည့်လေ့လာမှုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၊ Southwest Forestry University မှ ဦးဆောင်ပြီး တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံမှ ပညာရှင်များပူးပေါင်းကာ သစ်ကုန်သွယ်မှုနှင့် ပတ်သက်သည့် အထောက်အထားများအား လေ့လာဆန်းစစ်ခြင်း၊ ဆက်စပ်ပတ်သက်သူများအား တွေ့ဆုံဆွေးနွေးခြင်းနှင့် လက်တွေ့ကွင်းဆင်းလေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အဓိကပြဿနာနှင့် စိန်ခေါ်မှုများကို ရှုထောင့်အမျိုးမျိုးမှ လေ့လာသုံးသပ်ပြီး ၂၀၁၅ ခုနှစ်၊ ဧပြီလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့တွင် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပပြုလုပ်ဆွေးနွေးခဲ့ပါကြောင်း၊

အဆိုပါဆွေးနွေးပွဲမှ နယ်စပ်ဒေသ သစ်ကုန်သွယ်မှုဆိုင်ရာ နှစ်နိုင်ငံအကြားဆွေးနွေးပွဲတစ်ခုကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွင်းကျင်းပရန် သဘောတူခဲ့သည့်အတွက် ယနေ့ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Southwest Forestry University မှ သစ်ကုန်သွယ်ရေး မြန်မာ-တရုတ် ပူးတွဲလေ့လာမှုရလဒ်များကို ပြန်လည်မျှဝေရန်၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား သစ်ကုန်သွယ်မှုအတွေ့အကြုံနှင့် အသိအမြင်များဖလှယ်ရန်နှင့် နယ်စပ်ဒေသတရားမဝင် သစ်ကုန်သွယ်မှု၏ အခြေခံပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် လက်ရှိကြိုးပမ်းဆောင်ရွက်မှုများ၊ ပြဿနာနှင့်စိန်ခေါ်မှုများ၊ ဖြေရှင်းနိုင်သည့် အချက်များအား ဖော်ထုတ်နိုင်ရန်အတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် လူမှုအဖွဲ့အစည်းအသီးသီးမှ အကျိုးဆက်စပ် ပတ်သက်သူများမှ ပါဝင်ညှိနှိုင်းဆွေးနွေးရန်ဖြစ်ပါကြောင်း၊ ပြောကြားခဲ့ပါသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်နယ်သစ်တောစီမံအုပ်ချုပ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.FuGui နှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် Mr. George Dura တို့မှ အသီးသီးအမှာစကားပြောကြားခဲ့ကြောင်း သိရှိရပါသည်။

## နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်(NBSAP)(၂၀၁၅-၂၀၂၀)(နောက်ဆုံးမူကြမ်း)အပေါ် အကြံပြုသုံးသပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ




ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့်အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့(IUCN)တို့ ပူးပေါင်းကျင်းပသည့် "နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (NBSAP) (၂၀၁၅-၂၀၂၀) (နောက်ဆုံးမူကြမ်း)အပေါ် အကြံပြုသုံးသပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို (၉-၉-၂၀၁၅)ရက်နေ့၊ နံနက်(၉)နာရီတွင် နေပြည်တော်၊ The Lake Garden ဟိုတယ်၌ ကျင်းပခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် တက်ရောက်၍ အဖွင့်အမှာ စကားပြောကြားခဲ့ပါသည်။

ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် မှ အမှာစကားပြောကြားရာတွင် ဇီဝမျိုးစုံမျိုးကွဲများသည် လူသားများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျသည့် ဂေဟစနစ်ဝန်ဆောင်မှုများကို ထောက်ပံ့ပေးလျက်ရှိနေပါကြောင်း၊ နိုင်ငံအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝအရင်းအမြစ်များအား ရာစုနှစ်နှင့်ချီ၍ စနစ်တကျထုတ်ယူသုံးစွဲနိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူနိုင်ခဲ့ပါကြောင်း၊ သို့သော်လည်း စနစ်တကျ စီမံခန့်ခွဲမှုမရှိခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပေါင်းစပ်ညှိနှိုင်းမှုအားနည်းခဲ့သည့် စီမံကိန်းများ၊ ရေရှည်မတည်တံ့နိုင်သည့် မြေအသုံးချမှုများစသည်တို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးလာခဲ့ပါကြောင်း၊ အကျိုးဆက်အားဖြင့် ရာသီဥတုပြောင်းလဲမှု၊ သောက်သုံးရေရှားပါးမှု၊ စိုက်ပျိုးထုတ်ကုန်ကျဆင်းမှု စသည့်စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့လာရပါကြောင်း၊ ၂၀၁၁ခုနှစ်တွင် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (National Biodiversity Strategy and Action Plan-NBSAP)ကိုရေးဆွဲခဲ့ပြီး ၂၀၁၂ ခုနှစ်၊ မေလ(၃)ရက်နေ့တွင် NBSAP ကိုအတည်ပြုခဲ့ပါကြောင်း၊ NBSAP ကို လိုက်နာအကောင်အထည်ဖော်ခြင်းကြောင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းကာကွယ်ရေးတွင် တိုးတက်အောင်မြင်မှုအချို့ကိုရရှိပြီးဖြစ်ပါကြောင်း၊

သို့သော်လည်း လူဦးရေတိုးပွားလာမှု၊ ကုန်သွယ်မှုနှင့် အစားအစာထုတ်လုပ်မှုအတွက် သဘာဝသယံဇာတလိုအပ်ချက် မြင့်မားလာမှုနှင့် သုံးစွဲခြင်းမြင့်မားလာမှု၊ နိုင်ငံတကာမှ မြန်မာနိုင်ငံကို လက်ခံယုံကြည်လာခြင်းနှင့်အတူ စက်မှုလုပ်ငန်းများ အလျင်အမြန်ဖွံ့ဖြိုးလာမှုနှင့် စွမ်းအင်သုံးစွဲခြင်း မြင့်မားလာမှုများကြောင့် NBSAP (၂၀၁၁)ကို ပြန်လည်ပြင်ဆင်ရေးဆွဲရန် လိုအပ်လာပါကြောင်း၊ ဆက်စပ်ဌာနအဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ပါဝင်မှု၊ အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့ IUCN မှ ပညာရှင်များ၏ အကြံပြုမှုများနှင့် NBSAP(၂၀၁၁) ကို (၂၀၁၄) ခုနှစ်၊ နိုဝင်ဘာလ မှ စတင်၍ NBSAP(၂၀၁၅-၂၀၂၀)အဖြစ် ပြင်ဆင်မွမ်းမံရေး ဆွဲခဲ့ရာ ယခုအချိန်တွင် နောက်ဆုံးမူကြမ်းအဆင့်အထိရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ပြင်ဆင်ရေးဆွဲထားသည့် NBSAP(၂၀၁၅-၂၀၂၀)သည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊

လူမှုရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုအရ ပေါ်ထွက်လာသည့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ စိန်ခေါ်မှုအသစ်များကို ဖြေရှင်းရာတွင် အခွင့်အလမ်းအသစ်များကို အသုံးချရာမှာ မဟာဗျူဟာမူဘောင်တစ်ခုအဖြစ် အထောက်အကူပြုရန်နှင့် CBD ၏ ၂၀၁၁-၂၀၂၀ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာစီမံချက် (Strategic Plan for Biodiversity ၂၀၁၁-၂၀၂၀)၊ အာအိချိဇီဝမျိုးစုံမျိုးကွဲ ရည်မှန်းချက်(Aichi Biodiversity Targets)များနှင့် ကိုက်ညီစေရန် ရေးဆွဲထားခြင်း ဖြစ်ကြောင်း၊

NBSAP(၂၀၁၅-၂၀၂၀)ကို နိုင်ငံအတွင်းရှိ အရင်းအမြစ်များ၊ ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ဆောင်ရွက်ရန် ချမှတ်ထားသည့်လုပ်ငန်းများ၊ ရရှိနိုင်သည့် ပြည်တွင်း/ပြည်ပအထောက်အပံ့များအပေါ် အခြေခံပြီးလာမည့် (၅)နှစ်တာကာလ၊ ၂၀၂၀ ခုနှစ်အတွင်းတွင် အောင်မြင်နိုင်မည့် လက်တွေ့ကျသည့် နိုင်ငံအဆင့်ရည်မှန်းချက်များ၊ လုပ်ငန်းများကို ဆက်စပ်ဌာန အဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပမှ အဖွဲ့အစည်းများ၏ အကြံပြုမှုနှင့် ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊

NBSAP(၂၀၁၅-၂၀၂၀) ရေးဆွဲပြီးနောက် လက်တွေ့အကောင်အထည်ဖော်ရေးကို အထောက်အကူပြုနိုင်ရန် အမျိုးသားဇီဝမျိုးစုံမျိုးကွဲကော်မတီ (National Biodiversity Committee) တစ်ရပ်ဖွဲ့စည်းနိုင်ရန်နှင့် NBSAP အကောင်အထည်ဖော်ရေး အထောက်အကူပြုနိုင်ရန် "စွမ်းဆောင်ရည် မြှင့်တင်ရေးစီမံချက်"၊ "နည်းပညာလိုအပ်မှုဆန်းစစ်ချက်"၊ "ဆက်သွယ်ဆောင်ရွက်မှုနည်းလမ်း"နှင့် "အရင်းအမြစ်များစုစည်းခြင်း"စသည့် နောက်ဆက်တွဲ စာတမ်းများကို ပြုစုရေးဆွဲသွားရန်ရှိပါကြောင်း၊ ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာသည့် ကိုယ်စားလှယ်များအနေဖြင့် NBSAP (၂၀၁၅-၂၀၂၀) နောက်ဆုံးမူကြမ်းကို အတည်ပြုနိုင်ရေး အကြံပြုဆွေးနွေးရာမှာ မိမိတို့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံများကိုအသုံးပြုပြီး ဝိုင်းဝန်းဆွေးနွေးပေးကြပါဟု ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

## ဦးစီးအရာရှိများ စွမ်းဆောင်ရည်မြင့်မားရေးမွမ်းမံသင်တန်းအမှတ်စဉ်(၇) ဖွင့်ပွဲအခမ်းအနားကျင်းပ





ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဦးစီးအရာရှိများ စွမ်းဆောင်ရည်မြင့်မားရေးမွမ်းမံသင်တန်းအမှတ်စဉ်(၇) ဖွင့်ပွဲအခမ်းအနားကို (၁၄.၉.၂၀၁၅)ရက်နေ့၊ နံနက်(၈)နာရီတွင် သစ်တောသုတေသနဌာန၊ စုဝေးခန်းမ(ရေဆင်း)၌ကျင်းပခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်မှ အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ဦးစီးအရာရှိစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းသည် သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနတို့မှ မြို့နယ်တာဝန်ခံဦးစီးအရာရှိများမှ သက်ဆိုင်ရာဌာန၏ လုပ်ငန်းရည်မှန်းချက်များကို ဆောင်ရွက်ကြရာတွင် ပြောင်းလဲနေသည့် အုပ်ချုပ်ရေးစနစ်၊ နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်မျှော်မှန်းချက်များကိုဖြည့်ဆည်းနိုင်ရန် ပြင်ဆင်သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ မိမိတာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကို အရည်အသွေး ပြည့်မီစွာ ဦးဆောင်ဦးရွက်ပြုသွားနိုင်သည့် စွမ်းဆောင်ရည်များ မြင့်မားလာစေရန်ရည် ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ယခုသင်တန်းသည် (၇)ကြိမ်မြောက်သင်တန်းဖြစ်ပါကြောင်း၊ သစ်တောဦးစီးဌာနသည် ပြဋ္ဌာန်းသတ်မှတ်ထားသည့်ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ရေတို/ရေရှည်စီမံကိန်းများရေးဆွဲ၍ နိုင်ငံအတွင်းတည်ရှိနေသည့် သစ်တောသယံဇာတများကို စဉ်ဆက်မပြတ်သုံးစွဲနိုင်စေရန် ရည်ရွယ်ပြီး ၁၈၅၆ ခုနှစ်မှစတင်၍ စီမံအုပ်ချုပ်လုပ်ကိုင်လာခဲ့သည့်

အစဉ်အလာမှာ နှစ်ပေါင်းရာချီရှိခဲ့ပြီဖြစ်ပါကြောင်း၊ လူဦးရေတိုးပွားလာခြင်း၊ စိုက်ပျိုးမြေချဲ့ထွင်လာခြင်း၊ ဆောက်လုပ်ရေးနှင့် အိမ်သုံးပရိဘောဂအတွက် သစ်သုံးစွဲမှုမြင့်တက်လာခြင်းများကြောင့် သစ်တောများသည် အတန်းအစားနိမ့်ကျပြီး၊ တောထွက်များလျော့ကျလာသည့် အခြေအနေနှင့် ရင်ဆိုင်နေရပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် သစ်တောများထိန်းသိမ်းရေးနှင့် သစ်တောများဖွံ့ဖြိုးတိုးတက်ရေးကို မြေပြင်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေကြရသည့် မြို့နယ်တာဝန်ခံ ဦးစီးအရာရှိများအနေနှင့် မိမိအဖွဲ့အစည်း၏တာဝန်များနှင့် ဝန်ထမ်းတစ်ဦးချင်း၏ ကိုယ်စီတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြမှသာ သစ်တောကဏ္ဍဆိုင်ရာ မူဝါဒ၊ ရည်မှန်းချက်နှင့် အစီအမံများအတိုင်း အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိအဖွဲ့အစည်း၏တာဝန်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် ကျွမ်းကျင်မှု၊ ဗဟုသုတများ ပြည့်စုံစေရန်အတွက် ယခုကဲ့သို့ စွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းများကို ဖွင့်လှစ်ပို့ချရခြင်းဖြစ်ပါကြောင်း၊ သင်တန်းတွင် စာတွေ့၊ လက်တွေ့၊ ကွင်းဆင်းလေ့လာခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေးနှင့် အခြေခံစစ်ရေးပြများလည်း ပါဝင်ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ မိမိတာဝန်ကျရာဌာနများတွင် တာဝန်ထမ်းဆောင်ရာ၌ အမှားအယွင်းမရှိဘဲ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်သည့် စွမ်းဆောင်ရည်များရရှိလာနိုင်ရန်နှင့်မတူခြားနားသည့် ကောင်းမွန်အကျိုးရှိသော အတွေ့အကြုံများကို အပြန်အလှန်ဖလှယ်ကြရင်း ဗဟုသုတများ ပြည့်ဝလာစေရန်ရည်ရွယ်၍ ကြိုးစားလေ့လာသင်ယူကြစေလိုပါကြောင်း၊ သင်တန်းသားများအနေဖြင့် ချမှတ်ထားသည့် စည်းကမ်းများအတိုင်း၊ လိုက်နာကျင့်ကြံကြရမှာဖြစ်ပြီး ဘာသာရပ်တိုင်းတွင် သင်ယူတတ်မြောက်မှုကို ဆန်းစစ်၍ သင်တန်းသားတစ်ဦးချင်းစီ၏ စွမ်းဆောင်မှုများကို မှတ်တမ်းတင်ထားရှိမှာဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတို့ဌာနအကျိုး၊ နိုင်ငံအကျိုးကို စွမ်းဆောင်ရည်မြှင့်မားစွာနှင့် ကောင်းစွာသယ်ပိုးနိုင်သည့် ဝန်ထမ်းကောင်းများဖြစ်လာစေရန် ကြိုးစားလေ့ကျင့် သင်ယူသွားကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

သင်တန်းကာလမှာ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်နေ့မှ (၂၅)ရက်နေ့အထိဖြစ်ပြီး သစ်တောဦးစီးဌာနမှ(၂၅)ဦး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ(၃)ဦးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ(၂)ဦး စုစုပေါင်း မြို့နယ်တာဝန်ခံဦးစီးအရာရှိ သင်တန်းသား(၃၀) ဦးတက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းမြို့၌ကျင်းပပြုလုပ်သည့် ဇီဝအရင်းအမြစ်ဆိုင်ရာသုတေသနလုပ်ငန်းများ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုပြပွဲနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့တက်ရောက်**



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် သည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှ ၂၅ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံ ၊အင်ချွန်းမြို့၊အမျိုးသားဇီဝအရင်းအမြစ်များဆိုင်ရာ သိပ္ပံဌာန National Institute of Biological Resources ၌ ကျင်းပပြုလုပ်သည့် ဇီဝအရင်းအမြစ်ဆိုင်ရာ သုတေသနလုပ်ငန်းများ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုပြပွဲ Special Exhibition on Biological Resources နှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြောင်းသိရှိရပါသည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း စက်တင်ဘာလ

၂၁ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းမြို့ရှိ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန၏ အမျိုးသားဇီဝအရင်း အမြစ်များဆိုင်ရာ သိပ္ပံဌာန National Institute of Biological Resources (NIBR)၌ ကျင်းပပြုလုပ်သည့် ဇီဝအရင်းအမြစ်ဆိုင်ရာ သုတေသနလုပ်ငန်းများ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုပြပွဲနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အခမ်း အနားသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲအခမ်းအနားသို့ ကိုရီးယားသမ္မတနိုင်ငံ၊ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကိုရီးယား နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ကိုရီးယားနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံသစ်တော စီမံအုပ်ချုပ်ရေးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားဇီဝ အရင်းအမြစ်များဆိုင်ရာ သိပ္ပံဌာန National Institute of Biological Resources(NIBR)ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ် များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက် ရောက်ခဲ့ကြောင်းသိရှိရပါသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာ၌ မြန်မာ နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ဇီဝမျိုးစုံမျိုးကွဲ များထိန်းသိမ်းရေး၊ သုတေသန လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဇီဝအရင်းအမြစ် များမှတဆင့် စက်မှုထုတ်ကုန်များ တိုးတက် ထုတ်လုပ်ခြင်းကို ရေရှည်တည်တံ့စေမည့် နည်းလမ်းများ စနစ်တကျ ဖော်ဆောင်လေ့ လာရေး စီမံကိန်းလုပ်ငန်းများအဖြစ် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းစီမံကိန်း လုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ သဘောတူညီချက်ဖြင့် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပြီး ၂၀၁၁ ခုနှစ်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ပူးပေါင်း ဆောင်ရွက်မှု လုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံရှိ သဘာဝနယ်မြေများအတွင်း ဇီဝမျိုးစုံမျိုးကွဲ များ ရေရှည်တည်တံ့စေရေးအတွက် သုတေသနကွင်းဆင်းလေ့ လာရေးလုပ်ငန်းများအား အဓိကထားဆောင်ရွက်လျက်ရှိ ကြောင်း၊ သဘာဝအပင်နှင့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ ၏ DNA များကို သုတေသနစမ်းသပ်၍ တိကျမှုအတွက် ဖော်ထုတ်စစ်ဆေးခြင်း၊ သဘာဝအပင်များမှ ဓာတုဒြပ်ပေါင်း များပါဝင်မှုကို ဓာတ်ခွဲစမ်းသပ်၍ လူသားများအတွက် အသုံး ဝင်မှုဆိုင်ရာများ သိပ္ပံနည်းကျ သုတေသနပြုလေ့လာမှုများ နှင့် တွေ့ရှိချက်များအပေါ်တွင် မူပိုင်ခွင့်၊ အသုံးချနိုင်မည့် အကျိုးရလဒ်များ ပြန်လည်မျှဝေခြင်းတို့ကို စနစ်တကျပူး ပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောဦးစီးဌာနဝန် ထမ်းများ စွမ်းဆောင်ရည်မြင့်မားလာစေရေးနှင့် သိပ္ပံသုတေ သနလုပ်ငန်းများ၊ ကွင်းဆင်းလေ့လာရေးလုပ်ငန်းများ အတွက် လည်း Seoul National University နှင့် NIBR တို့၌ ဘွဲ့လွန်သင်တန်းများ၊ လက်တွေ့လုပ်ငန်းခွင်သင်တန်းများတက် ရောက်စေခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ နှင့် ကိုရီးယားနိုင်ငံတို့အကြား နှစ်ပေါင်းများစွာကပင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကောင်းများ ထူထောင်ထား ရှိပြီးဖြစ်၍ ယခုကဲ့သို့ ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ သုတေသန လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့စေရန် ထိန်း သိမ်းနိုင်မည့်နည်းလမ်းများ လွှဲပြောင်းပေးအပ်ခြင်းများအတွက် နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနကိုယ်စား ကျေးဇူးတင်စကား ပြောကြားလိုကြောင်းနှင့် ဆက်လက်၍ နိုင်ငံတော်ဘဏ္ဍာငွေ တိုးတက်ရရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက် ရရှိစေရေး၊ နည်းပညာများ တိုးတက်လွှဲပြောင်းရရှိရေးတို့ အတွက် ဇီဝအရင်းအမြစ်များမှတစ်ဆင့် ဇီဝစက်မှုထုတ်ကုန် Bio-industry လုပ်ငန်းများ တိုးတက်ပူးပေါင်းဆောင်ရွက် ရေးတို့အတွက်ပါ ဆောင်ရွက်သွားရန်ရှိပါကြောင်းတို့ကို ပြော ကြားခဲ့ကြောင်းသိရှိရပါသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကိုရီးယားသမ္မတ နိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သံအမတ် ကြီးများ၊ သံမှူးများ၊ ဧည့်သည်တော်များနှင့်အတူ ပြခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ပြခန်းအတွင်း မြန်မာနိုင်ငံပြခန်း အပါအဝင် နိုင်ငံအလိုက် ခင်းကျင်းပြသထားသည့် ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ ပူးပေါင်းသုတေသန လေ့လာတွေ့ရှိမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရပါသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကိုရီးယားသမ္မတ နိုင်ငံ၊ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနအောက်ရှိ NIBR မှ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့တွင် ဇီဝအရင်းအမြစ်များ

ဆိုင်ရာ သိပ္ပံသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ တိုးတက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာကိစ္စများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရှိရပါသည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း ကိုရီးယားသမ္မတနိုင်ငံရှိ ဇီဝအရင်းအမြစ်များမှ စက်မှုကုန်ကြမ်းဆေးဝါးများ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ သိပ္ပံနည်းကျ သုတေသနပြုလုပ်ခြင်း၊ နိုင်ငံတကာဈေးကွက်သို့ ထုတ်လုပ်တင်ပို့နေခြင်းများ ဆောင်ရွက်နေသည့် Dong-A Socio Group ၏ Dong-A Science and Technology သိပ္ပံနှင့် သုတေသနဖွံ့ဖြိုးရေးဌာနသို့လည်းကောင်း၊ Dong-A Pharmaceutical ဆေးဝါးစက်ရုံ၌ Bucchas အားဖြည့်အချိုရည် ထုတ်လုပ်မှုအားလည်းကောင်း၊ SK Group of Companies ၏ဆေးဝါးနှင့် အလှကုန်ပစ္စည်းများထုတ်လုပ်သည့် Bioland ကုမ္ပဏီနှင့် စက်ရုံတို့သို့လည်းကောင်း သွားရောက်လေ့လာခြင်းနှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများဆောင်ရွက်ရေး၊ နည်းပညာပူးပေါင်းဖလှယ်ရေး ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၂၃ရက်နေ့၌ ဆိုချောင်းမြို့ရှိ အမျိုးသားဂေဟဗေဒဆိုင်ရာ သုတေသနဌာန National Institute of Ecology (NIE)သို့သွားရောက်ခဲ့ပြီး ဂေဟဗေဒဆိုင်ရာ သုတေသနလုပ်ငန်းများ၊ တိုးချဲ့ပညာပေးရေး လုပ်ငန်းများနှင့် ဂေဟစနစ်အလိုက် ထိန်းသိမ်းရေးဆောင် ရွက်နေမှုလုပ်ငန်းများအား လေ့လာခြင်း၊ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် အား** The World Bank **မစ်ရှင်အဖွဲ့မှ လာရောက်တွေ့ဆုံဆွေးနွေး**



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် အား Ms. Henrike Brecht၊ Senior Infrastructure Specialist နှင့် Mr. Armando Guzma၊ Senior Disaster Risk Management Specialist (TTLs) တို့ဦးဆောင်သည့် The World Bank မစ်ရှင်အဖွဲ့မှ ၇-၉-၂၀၁၅ ရက်နေ့ မွန်းလွဲ (၄)နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌လာရောက် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် Disaster Risks Management Project အဆိုပြုလွှာနှင့် ပတ်သက်၍ ဧကြီးမှုကြောင့်ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာနိုင်မှုများ လျှော့ချနိုင်ရေးအတွက် ဦးစားပေးဧရိယာ၊ ရင်းနှီးမြှုပ်နှံမှု နယ်ပယ်၊ ဆောင်ရွက်မည့်အဖွဲ့အစည်းတို့နှင့် ပတ်သက်၍ ဆွေးနွေးကြပါသည်။

ဆက်လက်၍ သစ်တောပြုန်းတီးမှုမှ တားဆီးကာကွယ်နိုင်ရန်အတွက် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ရေဝေရေလဲဒေသထိန်းသိမ်းခြင်း၊ ဒီရေတောထိန်းသိမ်းကာကွယ်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးဆိုင်ရာ REDD+ လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေဖြစ်စေမည့် လုပ်ငန်းစဉ်များ စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် ရောင်းဝယ်ရေးဖက်စပ်လုပ်ငန်းစဉ်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ** (Memorandum of Cooperation) **လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ**

ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် ရောင်းဝယ်ရေး ဖက်စပ်လုပ်ငန်းစဉ် (Joint Crediting Mechanism-JCM) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (Memorandum of Cooperation-MoC) အား မြန်မာနိုင်ငံကိုယ်စား၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် နှင့် ဂျပန်နိုင်ငံကိုယ်စား Mr. Tateshi HIGUCHI တို့မှ လက်မှတ်ရေးထိုးသည့် အခမ်းအနားကို

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ နေ့လယ်(၁) နာရီအချိန်တွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ ကျင်းပပြုလုပ်သည်။



အဆိုပါ လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံအမတ်ကြီး Tateshi HIGUCHI တို့မှ ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (Memorandum of Cooperation)အား လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍ အမှာစကားများ ပြောကြားခဲ့ပြီးနောက် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (Memorandum of Cooperation)အား အပြန်အလှန် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

JCM သည် နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်လျှော့နည်းခြင်း၊ လုပ်ထုံးလုပ်နည်းများ လွယ်ကူခြင်းစသည့် အားသာချက်များရှိသဖြင့် ဂျပန်နိုင်ငံအစိုးရမှ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ JCM ကိုဂျပန်နိုင်ငံ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် Carbon Credit ရရှိပြီး UNFCCC ၏ အဓိကရည်မှန်းချက် အောင်မြင်စေရေးအတွက် အားဖြည့်ဆောင်ရွက်နိုင်ခြင်း၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချသည့် ဖွံ့ဖြိုးတိုးတက်မှု (Low Carbon Growth)ကိုရရှိနိုင်ခြင်းတို့အပြင် ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချသည့် ခေတ်မီနည်းပညာများအသုံးပြု၍ စွမ်းအင်ထုတ်လုပ်နိုင်ခြင်းဖြင့် ကျေးလက်ဒေသ မီးလင်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်းသိရှိရပါသည်။

## ဦးစီးအရာရှိများ စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းအမှတ်စဉ် (၇) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဦးစီးအရာရှိများ စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းပွဲ အခမ်းအနားကို(၂၄-၉-၂၀၁၅) ရက်နေ့၊ မွန်းလွဲ(၃း၃၀) နာရီတွင် သစ်တောသုတေသနဌာန၊ စုဝေးခန်းမ(ရေဆင်း)၌ ကျင်းပခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆရာများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြပါသည်။

ဒုတိယဝန်ကြီးမှ အမှာစကားပြောကြားရာတွင် ယခုသင်တန်းမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ရှိ ဌာနအသီးသီးမှမြေပြင်တွင် လက်တွေ့လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြို့နယ်အဆင့် ဦးစီးအရာရှိများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ဟန်ချက်ညီညီလိုက်ပါ၍ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်နှင့် တစ်ဦးချင်းစိတ်ဓာတ်၊ ခံယူချက်မြင့်မားလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် စာတွေ့နှင့်လက်တွေ့ သင်ကြားပို့ချခြင်းအပြင် ပိုမိုထိရောက်စွာ သင်ကြားနိုင်ရန်အတွက် အပြန်အလှန်ဆွေးနွေးခြင်း၊ Assignment များပေးအပ်ခြင်း၊ ဆန်းစစ်မေးခွန်းလွှာများ ဖြေဆိုစေခြင်း စသည်တို့ဆောင်ရွက်စေခဲ့သဖြင့် ကောင်းစွာနားလည်သဘောပေါက်ပြီး မိမိတို့တာဝန်ကျရာ ဌာနအသီးသီးတွင် အကောင်း

ဆုံး ပြန်လည်အသုံးချနိုင်မည်ဟု ယုံကြည်ပါကြောင်း၊

ယခုအချိန်အခါတွင် လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ သစ်တောထွက်ပစ္စည်းများ ပိုမိုထုတ်ယူသုံးစွဲလာခြင်း၊ သစ်တောမြေအား အခြားမြေအသုံးချမှုများအဖြစ်ပြောင်းလဲခြင်းကြောင့် သစ်တောပြုန်းတီးလာမှုနှင့်အတူ ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၊ သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်ခြင်းစသည်တို့ ကြုံတွေ့လာရပါကြောင်း၊ အထူးသဖြင့် နိုင်ငံလူဦးရေ၏(၇၀)%ခန့်မှာ ကျေးလက်နေပြည်သူများဖြစ်ပြီး လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် ၄င်းတို့ကို အခြေပြုဆောင်ရွက်ရသည့်အတွက် လုပ်ထုံးလုပ်နည်း၊ မူဘောင်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အလေးအနက်ထား ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း မိမိတို့၏ စိတ်ဓာတ်၊ ခံယူချက်များကို စံပြုအဖြစ် နားလည်ကျင့်သုံးသွားရန် မှာကြားလိုကြောင်း၊ လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် စွမ်းရည်(၃)ရပ်ဖြစ်သော အုပ်ချုပ်ရေးစွမ်းရည်၊ လုပ်ငန်းကျွမ်းကျင်မှု စွမ်းရည်၊ စည်းရုံးရေး စွမ်းရည်များပြည့်ဝစွာဖြင့် ဆောင်ရွက်နိုင်ရန် အစဉ်တစိုက် အတွေ့အကြုံဗဟုသုတများ ရယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းမှ ရရှိသည့်အတွေ့အကြုံဗဟုသုတများကိုအသုံးပြု၍ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စတင်မည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲရေးကိုလည်း အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတာဝန်ယူဆောင်ရွက်သည့် နယ်ပယ်တွင် လက်ရှိထက်ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့်ပူးပေါင်းပြီး ဒေသခံပြည်သူများ၏ အားကိုရယူကာ စည်းရုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ လိုအပ်ချက်ကို နားလည်သိရှိပြီး ဖြည့်ဆည်းပေးနိုင်သည့် ပြည်သူ့ဝန်ထမ်းကောင်းများအဖြစ် ကျင့်ကြံနေထိုင်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်မှ သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်ရာ သင်တန်းသားများကိုယ်စား သင်တန်းသား(၁)ဦးမှ လက်ခံရယူပြီးသင်တန်းဆင်းပွဲ အခမ်းအနားကို မွန်းလွဲ(၄)နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သိရှိရပါသည်။

## ရာသီဥတုပြောင်းလဲမှုအတွက် ဦးစားပေးလုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ




ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် မြန်မာရာသီဥတု ပြောင်းလဲမှုဆိုင်ရာမဟာမိတ်အဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် "ရာသီဥတုပြောင်းလဲမှုအတွက် ဦးစားပေးလုပ်ငန်း အစီအစဉ်များနှင့် စပ်လျဉ်း၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို (၂၉-၉-၂၀၁၅) နံနက်(၉)နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် တက်ရောက်၍အဖွင့်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုဆွေးနွေးပွဲသည် ရာသီဥတု ပြောင်းလဲမှုအတွက် ဦးစားပေး ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းများနှင့် စပ်လျဉ်း၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မြန်မာရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာမိတ်အဖွဲ့၏ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ဝင်များ အကြားအမြင်ချင်းဖလှယ်နိုင်မည် ဖြစ်ပြီးရရှိလာသည့် ဦးစားပေးလုပ်ငန်းအစီအစဉ်များကို လက်ရှိရေးဆွဲလျက်ရှိသည့် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များတွင် ထည့်သွင်းသတ်မှတ်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့အချိန်အခါတွင် မြန်မာပြည်သူတို့၏ ပျော်ရွှင်ချမ်းမြေ့လုံခြုံစိတ်ချစွာနေထိုင်နိုင်ရေးအတွက် လူမှုစီးပွားဖွံ့ဖြိုးရေးကို အထူးခြားဆုံးသော ခြိမ်းခြောက်နေမှုတစ်ခုသည် ရာသီဥတု ပြောင်းလဲမှုပင်ဖြစ်ကြောင်း၊ လူမှုအဖွဲ့အစည်း၏ ကဏ္ဍအားလုံးအပေါ် ထူးခြားစွာသက်ရောက်မှုများရှိပြီး မှန်းဆရခက်ကြောင်း၊ စက်မှုကဏ္ဍမှသည် လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်၊ မြို့ပြဖွံ့ဖြိုးရေးအဆုံး လက်တွေ့ကဏ္ဍအားလုံးတွင် ရာသီဥတုပြောင်းလဲမှုကြောင့်သက်ရောက်မှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရာတွင် အဓိကအရေးပါသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ယခုလို ဆွေးနွေးပွဲဖြစ်မြောက်ရေး

အတွက် မြန်မာရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာမိတ်အဖွဲ့နှင့် အစိမ်းရောင်"ကြာ"အဖွဲ့တို့၏ ဆောင်ရွက်မှုများကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ခံစားရသည့် ပြည်သူများအား ကယ်ဆယ်ရေးအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်း၏ အားတက်သရော စွမ်းဆောင်မှုများ သို့မဟုတ် စွမ်းအင်အတွက် မဟာဗျူဟာမြောက်ရွေးချယ်မှုများဆိုင်ရာ အကြံဉာဏ်ပေးမှုများနှင့် ဒေသခံအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများဆိုင်ရာ ဆောင်ရွက်မှုများကို အထူးပြုဖော်ညွှန်းလိုပါကြောင်း၊

ယခုဆွေးနွေးပွဲတွင် မူဝါဒရေးဆွဲရေးအတွက် ဦးစားပေးအမြင်များ ရရှိနိုင်ရန် ပထမခြေလှမ်းတစ်ရပ်ဖြစ်၍ ယခုကဲ့သို့ရရှိလာသည့် အခွင့်အလမ်းကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ မဟာဗျူဟာ(မူကြမ်း)ပြုစုရေးအတွက် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးကို ပြီးခဲ့သည့်ဧပြီလကပြုလုပ်ခဲ့ပြီး "ရာသီဥတုဒဏ်ခံနိုင်ရည်ရှိရေး၊ ကာဗွန် ထုတ်လွှတ်မှုလျော့ပါးရေး၊ အရင်းအမြစ်များ အကျိုးရှိစွာအသုံးချရေးနှင့် မြန်မာနိုင်ငံ၏ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမှုတစ်ခုအဖြစ် အလုံးစုံပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေး" ဟူသည့် နိုင်ငံအတွက်မျှော်မှန်းချက်ကို သဘောတူချမှတ်ခဲ့ကြောင်း၊ အပြင်အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့၏ အတွေ့အကြုံများကို အခြေပြု၍ အောင်မြင်အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ဖြစ် ပေါ်လာနိုင်သည့် အဟန့်အတားများကို ဆွေးနွေးညှိနှိုင်းပြီး လက်တွေ့ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ရေးဆွဲပြုစုလျက်ရှိသည့် ရာသီဥတုပြောင်းလဲမှု မဟာဗျူဟာသည် လက်ရှိနိုင်ငံတော် ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှု ပြဿနာများကို တုန့်ပြန်ဆောင်ရွက်ရန် ၅ နှစ်စာ အမျိုးသားရာသီဥတုပြောင်းလဲမှု ဘက်စုံမူဝါဒတစ်ရပ်ဖြစ်ကြောင်း၊

နိုင်ငံတော်အနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးနှစ်ခုအကြား အကန့်အသတ်များကို မှန်ကန်သော ဟန်ချက်ညီမျှမှုရရှိရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လူမှုအဖွဲ့အစည်းအတွင်းမှ ပုဂ္ဂိုလ်များအားလုံးအနေဖြင့် တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်းပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဗန်ကောက်မြို့ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်ရုံး ရာသီဥတုပြောင်းလဲမှု ယူနစ်မှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအခြေချ နေထိုင်မှုအစီအစဉ်ရုံးမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးသိပ္ပံမှ အကြံပေးပညာရှင်နှင့် မြန်မာရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာမိတ်အဖွဲ့ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ဝင်များ၊ အစိမ်းရောင်"ကြာ"အဖွဲ့၊ မြန်မာရာသီဥတု ပြောင်းလဲမှုစောင့်ကြည့်ရေးအဖွဲ့၊ မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း၊ မြန်မာနိုင်ငံ သစ်တောအသင်း၊ သစ်တောသယံဇာတပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း၊ ဂေဟစနစ်နှင့် စီးပွားရေးဖွံ့ဖြိုးရေးအဖွဲ့၊ မြန်မာနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးကွန်ရက်၊ Gaihahita Forest Association၊ Green Way၊ Myanmar Food Security Working Group၊ Myanmar Green Network၊ Myanmar Agro Action၊ Yangon Heritage Trust (YHT) အပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများ စုစုပေါင်း(၆၀)ဦးခန့် တက်ရောက်ခဲ့ကြကြောင်းသိရှိရပါသည်။

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ အောင်ချမ်းသာ(ပရဟိတ)သီလရှင်ကျောင်းတိုက်တွင် ဆွမ်း/ဆေးပဒေသာပင်အတွက် နဝကမ္မအလှူငွေနှင့် သီလရှင်ဝတ်စုံများသွားရောက်လှူဒါန်းခြင်း

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ ၂၀၁၅ ခုနှစ် စက်တင်ဘာလ (၅)ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ အောင်ချမ်းသာ(ပရဟိတ)သီလရှင်ကျောင်းတိုက်၌ ဆွမ်း/ဆေးပဒေသာပင်တို့အတွက် နဝကမ္မဝတ္ထုငွေကျပ်(၁၀)သိန်း၊ သီလရှင်အပါးတစ်ရာအတွက် ဝတ်စုံအစုံ(၁၀၀)၊ နေ့ဆွမ်းနှင့် အချိုပွဲဆက်ကပ်လှူဒါန်းရန် အလှူငွေကျပ်(၅)သိန်း စုစုပေါင်းကျပ်(၁၅)သိန်းတို့ကို သွားရောက်လှူဒါန်းခဲ့ပါသည်။

အဆိုပါဆက်ကပ်လှူဒါန်းပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင်နှင့်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။




## စစ်ကိုင်းတိုင်းဒေသကြီး



(၂-၉-၂၀၁၅)ရက်နေ့တွင် စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် စစ်ကိုင်းမြို့နယ်၊ ရွာထောင်ဘူတာတွင် တွဲအမှတ်၊ WBCHXV-14310 နှင့် WBCXHV -14332 တို့ဖြင့် မြန်မာ့မီးရထားတန်ဆာအမှတ် 420575 B နှင့် 420576 B တို့အရ သယ်ဆောင်လာသော ပျဉ်းကတိုး/သစ်ယာ/အင်ခွဲသား(၁၁၁၉)ချောင်း (၄၄. ၆၉၉၂)တန်အား ပြေစာ၊ သယ်ယူခွင့် မျောစာများတင်ပြနိုင်မှုမရှိသဖြင့် ရွာထောင်ဘူတာရုံပိုင်၏ ခွင့်ပြုချက်အရ မီးရထားရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်နှင့်အတူ သစ်ခွဲသားများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။

(၁၀-၉-၂၀၁၅)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများသည် သတင်းအရ ကနီမြို့နယ်၊ ချိုင်ဒင်ပေါက်ကျေးရွာအနီး ချောင်းပေါက်နေရာတွင် ဆိုက်ကပ်ထားသော "ရွှေစင်ဝင်း"မော်တော်ပေါ်မှ တရားမဝင်တမလန်းတန်(၂၀)ခန့်အား ဖမ်းဆီးရမိခဲ့ပြီး၊ ချိုင်ဒင်ပေါက် ကျေးရွာအနီးနေရာမှ တရားမဝင် အင်၊ ကညင်ခွဲသားဆိုဒ်စုံ တန်(၄၀)ခန့်တင်ဆောင်ထားသော "တက်နေအောင်" မော်တော်အား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ မော်တော်ပေါ်မှ တရားမဝင်သစ်များနှင့် ဆက်စပ်ပတ်သက်သည့် ရေယာဉ်ပိုင်ရှင်/ ရေယာဉ်မောင်း (၃)ဦးအား ကနီမြို့နယ် ရဲစခန်းသို့ ပို့ဆောင်ထားရှိပြီး သစ်ပိုင်ရှင်များအား ဆက်လက်စုံစမ်း တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားလျက်ရှိကြောင်း သိရှိရပါသည်။



'ရွှေစင်ဝင်း' မော်တော်ပေါ်မှ
တရားမဝင်သစ်များသယ်ဆောင်လာပုံ



တရားမဝင်သစ်တင်ဆောင်လာသော 'တက်နေအောင်' မော်တော်



တရားမဝင်သစ်တင်ဆောင်လာသော 'ရွှေစင်ဝင်း' မော်တော်

## ကချင်ပြည်နယ်

ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ စင်းခန်းဘိနယ်(၂)ကြိုးပြင်ကာကွယ်တောအတွင်း တရားမဝင်သစ်များစုပုံခုတ်လှဲ ဖြတ်ပိုင်းထားရှိကြောင်း သတင်းရရှိချက်များအရ ဗန်းမော်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးမှ ဗန်းမော်မြို့နယ်၊ သစ်တောဦးစီးဌာန သစ်တောဝန်ထမ်းများအား နယ်မြေရှင်းလင်းဖမ်းဆီးရေးဆောင်ရွက်စေခဲ့ရာ (၁၈. ၉. ၂၀၁၅) ရက်နေ့မှ (၂၄. ၉. ၂၀၁၅)ရက်နေ့အတွင်း တရားမဝင်သစ်(ကျွန်း၊ ကညင်၊ စကားဝါ)(၂၂၀၆ လုံး)(၁၀၁၀. ၅၁၅၀)တန် ဖမ်းဆီးရမိခဲ့ပြီး အဆိုပါဖမ်းဆီးရမိသစ်များအား မြန်မာ့သစ်လုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ရန် စီစဉ်လျက်ရှိကြောင်းသိရှိရပါသည်။

## ပဲခူးတိုင်းဒေသကြီး



သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သော တရားမဝင် သစ်ဖမ်းဆီးရေးအဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သော တရားမဝင်သစ်ဖမ်းဆီးရေးအဖွဲ့ဝင်များ စုစုပေါင်းအင်အား(၁၁၀)ဦးခန့်သည် (၁၆-၉-၂၀၁၅)ရက်နေ့မှ (၂၂-၉-၂၀၁၅) ရက်နေ့များအတွင်း မြို့ချောင်း-စိန်ကန့်လန့်လမ်းတစ်လျှောက်နှင့် ကျောက်တံခါးမြို့နယ်၊ လက်ပံတန်းမြို့နယ်၊ မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ်၊ ရဲနွယ်ရေလှောင်တမံနှင့် ဘိုင်းဒါးရေလှောင်တမံဒေသများတွင် တရားမဝင် သစ်ဖမ်းဆီးခြင်းလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်နယ်မြေနှင့် အနောက်ဘက်နယ်မြေဟူ၍ အဖွဲ့(၂)ဖွဲ့စုဖွဲ့၍ ဆောင်ရွက်ခဲ့ကြကြောင်းသိရှိရပါသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ကျောက်တံခါးမြို့နယ်အတွင်းမှ ကျွန်း၊ ပျဉ်းကတိုး၊ ကညင်၊ အခြားသစ်/ တိုင်/ ခွဲသားစုစုပေါင်း (၁၁၆၆လုံး/ချောင်း= ၆၂. ၄၂၀၄တန်)နှင့် ချိန်းဆော(၈)လက်တို့အား ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ လက်ပံတန်းမြို့နယ်အတွင်းမှ ကျွန်း၊ ပျဉ်းကတိုး၊ ကညင်၊ အခြားသစ်/တိုင်/ခွဲသားစုစုပေါင်း(၂၁၃၃လုံး/ချောင်း= ၁၃၃. ၇၉၂၉တန်)နှင့်ချိန်းဆော(၃)လက်တို့အား ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ မင်းလှမြို့နယ်အတွင်းမှ ကျွန်း၊ ပျဉ်းကတိုး၊ ကညင်၊ အခြားအင် သစ်/တိုင်/ခွဲသားစုစုပေါင်း(၃၉လုံး/ချောင်း= ၅. ၆၃၄၂တန်)တို့အား ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ အုတ်ဖိုမြို့နယ်အတွင်းမှ အခြားခွဲသား(၁၄ချောင်း) (၃. ၀၀၅၄တန်)တို့အား ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း စုစုပေါင်းတရားမဝင်သစ်(၂၀၄. ၈၅၂၉)တန်နှင့်ချိန်းဆော(၁၁)လက်တို့အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ကြောင်း သိရှိခဲ့ရပါသည်။

## မကွေးတိုင်းဒေသကြီး





မကွေးမြို့ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ရေစကြိုမြို့နယ် နယ်မြေတာဝန်ခံ တောအုပ်ကြီးခေါင်းဆောင်သည့် သစ်တောဝန်ထမ်းများအဖွဲ့သည် ပခုက္ကူ(ပူးတွဲ)ရေစကြိုမြို့နယ်အတွင်း သတင်းအရ (၈-၉-၂၀၁၅)ရက်နေ့တွင် ရေစကြိုမြို့နယ်၊ သုခဝတီရပ်၊ ကပ်ကျော်ဘုန်းကြီးကျောင်းဝင်းအတွင်း တရားမဝင်အင်သစ်(၄)လုံး(၁. ၄၅၈၀)တန်အား သစ်ပိုင်ရှင် ဦးတင်လှိုင်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ (၉-၉-၂၀၁၅)ရက်နေ့တွင်လည်း အမှတ်(၁)ရပ်ကွက်၊ လေးမျက်နှာဘုရားဝင်းအတွင်း၊ တရားမဝင် အင်သစ်(၇)လုံး(၂. ၇၀၂၀)တန်အား ပိုင်ရှင်မဲ့ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။

## နေပြည်တော်ကောင်စီနယ်မြေ



နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ သစ်တောဦးစီးဌာန မှဦးစီးအရာရှိဦးဆောင်သော ဝန်ထမ်းများအဖွဲ့နှင့် ဘုရားတောင် အမြန်လမ်းရဲစခန်းမှ စခန်းမှူးအပါအဝင် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် (၂၂-၉-၂၀၁၅)ရက် နေ့တွင် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၂၃၄/၆)နှင့် (၂၃၄/၇)အကြား အထက်ဆင်သေကြိုးဝိုင်း၊ အကွက်အမှတ်(၇၁)တွင် မော်တော်ယာဉ်အမှတ် ၃ဂ/၆၇၆၂ Honda ODYSSEY (ခဲရောင်)တိမ်းမှောက်ရာသို့ သွားရောက် စစ်ဆေးခဲ့ရာ ၎င်းမော်တော်ယာဉ်ပေါ်တွင် တရားမဝင် ပိတောက်ဒါးရှေ့(၁၄)ချောင်း (၀. ၃၇၇၄)တန်အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိကြောင်းသိရှိရပါသည်။



# သစ်တောသမားခရီးသွား

အောင်ခင်(သစ်တော)

ယခင်လမှအဆက် ➢

မြတ်ဗုဒ္ဓ၏ မွေးရပ်ဌာနေ လုမ္ဗဏီ

ကပိလဝတ်မြို့ဟောင်းကနေပြန်လာပြီး ဗုဒ္ဓမြတ်စွာ ဖွားတော်မူရာ လုမ္ဗဏီသာမော၊ အင်ကြင်းတောကို သွားကြပါတယ်။ အင်ကြင်းတောဆိုပေမဲ့ အင်ကြင်းပင်တွေ သိပ်မတွေ့ရတော့ပါဘူး။ မပြုန်းတီးအောင် ထိန်းသိမ်းကြရင်တော့ ကောင်းမှာပဲ။ အဆောက်အအုံတွေ၊ ဘုန်းကြီးကျောင်းတွေ နိုင်ငံတကာက လာရောက်တည်ဆောက်နေကြတာတွေ့တယ်။ ဂျပန်ကျောင်း၊ ထိုင်းကျောင်း၊ စသည်ဖြင့် စသည်ဖြင့်။ အုတ်တံတိုင်းတွေ အခိုင်အမာ ကာရံပြီးထားတော့ သစ်ပင်တွေကိုလည်း ကာကွယ်ပြီးသား ဖြစ်မှာပါလေ။ ငြိမ်းချမ်းရေးခေါင်းလောင်း၊ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားလေး၏ ရုပ်ထုတို့ကို ဥယျာဉ်ပန်းခြံဆန်ဆန် မွမ်းမံထားသောနေရာတွင် တွေ့ရပြီး ထိုမှတစ်ဆင့် ဘုရားလောင်းအား ဖွားတော်မူရာနေရာ အုတ်တိုက်ကို နီပေါလက်ရာဖြင့် တွေ့မြင်ရပါတယ်။ မယ်တော်မာယာ ရေသုံးသပ်ရာ ရေကန်ကြီးကိုလည်း မြင်တွေ့ခဲ့ရပါတယ်။

ထိုင်းဘုရားဖူးများ ဂျပန်ဘုရားဖူးများနဲ့ တိဗက်ဘုရားဖူးများကို တွေ့ရပါတယ်။ နေ့လယ်ပိုင်းမှာတော့ ကုသိနာရုံကို ခရီးဆက်ခဲ့ပါတယ်။ ပြန်အထွက်မှာတော့ နယ်စပ်ဂိတ်က သိပ်မကြာလှပါဘူး။ အိန္ဒိယနယ်ထဲ ပြန်အဝင်မှာ ဆိုနောလီအမည်ရှိတဲ့ ဘာ ဘာသာစကားနဲ့မှည့်ခေါ်ထားမှန်းမသိတဲ့ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကို ခေတ္တဝင်နားပြီး သက်န်းဝတ္ထုငွေ စတာတွေ လှူဒါန်းခဲ့ကြပါသေးတယ်။ ကုသိနာရုံကျောင်းကိုရောက်တော့ ည(၇)နာရီ ကျော်ကျော်လောက်ရှိပြီး မိုးလေးဖွဲဖွဲကျလို့ လွမ်းစရာကောင်းပါ့။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်ပြုခဲ့ရာ နေရာဒေသသို့ ရောက်ခဲ့ပြီလေ။

လွမ်းမောဖွယ်ရာ ကုသိနာ

နောက်တစ်နေ့ (၂၆-၁-၂၀၁၅)မှာတော့ မဟာပရိနိဗ္ဗာန်စေတီတော်ကြီးနဲ့ ပရိနိဗ္ဗာန်စံတော်မူဟန်ရုပ်ပွားတော်ကြီးတို့ကို သွားဖူးကြပါတယ်။ အဖွဲ့လိုက်တန်းစီပြီး ဓမ္မလင်္ကာများ၊ ဂါထာများရွတ်ပွားပြီး ကိုယ်တော်မြတ်ကြီးကို ကြာသင်္ကန်းကြီးများကပ်လှူခဲ့ကြပါတယ်။ မိုးဖွဲဖွဲကြားမှာ သွားခဲ့ကြတာပါ။

စေတီတော်ကြီးက ကျွန်တော်တို့ဆီက ကောင်းမှုတော် စေတီတော်လိုမျိုး ခပ်ဆင်ဆင်ပါပဲ။ ကောင်းမှုတော်စေတီတော်ကြီးလောက်တော့ ဥဏ်တော်မမြင့်ဘူး။ ထုထည်မကြီးဘူး။ ရုပ်ပွားတော်ကြီးကတော့ ထုဆစ်ထားတာ လွန်စွာလက်ရာမြောက်လှပါတယ်။ ဦးခေါင်းတော်ဘက်က ဖူးရင် မျက်နှာတော်က ပြုံးယောင်ယောင်ရှိပြီး ခြေရင်းတော်ဘက်က ဖူးရင် ဝေဒနာခံစားနေတဲ့ပုံ ပေါ်နေပါတယ်။ ရုပ်ပွားတော်ရဲ့ ရှေ့မှာ မြတ်စွာဘုရားရဲ့ နောက်ဆုံးသာဝကဖြစ်တဲ့ သုဘဒ္ဒ၊ သမားတော်ဇီဝကနှင့် အရှင်အာနန္ဒာတို့ရဲ့ ရုပ်ထုများကိုလည်း ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါတယ်။

အဲဒီကျောင်းတော်ကြီးထဲကို နေ့လယ်ပိုင်း ဒုတိယအကြိမ် သွားရောက်ပြီး ပုတီးစိပ် တရားထိုင်ခဲ့ပါသေးတယ်။ တရားထိုင်ရတာ ရင်ထဲမှာရော ပတ်ဝန်းကျင်မှာကော အေးမြချမ်းမြေ့လိုက်တာ။ နံရံမှာကာထားတဲ့ကျောက်ပြားကြီးတွေက ပန်းနုရောင်သန်းနေပြီး အနက်ရောင်အစင်း( Black Stripe )ပါတဲ့ ကျွန်းအထပ်သားတွေနဲ့ ကာထားသလိုပါပဲ။ လှလိုက်တာ။ ဒါပေမဲ့ ကျောက်ပြားကြီးတွေပါ ဘာကျောက်လဲတော့ ကျွန်တော်လည်း မခွဲခြားတတ်ပါဘူး။ လက်ဝါးနဲ့ကပ်ကြည့်လိုက်တော့ အေးနေတာပဲ။ အဲဒီအခိုက်အတန့်မှာတော့ တရားသံဝေဂတွေ အများကြီးရခဲ့ပါတယ်။ ပထမသတ္တဟ မှာ တစ်ကြိမ်၊ ယခုကုသိနာရုံမှာတစ်ကြိမ် ဘုရားဖူးရတာ ရင်ထဲကို အထိဆုံးပါပဲ ။

India အကြောင်း တစေ့တစောင်း

ကျွန်တော်တို့ဖြတ်သန်းခဲ့တဲ့ ဗီဟာပြည်နယ်နဲ့ U-P လို့ အတိုကောက်ခေါ်တဲ့ ဥတ္တရပရာဒေ့ရှ် ပြည်နယ်ရပ်တွေဟာ Incredible India ရဲ့ အဆင်းရဲဆုံးပြည်နယ်တွေလို့ သိရပြီး လူဦးရေကလည်း သန်း(၁၀၀)ကျော်လောက်စီ အသီး

သီးရှိကြတယ်တဲ့။ ပြည်နယ်တစ်ခုက ကျွန်တော်တို့ တိုင်းပြည် လူဦးရေ(၂)ဆလောက်ရှိနေတာနော်။ Incredible India ရဲ့ အုပ်ချုပ်ရေးမြို့တော်ဖြစ်တဲ့ New Dehli၊ ပညာရေးမြို့တော် Colcutta၊ ရုပ်ရှင်အနုပညာမြို့တော်နဲ့ ဆိပ်ကမ်းမြို့တော်ဖြစ်တဲ့ Bombay၊ စီးပွားရေးမြို့တော် Madras စတာတွေမှာ ကြီးကြယ်ခမ်းနား သန့်ရှင်းသပ်ရပ်တယ်လို့ သူများပြောတာကြားခဲ့ပေမဲ့ ဗီဟာနဲ့ U-P ကတော့ ဆင်းရဲညစ်ပတ်တာ မျက်မြင်ကိုယ်တွေ့ပါပဲ။

မြန်မာပြည်ရောက်တော့ တွေ့ခဲ့တာတွေကို မိတ်ဆွေတစ်ဦးကို ပြောပြပါတယ်၊ ဒီတော့ မိတ်ဆွေက အစ်ကိုကြီးပြောပြမှပဲ ကျွန်တော်တို့တိုင်းပြည်ထက် India က ပိုညစ်ပတ် ပိုဆင်းရဲတယ်ဆိုတာ သိရတော့ ဝမ်းသာသွားပြီ အားရှိသွား ပြီတဲ့ ကြဲကြဲဖန်ဖန်ပြောတဲ့လူ ကိုယ့်တိုင်းပြည် ပိုတိုးတက်အောင် လုပ်ရမှာကို သူများတိုင်းပြည် ညစ်ပတ်တာကို သွားပြီး အဖေါ်ညှိချင်နေသေးတယ်။

ဒါန၊ သီလ၊ သံဝေဂ

အဲဒီနေ့ နေ့လယ်ပိုင်းမှာ မြတ်စွာဘုရားနောက်ဆုံးရေသောက်သုံးရာနေရာ(ရေဘုဉ်းပေးရာလို့ ပြောရမယ်ထင်တယ်)၊ တေဇောဓါတ်လောင်ကျွမ်းရာနေရာ စေတီတော်၊ ဓါတ်တော်တွေစတဲ့ နေရာတွေကို သွားရောက်လေ့လာခဲ့ပါတယ်။ ညနေပိုင်းတည်းခိုတဲ့ ကျောင်းမှာဆရာတော်ရဲ့ ဩဝါဒများခံယူပြီး လှူဖွယ်ဝတ္ထုများ သက်န်းများ လှူဒါန်းခဲ့ပါတယ်၊ ဆရာတော်ကလည်း ကျွန်တော်တို့ကို ဆရာတော်ရဲ့ဓါတ်ပုံနဲ့ ပြက္ခဒိန်များ ပြန်စွန့်ပါတယ်။

ဘုန်းကြီးတွေကို မလေးစားမကြည်ညိုတတ်တဲ့ လူတချို့က ဘုန်းကြီးတွေကို ယူပက္ခန္ဓာ (ရူပက္ခန္ဓာ မဟုတ်ပါ) တွေလို့ အတင်းပြောကြတာ ကြားဖူးပါတယ်၊ အခုဆရာတော်ကြီးကတော့ ဝေဒနက္ခန္ဓ(ဝေမျှပေးတာကို) ဘုန်းကြီးလို့ ပြောရင်ရမယ်ထင်ပါတယ်။ အော် ငါသူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မရှိ အားလုံးခန္ဓာငါးပါး၊ ရုပ်နာမ်တရားငါးပါး ပါလားလို့ ဆက်ပြီးတော့ တွေးမိပါတယ်။

ကုသိနာရုံမှ နာလန္ဒာသို့

(၂၇-၁-၂၀၁၅)ရက်နေ့ နံနက်ပိုင်းမှာ အိန္ဒိယနိုင်ငံ၏ High Way လမ်းကြီးပေါ်သို့ ရောက်ရှိခဲ့ပြန်ပါတယ်၊ (၈) ဘီးကား၊ (၁၀)ဘီးကားကြီးများ ဖြတ်သန်းမောင်းနှင်နေတာကိုတွေ့ရပါတယ်၊ နံနက်(၉)နာရီလောက်မှာ ယမုံနာမြစ်ကို ဖြတ်သန်းတဲ့တံတားကြီးတစ်ခုကို ဖြတ်သန်းခဲ့ရတယ်၊ လမ်းဘေးဝဲယာမှာရှိတဲ့ တဲအိမ်တချို့ဟာ ဖြစ်သလိုရသမျှ ပစ္စည်းများနဲ့ တဲအိမ်ဆောက်လုပ်နေထိုင်ကြတာ တွေ့ရပါတယ်၊ ဆီပုံးအခွံကို အပြားလိုက်လုပ်ပြီး ကာထားတာ၊ ဂျုံရိုးတွေစီပြီး ကာထားတာ၊ မိုးထားတာတွေကိုတွေ့ရပါတယ်၊ ထူးခြားတာက နွားတွေကို အအေးဒဏ်ခံနိုင်အောင် ဂုန်နီအိတ်တွေ စောင်တွေနဲ့ခြုံပေးထားတာ တွေ့ရတာပါပဲ၊ လူတွေကတော့ ဘယ်လိုနေတယ် မသိဘူး။

တချို့နေရာတွေမှာ ထန်းပင်များကိုစီတန်းပြီး စိုက်ထားတာ တွေ့ရပါတယ်၊ နေ့လယ်စာကို ဝေသာလီ ဘုန်းတော်ကြီးကျောင်းမှာ စားကြရပါတယ်၊ ထမင်းစားပြီး လှူဖွယ်ဝတ္ထုငွေများနဲ့ သက်န်းများ လှူဒါန်းခဲ့ကြပါတယ်၊ အဲဒီနေ့ညကတော့ နာလန္ဒာတရုတ်ဘုန်းကြီးကျောင်းမှာ တည်းခိုညအိပ်ခဲ့ရပါတယ်။

ဝေဠုဝန်ကျောင်း၊ နာလန္ဒာတက္ကသိုလ်အဟောင်းနဲ့အသစ်

(၂၈-၁-၂၀၁၅)ရက်နေ့မှာတော့ မိုးလေးဖွဲဖွဲအောက်မှာ ဝေဠုဝန်ကျောင်းနေရာကို သွားရောက်လေ့လာခဲ့ကြပါတယ်၊ ဝေဠုဝန်ကျောင်းမုခ်ဦးကို ဝါးများဖြင့် လှပစွာ ပြုလုပ်ထားပါတယ်၊ ထိုင်းနိုင်ငံနဲ့အခြား နိုင်ငံများက ကျောင်းနေရာအတွင်းမှာ Photo Display လုပ်ထားတာ တွေ့ရပါတယ်။

နိုင်ငံကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေစိုက်ခဲ့တဲ့ ဝါးပင်ပေါက်တွေကိုလည်း တွေ့ခဲ့ရပါတယ်၊ သိပ်ပြီးတော့ အောင်မြင်ရှင်သန်ပုံမရဘူး၊ ပိန်ခြောက်ခြောက်ပါပဲ အိန္ဒိယနိုင်ငံ Ministry of Environment and Forests က ထိန်းသိမ်းစောင့်ရှောက်ထားတယ်ဆိုတဲ့ ဆိုင်းဘုတ်တွေ တွေ့ရပါတယ်၊ ဩဝါဒပါနိမောက် ပြဋ္ဌာန်းခဲ့တဲ့နေရာ ကုဏ္ဍကရေကန်ဆိုတာကိုလည်း မိုးဖွဲဖွဲအောက်မှာ မြူတွေဆိုင်းလျက် တွေ့ခဲ့ရပါသေးတယ်။

နောက်ပြီး ဗိမ္ဗိသာရမင်းကြီးရဲ့ ဘဏ္ဍာတိုက်၊ ဗိမ္ဗိသာရမင်းကြီးအချုပ်ခံရတဲ့အကျဉ်းထောင်၊ ဇီဝက၏ သရက်ဥယျာဉ် ဇာတ်အနိမ့်အမြင့်ကိုလိုက်ပြီး နေရာခွဲခြားရေချိုးရတဲ့ တပေါဒါမြစ်ရဲ့ ရေချိုးဆိပ်တို့ကိုလဲ လေ့လာခဲ့ရပါတယ်၊ နေ့လယ်ပိုင်းမှာ နာလန္ဒာတက္ကသိုလ်ဟောင်းနဲ့ အသစ်တို့ကို သွားရောက်လေ့လာကြပါတယ်၊ ကြီးမားခန့်ထည်လှတဲ့ အုတ်တံတိုင်းကြီးတွေနဲ့ တည်ဆောက်ခဲ့တဲ့ နာလန္ဒာတက္ကသိုလ်ကြီးမှာ ဘာသာရေးစာပေများသာမက လောကဓါတ်စာပေများကိုပါ သင်ကြားလေ့ကျင့်ပေးခဲ့ကြောင်း သိရပါတယ်၊ ဘာသာခြား တိုင်းတစ်ပါးမင်းတွေရဲ့ ဖျက်ဆီးမီးရှို့မှုကြောင့် ပျက်စီးသွားပြီး ကြွင်းကျန်ရစ်ခဲ့တဲ့ အဆောက်အအုံအပြိုအပျက်တွေကို ကြည့်ရင်တောင်မှ ဘယ်လောက်ခန့်ညားထည်ဝါခဲ့တဲ့ တက္ကသိုလ်ကြီး ဖြစ်လိမ့်မလဲဆိုတာ ကောင်းကောင်း မှန်းဆကြည့်နိုင်ပါတယ်။

နာလန္ဒာတက္ကသိုလ်အသစ်ကတော့ ခေတ်နဲ့အညီ တည်ဆောက်ထားတာဖြစ်ပြီး နိုင်ငံအရပ်ရပ်မှ လာရောက်ပညာသင်ကြားနေကြတဲ့ ပုဂ္ဂိုလ်တွေကြားမှာ မြန်မာပြည်က ရဟန်းငယ်များလည်း စုစုပေါင်း အပါး(၁၃၀)ကျော်ရှိကြောင်း သိရပါတယ်၊ B.A , M.A, PhD စတဲ့သင်တန်းတွေတက်နေကြတာဖြစ်ပါတယ်။ နာလန္ဒာတက္ကသိုလ်အသစ်မှာလည်း လှူဖွယ်ဝတ္ထု အစုစုနဲ့သက်န်းများ လှူဒါန်းခဲ့ကြပါတယ်၊ ရာဇ

ဗြိုလ်ပြည် စည်ကားခဲ့တဲ့ အခါက လှည်းပေါင်းများစွာ ဖြတ်သန်း သွားလာခဲ့လို့ ဘီးရာကြီးတွေ ကျောက်လွှာပေါ်မှာ ထင်နေတဲ့နေရာရယ် အရှင်မောဂ္ဂလန်ကို ခိုးသားငါးရာ ရိုက်တဲ့နေရာရယ် ကျောက်တောင် မြင့်မြင့်မားမား တောင်တန်းတွေပေါ်က ဘုရားစေတီတွေရယ် ကြည်နူးဖွယ် ဖူးမျှော်ပြီး ခရီးဆက်ခဲ့ကြပါတယ်၊ အဲဒီနေ့ကတော့ ဗုဒ္ဓဂါယာက ဗောဓိဓမ္မရိပ်သာကျောင်းမှာပဲ ညအိပ်ပါတယ်။

ဂါယာတစ်နွင် လှည့်လည်စဉ်

(၂၉-၁-၂၀၁၅)ရက်နေ့ နံနက်ပိုင်းမှာတော့ မြတ်စွာဘုရားအား ယနာနို့ဆွမ်း ကပ်လှူခဲ့တဲ့ သုဇာတာရဲ့ အိမ်နေရာမှာ စေတီတည်ထားတာကို သွားရောက်ဖူးမျှော်ပါတယ်၊ ဟိုရှေးအခါက စစ်တပ်အကြီးအကဲ စခန်းချရာ နေရာဖြစ်လို့ သေနာနိဂုံးရွာလို့ခေါ်ကြောင်းလည်း မှတ်သားခဲ့ရပါတယ်၊ မြတ်စွာဘုရားကို မြက်ရှစ်ဆုပ်လှူသောနေရာကိုလည်း ရောက်ခဲ့ပါတယ်၊ ထိုင်းနိုင်ငံက မြဘုရားပုံတော်တူရှိတဲ့ ကျောင်းနဲ့ ဂျပန်နိုင်ငံက ကမာကုရပုံတော်တူ ရုပ်ပွားတော်တို့ကိုလည်း ဖူးခဲ့ရပါတယ်။

ညနေပိုင်းမှာ မဟာဗောဓိစေတီကို ထပ်မံသွားရောက်ဖူးမျှော်ခဲ့ကြပါတယ်၊ တိဗက်ကလားမားဘုန်းကြီး ဘုရားဖူးလာတာနဲ့ဆုံတယ်၊ တိဗက်ရဟန်းငယ်တစ်ပါးက ဗုံကလေးတတုံတုံခေါက်ပြီး ရှေ့ကနေ လမ်းရှင်းလာလို့ အသေအချာ ကြည့်လိုက်တော့ လားမားဘုန်းကြီးကို တွေ့ရပါတယ်။

လူတွေကတော့ လမ်းဖယ်ပေးကြပါတယ်၊ လားမားကြီးကတော့ ပြုံးပြုံး ပြုံးပြုံးနဲ့ အခြံအရံတွေနဲ့ သူ့ဆရာနဲ့သူ့တပည့်တွေနဲ့တော့ ဟုတ်နေတာပဲ။ အော် ဆောင်းခိုငှက်ဘုရင်ကြီးနဲ့ ငှက်နောက်လိုက်များအားလုံး ဗုဒ္ဓဂါယာကို ရောက်နေကြပါလားလို့ အတွေးဝင်မိပါတယ်။ မဟာဗောဓိစေတီအတွင်းအပြင် စင်္ကြံတွေမှာလည်း ပန်းမျိုးစုံ၊ မုန့်သရေစာမျိုးစုံတို့ကို လှပခမ်းနားစွာစီစဉ်ပြီး လှူဒါန်းထားကြတာကိုလည်းတွေ့ရပါတယ်။ ကျွန်တော်လည်း မဟာဗောဓိရုပ်ပွားတော်ကြီးနဲ့ သတ္တသတ္တာဟကို အချိန်ရသလောက် ထပ်မံကြည်ညိုခဲ့ပါတယ်။

မြန်ခဲ့လေပြီ မြန်မာပြည်

(၃၀-၁-၂၀၁၅)ရက်နေ့မှာတော့ ဂါယာလေဆိပ်ကို နေ့လယ်ပိုင်းမှာဆင်းခဲ့ပြီး Air India နှင့် မြန်မာပြည်ကို ပြန်ခဲ့ပါတယ်၊ အပြန်ကျမှ ဂါယာလေဆိပ် ဧည့်ခန်းမကြီးကို ကြည့်ခဲ့ရတာ အတော်လေးသန့်ရှင်းသပ်ရပ်ပါတယ်၊ ထိုင်တော်မူ ရုပ်ပွားတော်ကြီး တစ်ဆူကိုလည်း ခန်းမထဲမှာ ဖူးတွေ့ခဲ့ရပြီး ရုပ်ပွားတော်ကြီးရှေ့မှာ အမှတ်တရ ဓာတ်ပုံလေးတစ်ပုံရိုက်ခဲ့ပါသေးတယ်၊ ညနေပိုင်းမှောင်ရီပျိုးချိန်မှာ မင်္ဂလာဒုံလေဆိပ်ကို ရောက်ပြီး အမြဲနေရပ် ပဲခူးမြို့ကိုတော့ သားလာကြိုတဲ့ကားကလေးနဲ့ ပြန်ခဲ့ကြပါတယ်။

သတိထားမိတာလေးများ

ကျွန်တော်တို့ သွားခဲ့ရာခရီးတစ်လျှောက်မှာ လမ်းဘေးအိမ်များ၊ ဈေးများ၊ ညစ်ပတ်တာ၊ ဆင်းရဲတာ၊ လမ်းဘေးအညစ်အကြေးစွန့်တာ၊ အပေါ့အပါးသွားတာ၊ ဘူတာရုံနံရံကို ကွယ်ပြီးအပေါ့သွားတာတွေကတော့ စိတ်ပျက်စရာ အနိဋ္ဌာရုံတွေပေါ့ဗျာ။

ဒါပေမဲ့ ဗာရာဏသီလိုနေရာမျိုးမှာ တူညီဝတ်စုံနဲ့ ကလေးတွေ သစ်လွင်တဲ့ ကျောင်းအဆောက်အအုံတွေ တွေ့ရတာတော့ ဝမ်းသာစရာပါ။

နောက်ပြီး တောင်သူလယ်သမားတွေ စိုက်ပျိုးထားတဲ့ သီးနှံတွေကို စနစ်တကျ သိုလှောင်ပေးထားတဲ့ အအေးခန်းအဆောက်အအုံကြီးတွေကို ဂါယာလေဆိပ်နားမှာ တွေ့ရတော့ အော် ဒီလိုဆိုတော့လည်း မဆိုးပါဘူးလို့ မြင်မိပါတယ်။ သိုလှောင်ထိန်းသိမ်းတဲ့ ဝန်ဆောင်ခတော့ ပေးရမှာပေါ့နော်၊ လယ်သမားတွေ သိုလှောင်ဖို့ အခက်အခဲမရှိတော့ဘူးပေါ့ ၊ အဓိကကတော့ အာလူးတို့ ဘာတို့ကို အအေးခန်းသို လှောင်ရုံမှာသိမ်းထားပြီး လိုအပ်မှပြန်ထုတ်ပေးတော့ အလေအလွင့် အပျက်အစီး မရှိဘူးပေါ့။

သံဝေဂ ရမိပါရဲ့

ကျွန်တော်တို့ သွားတဲ့ ခရီးတစ်လျှောက်မှာ သိဒ္ဓတ္ထမင်းသားလိုပဲ သူအို၊ သူနာ၊ သူသေ၊ ရဟန်းနိမိတ်ကြီး လေးပါးကို စုံလင်အောင်မြင်ခဲ့ရပါတယ်။ ဆင်းရဲချို့တဲ့ တဲ့ဒေသတွေဆိုတော့ သူအို၊ သူနာ၊ သူသေတွေက လမ်းဘေးမှာ မမြင်ချင်မှ အဆုံးပါ။ ရဟန်းတွေကတော့ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေမှာဖူးရပါတယ်။ သိဒ္ဓတ္ထမင်းသားကတော့ သံဝေဂရပြီး ထာဝရတောထွက် တရားရှာခဲ့ပါတယ်။ ကျွန်တော်တို့ကတော့ တဒင်္ဂပဲသံဝေဂရပြီး ကိစ္စများမြောင် လူ့ဘောင်မှာပဲ တဝဲလယ်လယ်ရှိနေပါသေးတယ်။ နှိုင်းယှဉ်စရာ မဟုတ်တာကို နှိုင်းယှဉ်တယ်လို့ မမှတ်ပါနဲ့၊ အမှန်တရားကို ဖော်ပြတာပါ။

စကားမစပ် ယမုံနာမြစ်ကို ဖြတ်နေတုန်းကထင်ပါတယ်။ ကားပေါ်မှာ စပယ်ယာအဖြစ်လိုက်ပါလာတဲ့ ကုလားက ကျွန်တော်တို့ ဘုရားဖူးအဖွဲ့က ဘုန်းကြီးတွေကို သဲသောင်ပေါ်မှာ လူသေတွေ မီးသင်္ဂြိုဟ်နေတာကိုပြပြီး ဒီလိုပြောပါတယ် "တွေလား သေသွားတော့လည်း ဘာမှယူသွားလို့ မရဘူးထားခဲ့ရတာပဲ" အဲဒီကောင်ကို ဘုရားဖူးအဖွဲ့ဝင်တွေက "ကျော်ရဲအောင်"လို့ နာမည်ပေးထားကြတယ်၊ ဗမာရည်တော်တော်လည်တယ်။

စာမျက်နှာ --- ၂၃ သို့




# ကမ္ဘာကြီးရေရှည်တည်တံ့ရေး၊ အိုဇုန်းလွှာကို ထိန်းသိမ်းပေး

ခင်မောင်မြင့်(တိုးချဲ့)

အိုဇုန်းလွှာသည် လူသားများနှင့်သက်ရှိများအား အန္တရာယ်ပြုနိုင်သော နေမှလာသည့် ခရမ်းလွန်ရောင်ခြည်လှိုင်းများကို၊ ကမ္ဘာမြေပြင်ပေါ်သို့ မကျရောက် အောင်စုပ်ယူပေးသောကြောင့် သဘာဝအကာအရံတစ်ခုအဖြစ် ကမ္ဘာပေါ်ရှိ သက်ရှိလောကအတွက် မရှိမဖြစ်လိုအပ်ပါသည်။

အိုဇုန်းလွှာသည် ကမ္ဘာ့မြေမျက်နှာပြင်မှ အမြင့် ၁၀ မိုင်နှင့် မိုင် ၃၀ကြား၌ တည်ရှိပြီး၊ လေထုအတွင်းရှိ အိုဇုန်းဓာတ်ငွေ့စုစုပေါင်းပမာဏ၏ ၉၀%ခန့် အိုဇုန်းလွှာတွင်စုစည်းနေကြပါသည်။ နေမှလာသည့် အလွန်စွမ်းအင်မြင့်မားသော အလင်းရောင်လှိုင်းများဖြစ်သည့် ခရမ်းလွန်ရောင်ခြည်တွင် အဓိကအားဖြင့် UV-A ၊ UV-B နှင့် UV-C ဟူ၍ အုပ်စုသုံးခုရှိရာ အိုဇုန်းလွှာသည် ခရမ်းလွန်ရောင်ခြည်လှိုင်း ဘီအမျိုးအစား(UV-B)နှင့် စီအမျိုးအစား(UV-C)များကို စုပ်ယူပြီး၊ အေအမျိုးအစား(UV-A)အမျိုးအစားကို စုပ်ယူခြင်းမပြုကြောင်းသိရှိရပါသည်။ (UV-A)အမျိုးအစားသည် နံနက်ခင်းနေရောင်ခြည်နုတွင်ပါဝင်ပြီး၊ လူသားများ၏ ကျန်းမာရေးကို အထောက်အကူပြုနိုင်ပါသည်။ UV-B အမျိုးအစားသည် နေ့ခင်းပိုင်း(နံနက် ၉ နာရီမှ ညနေ ၄ နာရီခန့်အထိ) နေရောင်ခြည်တွင်ပါဝင်ပြီး လူ၏ခန္ဓာကိုယ်ပေါ်သို့ မိနစ် ၃၀ ထက်ပို၍ကျရောက်ခဲ့ပါက၊ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ အရေပြားနေလောင်ခြင်း၊ အရေပြားကင်ဆာဖြစ်နိုင်ခြင်း၊ မျက်စိမျက်ကြည်လွှာ ပျက်စီးစေနိုင်ခြင်း စသည်များဖြစ်ပေါ်နိုင်ပါသည်။ လှိုင်းအလျားအတိုဆုံးဖြစ်သည့် UV-C ကျရောက်ခြင်းခံရပါက လူများ၏ခန္ဓာကိုယ်ခုခံအားစနစ်ထိခိုက်ပြီး သေဆုံးသည်အထိ ဖြစ်နိုင်သည့်အပြင် ရေနေသတ္တဝါများသေဆုံးခြင်း၊ ကောက်ပဲသီးနှံများပျက်စီးခြင်း စသည့်အန္တရာယ်များလည်းကျရောက်နိုင်ပါသည်။

သို့ရာတွင် အိုဇုန်းဓာတ်ငွေ့၏ ထူးခြားသော ဖွဲ့စည်းပုံကြောင့် အိုဇုန်းလွှာသည် နေရောင်ခြည်တွင်ပါရှိသော UV-C များကို ၉၇% မှ ၉၉%ထိအောင် စုပ်ယူနိုင်စွမ်းရှိပါသည်။ လူသားများနှင့် သက်ရှိများအား အန္တရာယ်ပေးနိုင်သော ခရမ်းလွန်ရောင်ခြည် တစ်မျိုးဖြစ်သည့် UV-C များကိုစုပ်ယူပေးနိုင်စွမ်းရှိသော အိုဇုန်းဓာတ်ငွေ့များကို လေထု၏ဒုတိယအလွှာတွင် တစ်စုတစ်စည်းတည်း တည်ရှိနေစေရန် သဘာဝတရားက ဖန်တီးပေးထားခြင်းဖြစ်ပါသည်။ သက်ရှိကမ္ဘာရပ်တည်နိုင်ရေးအတွက် အိုဇုန်းလွှာကိုထိန်းသိမ်းရန် ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ(၁၆)ရက်နေ့တွင် အိုဇုန်းလွှာ ပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်ကို ကနေဒါနိုင်ငံ၊ မွန်ထရီယယ်မြို့တွင် ချုပ်ဆိုခဲ့ရာ၊ ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ် စက်တင်ဘာလ(၁၆)ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ **(International Day for the Preservation of the Ozone Layer)**အဖြစ် သတ်မှတ်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ "ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး၊ အိုဇုန်းလွှာကိုထိန်းသိမ်းပေး" "Ozone, All there is between you and UV"ဖြစ်ပါသည်။အိုဇုန်းလွှာပျက်စီးရခြင်းမှာ ကမ္ဘာမြေပြင်ရှိ လူမှုစီးပွားရေးနယ်ပယ်များ၏ ထုတ်လွှတ်သည့် ကလိုရင်းနှင့်ဘရိုမင်းပါဝင်သော ဓာတုပစ္စည်းများကြောင့်ဖြစ်ပါသည်။ ၎င်းဒြပ်ပစ္စည်းများကို (Ozone Depleting Substances-ODSs)ယိုယွင်းလျော့နည်းစေ

သည့်ဝတ္ထုများဟုခေါ်ဆိုကြပါသည်။ ၎င်းဒြပ်ပစ္စည်းများကို ရေခဲသေတ္တာ၊ လေအေးစက်၊ စပရေးဗူး၊ ရေမြှုပ်၊ မီးသတ်ဆေးဗူး၊ စိုက်ပျိုးရေးသုံးပိုးသတ်ဆေးနှင့် လယ်ယာထွက်ကုန် ပိုးဖျန်းဆေး စသည်တို့တွင် ထည့်သွင်းအသုံးပြုကြပါသည်။ အဆိုပါဒြပ်ပစ္စည်းများသည် အပေါ်ယံလေထုအတွင်းသို့ ရောက်သွားသည့်အခါ ဓာတ်ပြောင်းလဲမှုများ ဆက်တိုက်ဖြစ်ပေါ်၍ အိုဇုန်းလွှာကိုပျက်စီးစေပြီး၊ အိုဇုန်းလွှာပျက်စီးသည့်အခါ အကာအကွယ်မရှိတော့ဘဲ ခရမ်းလွန်ရောင်ခြည်လှိုင်းများ ကမ္ဘာမြေပြင်အပေါ်သို့ ပိုမိုများပြားစွာကျရောက်လာမည်ဖြစ်ပါသည်။

UNEP ၏အစီရင်ခံစာတွင် လေ့လာတွေ့ရှိချက်အရ ကမ္ဘာမြေပြင်ပေါ်သို့ ခရမ်းလွန်ရောင်ခြည်ကျရောက်မှုကြောင့် နှစ်စဉ်လူဦးရေ ၂ သန်းမှ ၃ သန်းအထိ အရေပြားကင်ဆာရောဂါဖြစ်ပွားလျက်ရှိပြီး နှစ်စဉ်ခန့်မှန်းခြေလူဦးရေ ၆၆၀၀၀ ခန့် သေဆုံးမှုဖြစ်ပေါ်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

မြန်မာနိုင်ငံသည် ၁၉၈၅ ခုနှစ်မှာပြဋ္ဌာန်းခဲ့သည့် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ၁၉၈၇ ခုနှစ်တွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်နှင့် ၁၉၉၀ ခုနှစ် တွင် သဘောတူညီခဲ့သည့် လန်ဒန်ပြင် ဆင်ချက်များတွင် ၁၉၉၃ ခုနှစ်၌အဖွဲ့ ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး အလားတူ ၁၉၉၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ကိုပင်ဟေဂင် ပြင်ဆင်ချက်ကို ၂၀၀၉ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပါသည်။ ၁၉၉၇ ခုနှစ် မွန်ထရီယယ်ပြင် ဆင်ချက်နှင့် ၁၉၉၉ ခုနှစ်ပေကျင်းပြင်ဆင်ချက်များကို ၂၀၁၂ ခုနှစ်၌ အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် အိုဇုန်းလွှာ ပျက်စီးစေသော ဒြပ်ပစ္စည်းများကို ထုတ်လုပ်၊ တင်ပို့မှုမရှိသော်လည်း ပြည်တွင်းသုံးစွဲရန်အတွက် ပြည်ပမှတင်သွင်းလျက်ရှိပြီး၊ ကလိုရိုဖလူရိုကာဗွန်(CFC)ဒြပ်ပစ္စည်းများကို ၂၀၀၇ ခုနှစ်မှစပြီး တင်သွင်းမှု ရပ်ဆိုင်းနိုင်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သည့် ရီယို(Rio)နှစ် ၂၀အလွန် ကမ္ဘာ့ထိပ်သီးညီလာခံတွင် ကမ္ဘာ့နိုင်ငံများမှ ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေသည့်အပြင် အိုဇုန်းလွှာပျက်စီးမှုဖြစ်စေသည့်(HCFC) သုံးစွဲမှု၊ ထုတ်လွှတ်မှုကို တဖြည်းဖြည်း လျှော့ချရပ်ဆိုင်းရန်အတွက် သဘောတူညီခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများသုံးစွဲမည့်အစား၊ အိုဇုန်းလွှာကိုမထိခိုက်စေသည့် ပစ္စည်းများ အစားထိုးသုံးစွဲရန်နှင့် လျှော့ချသုံးစွဲရန် နိုင်ငံတကာနှင့်ပူးပေါင်းရန် တက်တက်ကြွကြွဆောင်ရွက်နေပါကြောင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ အိုဇုန်းလွှာပါးလွှာပျက်စီးခြင်းကို ကာကွယ်မှသာ လူသား၊ တိရစ္ဆာန်၊ အပင်နှင့် မိမိတို့နေထိုင်ရာ ကမ္ဘာကြီးရေရှည်တည်တံ့ရေးကို အထောက်အကူပြုမှာဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

စာမျက်နှာ- ၂၁ မှအဆက်

### မြတ်ဗုဒ္ဓသခင် နှင့် သစ်တောသစ်ပင်

မြတ်ဗုဒ္ဓရဲ့ ဖွား၊ ပွင့်၊ ဟော၊ စံဌာနနေရာများကို ပြန်ပြီး သုံးသပ်ကြည့်ရင် သစ်ပင်သစ်တောများနှင့် ပတ်သက်နေတာချည်းပါပဲ၊ လုမ္ဗဏီအင်ကြင်းတော၊ မဟာဗောဓိညောင်ပင်၊ မိဂဒါဝုန်တော၊ ကုသိနာရုံ၊ အင်ကြင်းတော၊ စသည်ဖြင့် အစဉ်အတိုင်း စိစစ်တွေ့ရှိနိုင်ပါတယ်။ သစ်တောသစ်ပင်တွေရဲ့အကျိုးကျေးဇူးတွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်တာတွေ၊ လူတွေရဲ့ စိတ်ရော ကိုယ်ပါကျန်းမာဖို့အရေးတွေကို ထောင့်စုံအောင် ဟောဖေါ်ဆုံးမတော်မူသော မြတ်စွာဘုရားဟာ သစ်တောသစ်ပင် ပတ်ဝန်းကျင်ကိုလည်း အတိုင်းအတာတစ်ခုအထိ တန်ဖိုးထားကြောင်း၊ သတိထားမိပါတယ်။ မြတ်စွာဘုရား တန်ဖိုးအထားဆုံးကတော့ သစ္စာတရား(ဝါ) သစ္စာလေးပါး မြတ်တရားပဲဖြစ်ပါလိမ့်မယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး "ဗုဒ္ဓအလိုကျ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း"လို့ မြန်မာလို အဓိပ္ပါယ်ယူနိုင်တဲ့ စာတမ်းတစ်စောင်ကို အနောက်နိုင်ငံသားတစ်ဦးက ပြုစုထားတာ တစ်ခါက ကျွန်တော် ဖတ်ခဲ့ဖူးပါတယ်။ အနောက်နိုင်ငံသားတွေပါ သိကုန်ပါပြီ။ ကျွန်တော်တို့သာ ဟင်းအိုးထဲက ယောင်းမလို အရသာမခံတတ်တဲ့ လူတွေမဖြစ်အောင် ကြိုးစားကြရဦးမှာပါ။ ဒါကြောင့် မြတ်ဗုဒ္ဓရဲ့ တပည့်သားမြေးများဖြစ်ကြတဲ့ ကျွန်တော်တို့တစ်တွေဟာ သစ္စာတရားကို နှလုံးမှာကိန်းအောင်းစေပြီး သစ်တောသစ်ပင်များ အပါအဝင် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြပါ၊ စောင့်ရှောက်နိုင်ကြပါစေလို့ ပတ္တနာပြုလိုက်ပါရစေခင်ဗျား ။ ။




**အော်ပီကျယ်**

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လ ကျွန်းသစ်လုံးအတန်းအစားအလိုက် ပျမ်းမျှဈေးနှုန်းနှင့် ဝင်ငွေအခြေအနေ

(တင်ဒါ)

(အမေရိကန်ဒေါ်လာ)

| စဉ် | အတန်းအစား | ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ | | ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ | | |
|---|---|---|---|---|---|---|
| | | တန်ချိန် | ပျမ်းမျှ တစ်တန်နှုန်း | တန်ချိန် | ပျမ်းမျှ တစ်တန်နှုန်း | တိုးတက်မှု ရာခိုင်နှုန်း |
| ၁ | သစ်ပါးလွှာပထမတန်း (First Quality) | - | - | - | - | - |
| ၂ | သစ်ပါးလွှာဒုတိယတန်း (Second Quality) | - | - | - | - | - |
| ၃ | သစ်ပါးလွှာတတိယတန်း (Third Quality) | - | - | - | - | - |
| ၄ | သစ်ပါးလွှာစတုတ္ထတန်း (Fourth Quality) | - | - | - | - | - |
| ၅ | စက်ခွဲအတန်းအစား(၁) (Sawing Grade-1) | ၇ | ၅၆၆၀ | ၂၆ | ၅၅၁၁ | (-) ၂.၆၃ |
| ၆ | စက်ခွဲအတန်းအစား(၂) (Sawing Grade-2) | ၂၃ | ၄၉၀၉ | ၂၆ | ၅၀၈၀ | (+) ၃.၄၈ |
| ၇ | စက်ခွဲအတန်းအစား(၃) (Sawing Grade-3) | | | ၁၆ | ၂၇၄၀ | |
| ၈ | စက်ခွဲအတန်းအစား(၄) (Sawing Grade-4) | ၁၀၀ | ၃၈၂၀ | ၈၂ | ၃၇၂၆ | (-) ၂.၄၆ |
| ၉ | စက်ခွဲအတန်းအစား(၅) (Sawing Grade-5) | ၆၄ | ၂၂၅၁ | ၆၀ | ၂၇၆၈ | (+) ၂၂.၉၇ |
| ၁၀ | စက်ခွဲအတန်းအစား(၆) (Sawing Grade-6) | ၅၇ | ၂၂၁၇ | ၉၂ | ၂၀၉၈ | (-) ၅.၃၇ |
| ၁၁ | စက်ခွဲအတန်းအစား(၇) (Sawing Grade-7) | ၂၄၉ | ၁၈၉၁ | ၆၆ | ၁၅၅၁ | (-) ၁၇.၉၈ |
| | စုစုပေါင်း ရောင်းချတန် | ၅၀၀ | | ၃၆၈ | | |
| | စုစုပေါင်း ဝင်ငွေ (အမေရိကန်ဒေါ်လာသန်း) | | ၁.၂၇၈ | | ၁.၀၈၄ | |

## ၂၀၀၃-၂၀၀၄ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျွန်းသစ်လုံးအတန်းအစားအလိုက် ပျမ်းမျှတစ်တန်ဈေးနှုန်းနှင့် ဝင်ငွေအခြေအနေ

(တင်ဒါ)

(အမေရိကန်ဒေါ်လာ)

(အမေရိကန်ဒေါ်လာ)

| စဉ် | အတန်းအစား | ၂၀၀၃-၀၄ | ၂၀၀၄-၀၅ | ၂၀၀၅-၀၆ | ၂၀၀၆-၀၇ | ၂၀၀၇-၀၈ | ၂၀၀၈-၀၉ | ၂၀၀၉-၁၀ | ၂၀၁၀-၁၁ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၂၀၁၆ တင်ဒါ (၄) လ ပျမ်းမျှတစ်တန်နှုန်း | ၂၀၁၅-၂၀၁၆ တင်ဒါ (၅) လ ပျမ်းမျှတစ်တန်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | သစ်ပါးလွှာပထမတန်း (First Quality) | | | ၄၇၆၃ | | | - | - | - | - | - | - | | - | - |
| ၂ | သစ်ပါးလွှာဒုတိယတန်း (Second Quality) | ၄၆၃၂ | ၅၄၀၀ | ၄၆၄၇ | ၅၁၇၆ | ၇၂၄၃ | ၇၈၀၂ | - | - | - | - | - | | - | - |
| ၃ | သစ်ပါးလွှာတတိယတန်း (Third Quality) | ၄၇၃၅ | ၄၇၇၈ | ၄၄၄၂ | ၅၀၈၉ | ၆၀၈၆ | ၆၀၄၀ | - | - | ၇၅၅၆ | - | - | | - | - |
| ၄ | သစ်ပါးလွှာစတုတ္ထတန်း (Fourth Quality) | ၄၂၂၆ | ၄၂၄၃ | ၄၀၉၀ | ၄၁၁၁ | ၆၀၉၆ | ၄၉၂၆ | ၅၀၆၆ | ၆၂၄၃ | ၆၄၁၂ | ၆၁၃၆ | - | | - | - |
| ၅ | စက်ခွဲအတန်းအစား(၁) (Sawing Grade-1) | ၂၇၆၂ | ၂၅၆၆ | ၂၇၆၂ | ၃၀၄၄ | ၃၈၆၆ | ၃၆၈၆ | ၃၄၈၅ | ၄၀၆၂ | ၄၄၆၇ | ၄၃၂၈ | - | | ၅၅၁၁ | ၅၅၁၁ |
| ၆ | စက်ခွဲအတန်းအစား(၂) (Sawing Grade-2) | ၂၀၄၈ | ၂၀၀၀ | ၁၉၆၄ | ၂၃၀၉ | ၃၂၀၆ | ၂၉၇၀ | ၂၉၂၀ | ၃၃၃၇ | ၁၉၆၅ | ၃၆၉၀ | ၄၀၆၃ | ၄၀၈၉ | ၄၇၃၅ | ၅၀၈၀ |
| ၇ | စက်ခွဲအတန်းအစား(၃) (Sawing Grade-3) | | | | | | | | | | | | | | ၂၇၄၀ |
| ၈ | စက်ခွဲအတန်းအစား(၄) (Sawing Grade-4) | ၁၂၀၉ | ၁၃၃၅ | ၁၃၈၂ | ၁၇၀၄ | ၂၈၅၉ | ၂၆၈၀ | ၂၄၁၀ | ၂၄၇၀ | ၂၈၄၆ | ၃၀၂၄ | ၃၂၂၆ | ၃၅၆၇ | ၃၅၈၆ | ၃၇၂၆ |
| ၉ | စက်ခွဲအတန်းအစား(၅) (Sawing Grade-5) | | | | | | | | | | | | ၂၈၂၆ | ၂၆၅၂ | ၂၇၆၈ |
| ၁၀ | စက်ခွဲအတန်းအစား(၆) (Sawing Grade-6) | | | | | | | | | | | | ၂၀၄၆ | ၂၄၉၀ | ၂၀၉၈ |
| ၁၁ | စက်ခွဲအတန်းအစား(၇) (Sawing Grade-7) | | | | | | | | | | | | ၁၆၈၀ | ၁၆၈၀ | ၁၅၅၁ |

မှတ်ချက်- ၂၀၁၅-၂၀၁၆ ခုနှစ်( ၂၀၁၅ခု၊ ဩဂုတ်လ) စုစုပေါင်းရောင်းချတန် - (၃၆၇.၆၉၄ ) တန်

၂၀၁၅ -၂၀၁၆ခုနှစ်( ၂၀၁၅ခု၊ ဩဂုတ်လ) စုစုပေါင်းဝင်ငွေ- (၁.၀၈၄)ကန်ဒေါ်လာသန်း

D/Report/ Tender Excel

Planning (31-08-2015)




ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း မြန်မာနိုင်ငံတွင် ရမ်ဆာကွန်ပင်းရှင်းအကောင်အထည်ဖော်ခြင်းဆိုင်ရာနိုင်ငံအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားစဉ်။ (၇-၉-၂၀၁၅)




Agroforestry; Alternative to Shifting Cultivation in the upland of Myanmar စီမံကိန်းအလုပ်ရုံဆွေးနွေးပွဲအခမ်းအနားတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။ (၈-၉-၂၀၁၅)



ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သစ်ကုန်သွယ်မှုနှင့် ပတ်သက်သောဆက်စပ်ပတ်သက်သူများညှိနှိုင်းဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (၂၄-၉-၂၀၁၅)



ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (NBSAP) (၂၀၁၅-၂၀၂၀) (နောက်ဆုံးမူကြမ်း)အပေါ် အကြံပြုသုံးသပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (၉-၉-၂၀၁၅)



ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဦးစီးအရာရှိများစွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းအမှတ်စဉ်(၇)ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများနှင့် သင်တန်းသားများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။ (၁၄-၉-၂၀၁၅)




ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းမြို့၌ကျင်းပသည့် ဇီဝအရင်းအမြစ်ဆိုင်ရာ သုတေသနလုပ်ငန်းများ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုပြပွဲတွင် ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သံအမတ်ကြီးများ၊ သံမှူးများ၊ ဧည့်သည်တော်များနှင့်အတူ ပြခန်းအားဖဲကြိုးဖြတ်ဖွင့်လှစ်စဉ် ။ (၂၁-၉-၂၀၁၅)



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့
အောင်ချမ်းသာ (ပရဟိတ)သီလရှင်ကျောင်းတိုက်တွင်
ဆွမ်းပဒေသာပင်အတွက် နဝကမ္မအလှူငွေနှင့် သီလရှင်ဝတ်စုံများ
လှူဒါန်းစဉ်။ (၅-၉-၂၀၁၅)




ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် ရောင်းဝယ်ရေးဖက်စပ်လုပ်ငန်းစဉ်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (Memorandum of Cooperation) လက်မှတ်ရေးထိုးပွဲအခမ်းအနား တက်ရောက်စဉ်။ (၁၆-၉-၂၀၁၅)




ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ရာသီဥတုပြောင်းလဲမှုအတွက် ဦးစားပေးလုပ်ငန်း အစီအစဉ်များနှင့်စပ်လျဉ်း၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (၂၉-၉-၂၀၁၅)

# ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲများ


မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် (၂၃-၈-၂၀၁၅)


ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ် (၁၅-၈-၂၀၁၅)



ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ် (၁၈-၈-၂၀၁၅)


မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ် (၂၅-၈-၂၀၁၅)

## ဝန်းကျင်/သားငှက် ကဏ္ဍ


ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှဝန်ထမ်းများ သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး ပညာပေးဟောပြောစဉ်။ (၁၇-၈-၂၀၁၅)


ပိတောင်ဘေးမဲ့တောမှဝန်ထမ်းများ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ပညာပေးဟောပြောစဉ်။ (၁၆-၉-၂၀၁၅)




ပါမောက္ခ ဦးအုန်းလွင်

# အနာဂတ်တက္ကသိုလ်နှင့် ကျွန်တော့်အမြင် ----

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အစိုးရနှင့် လူမှုအဖွဲ့အစည်းများ ကြိုးပမ်းစွမ်းဆောင်နေမှုများနှင့်အတူ ပညာရေးကဏ္ဍ ဦးတည်မျှော်မှန်းချက်များနှင့် အစီအစဉ်များ၊ သီးခြားကိုယ်ပိုင်ရပ်တည်ခွင့်၊ ပူးပေါင်းခွင့်စသည့်နည်းလမ်းများ၊ စိန်နှင့် အရည်အသွေးအာမခံချက်များ အစရှိသည်တို့အား ဖြည့်ဆီးနိုင်ရန်အတွက် ကောင်စီများ၊ ကော်မတီများ၊ လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပြီးသော ဆန်းစစ်ချက်စစ်တမ်းများ၊ ညီလာခံနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲနှင့် အစည်းအဝေးများကား အနန္တပင်။ သစ်တောနှင့်ပတ်ဝန်းကျင်ကဏ္ဍထာဝစဉ် ဖွံ့ဖြိုးတိုးတက်စေရန် လက်ရှိဆောင်ရွက်လျက်ရှိသော ပညာရေးဝါဒများနှင့် လိုက်လျောညီထွေရှိစေမည့် သစ်တောတက္ကသိုလ်မှ လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးရမည့်အပေါ် ရိုးရှင်းသော ကျွန်တော်၏အမြင်ကို ဖွင့်ဆိုလိုက်ရပါသည်။

သစ်တောတက္ကသိုလ် အနာဂတ်ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် မည်သူတို့အပေါ် အဓိကတည်မှီနေသနည်း၊ မည်သို့လက်တွေ့ကျကျ ဖေါ်ဆောင်မည်နည်းဟူသည့် မေးခွန်းများအပေါ် စာဖတ်သူအနေဖြင့် သင်မည်ကဲ့သို့ ထင်မြင်ပါသနည်း။ ကျွန်တော်၏ အမြင်မှာမူကား -

၁။ သစ်တောတက္ကသိုလ်၏ ပါဝင်သက်ဆိုင်သူများ (Stake holders)ဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ၎င်း၏အောက်ရှိ အဓိကကျသော သစ်တောကဏ္ဍအပါအဝင် ဦးစီးဌာနများနှင့်လုပ်ငန်းဌာနများ၊ ဆက်စပ်သော အစိုးရဌာနများ၊ ပုဂ္ဂလိကသစ်အခြေခံ စက်မှုလုပ်ငန်းရောင်းဝယ်ရေးနှင့်သစ်တောစိုက်ခင်း ကုမ္ပဏီများ၊ သစ်တောပတ်ဝန်းကျင် ကဏ္ဍနှင့်သက်ဆိုင်သော အပြည်ပြည်/ဒေသဆိုင်ရာ/ပြည်တွင်း/ပြည်ပ/ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပညာရေးမူဝါဒဆိုင်ရာ ပညာရှင်သုတေသီများ၊ တက္ကသိုလ်စီမံခန့်ခွဲရေးနှင့် သင်ကြားရေးအတွေ့အကြုံရှိသူများ၊ သစ်တောဘွဲ့ရများ၊ သစ်တောပညာရှင်များနှင့် သစ်တောချစ်မြတ်နိုးသူများ၊ ကျောင်းသားမိဘကိုယ်စားလှယ်များ အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် အဓိက တည်မှီနေပါသည်ဟု ဖြေကြားလိုပါသည်။

၂။ အနာဂတ်တွင် မည်သို့ရပ်တည်မည်နည်း ဆိုသည့် မေးခွန်းမှာ သစ်တောတက္ကသိုလ်အတွက် တိကျပြတ်သားသော အဖြေမရှိသေးပေ။ ကနဦးအစပိုင်းတွင် ဖြစ်နိုင်ခြေရှိသောနည်းလမ်းများမှာ- (၁)ပညာရေးဝန်ကြီးဌာနအောက်သို့ အပြီးအပိုင်လုံးဝပြောင်းရွှေ့ရန်၊ (၂)လက်ရှိဝန်ကြီးဌာနအောက်မှာ ရပ်တည်ရန်၊ (၃)သီးခြားတက္ကသိုလ်အဖြစ်ရပ်တည်ရန်၊ (၄)နယ်မြေဒေသအမည်ဖြင့်(ရေဆင်းအမျိုးသားတက္ကသိုလ်)အဖြစ် ပူးပေါင်းရပ်တည်ရန်ဖြစ်ပြီး အခြေအနေအလျောက်ရွေးချယ်ဖွဲ့စည်းရပ်တည်ရပေမည်။ စုပေါင်း၍ ခွန်အားမစိုက်ထုတ်နိုင်ပါက ရေစီးအတိုင်း မျောပါနိုင်သလို ကြိုးစားအားထုတ်ခြင်းဖြင့် မိမိလိုရာပန်းတိုင်ကိုအရောက်လှမ်းကိုင်နိုင်ပါသည်။ ကျွန်တော်၏အမြင်မှာ ချမှတ်ထားသော ပညာရေးမူဘောင်များအတွင်းမှ ပါဝင်သက်ဆိုင်သူများ (Stakeholders) အားလုံး ပူးပေါင်းပါဝင်ပံ့ပိုးမှုဖြင့် နယ်ပယ်ကဏ္ဍ ပိုမိုပြည့်စုံကျယ်ပြန့်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ် (သစ်တော/ပတ်ဝန်းကျင်) (University of Forestry and Environmental Science) အဖြစ်ရပ်တည်နိုင်ရန် အတတ်နိုင်ဆုံး ကြိုးစားအားထုတ်ပါက မလွဲမသွေဖြစ်နိုင်ကြောင်း ယူဆမိပါသည်။ သို့မှသာ အနာဂတ်သစ်တောနှင့် ပတ်ဝန်းကျင်ကဏ္ဍ၏လိုအပ်ချက်ကို အပြည့်အဝ တိုက်ရိုက်အကျိုးပြုနိုင်သော အနာဂတ်မျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်မည် ဖြစ်ပါသည်။

၃။ မည်သို့ လက်တွေ့ကျကျ ဆောင်ရွက်မည်နည်း ဆိုသည့် မေးခွန်းအပေါ် အများထင်မြင်သကဲ့သို့ ရိုးရှင်းစွာဖြေဆိုလိုသည်မှာ ၂၀၁၂-ခုနှစ်၊ အောက်တိုဘာလ(၂၄-၂၅)ရက် သစ်တောဦးစီးရုံးချုပ်၊ အင်ကြင်းခန်းမတွင်ပြုလုပ်သော(Quick Win)အတွက် ဆောင်ရွက်ချက် စာတမ်းဖတ်ပွဲတွင် သစ်တောတက္ကသိုလ်ကိုယ်စား ကျွန်တော်တင်ပြခဲ့သော "လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာ စာတမ်း" အပေါ် အခြေခံပြီးအောက်ပါအတိုင်း တင်ပြသွားပါမည်-

**အဆင့်(၁)**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ တင်ပြလမ်းညွှန်မှုကိုခံယူပြီး ပါဝင်သက်ဆိုင်သူများ (Stakeholders)၏ လိုအပ်ချက်များနှင့် ပူးပေါင်းပါဝင်မှုများကို ဆန်းစစ်ဖော်ထုတ်ခြင်း၊ (Needs Assessment) ပြုလုပ်ရပါမည်။

**အဆင့်(၂)**

လိုအပ်ချက်များအပေါ် ပညာရပ်နယ်ပယ် အမျိုးအစားနှင့် အတိုင်းအတာ (Level)ကို ခွဲခြားသတ်မှတ်ခြင်း (Subjects Identification and Categorization) ပြုလုပ်ရပါမည်။

အနာဂတ် သစ်တောနှင့်ပတ်ဝန်းကျင်ကဏ္ဍဖွံ့ဖြိုးရန်ဘာသာရပ်နယ်ပယ်များနှင့် ဘာသာရပ် တစ်ခုစီအလိုက် လိုအပ်သော ပညာရပ်ဆိုင်ရာ အတိမ်အနက် အတိုင်းအတာ (Level) (ဥပမာ- လုပ်ငန်း အတတ်သင်ကျောင်း၊ သင်တန်းကျောင်းများမှ ကာလတိုနှင့်ကာလရှည်ကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်ပို့ချရန်၊ ဒီပလိုမာ၊ သိပ္ပံဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူအဆင့်အထိ ဖွင့်လှစ်ပို့ချရန်၊ သုတေသနပြုလုပ်ရန်၊ ညီလာခံနှင့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပရန် လိုအပ်ခြင်း)ကို စနစ်တကျဆုံးဖြတ် သတ်မှတ်နိုင်ရန်အတွက် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးများကို စနစ်တကျအချိန်ယူပြီး အဆင့်ဆင့်ကျင်းပပြုလုပ် ဆောင်ရွက်သွားရပါမည်။

**အဆင့်(၃)**

ဆွေးနွေးပွဲရလဒ်အပေါ် သင်ရိုးစီမံချက်ရေးဆွဲခြင်း နှင့် သင်တန်းဆရာများအား သတ်မှတ်တာဝန်ပေးခြင်း (Planning Training Curriculum and teaching) ဖြစ်ပါသည်။

သစ်တောနှင့် ပတ်ဝန်းကျင်ကဏ္ဍတွင် ဘာသာရပ်အလိုက် အတွေ့အကြုံရှိသူများကို တက္ကသိုလ်နှင့် သင်တန်းကျောင်းများတွင် သင်ရိုးအခြေခံနှင့် ခေတ်မီနည်းစနစ်များ အချိန်ပြည့်၊ အချိန်ပိုင်းစာတွေ့၊ လက်တွေ့သင်ကြားစေရန်၊ စာတမ်းငယ်(Term paper)နှင့် ကျမ်းပြုစာတမ်း(Thesis) များကြီးကြပ်စေရန် တာဝန်ပေးရပါမည်။

**အဆင့်(၄)**

ဆောင်ရွက်လျက်ရှိသော အစီအစဉ်အပေါ် အမြဲမပြတ်စောင့်ကြည့်စစ်ဆေးခြင်း၊ ဆန်းစစ်ခြင်း၊ (Monitoring, Evaluation)ပြုလုပ်ပြီး ညှိနှိုင်းသုံးသပ်အကြံပြုချက်များဖြင့် သင်တန်းအစီအစဉ်များ ခေတ်နှင့်အညီ ပြန်လည်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၄။ အရည်အသွေးအာမခံချက်(Quality Assurance) အတွက် သစ်တောသိပ္ပံဘွဲ့အပြင် အထူးပြုဘာသာရပ်များတွင် ရမှတ် ၆၅% နှင့်အထက်ရှိသူများအား (ဥပမာ- သစ်တော၊ မူဝါဒ၊ ဥပဒေ၊ စီးပွားရေး၊ သစ်တောစိုက်ခင်း၊ ဒီရေတော၊ ရေဝေရေလဲ၊ လူမှုသစ်တော၊ သစ်တော သယံဇာတ စီမံအုပ်ချုပ်ခြင်း၊ သစ်တော ကာကွယ်ခြင်း၊ သစ်တောမြေဆီလွှာ၊ သစ်ထုတ်ခြင်း၊ သစ်တောစက်မှု၊ သစ်ခါတုနှင့် သစ်ရှုပ၊ သစ်တော မျိုးရိုးဗီဇ နှင့် ဇီဝနည်းပညာ၊ သစ်တောနှင့် ရာသီဥတုပြောင်းလဲမှု၊ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်း စီမံအုပ်ချုပ်ခြင်း အစရှိသည်တို့) လက်တွေ့နယ်ပယ် ကြီးကြပ်မှုအောက်တွင် ၁-နှစ် လေ့လာပြီး နည်းပညာဆိုင်ရာ စာတမ်းများကို အချိန်အပိုင်းလိုက် ရေးသား တင်ပြစစ်ဆေးခြင်းဖြင့် ဘွဲ့လွန်ဒီပလိုမာ (Graduate Diploma)များ အပ်နှင်းပေးသွားရပါမည်။ အထူးပြုနယ်ပယ်အသီးသီးတွင် မြင့်မားသော ဘွဲ့ဒီဂရီ ပိုင်ဆိုင်ထားသည့် သင်ကြားပို့ချမည့်သူများ မပြည့်စုံသေးပါက အတွေ့အကြုံရှိပြီး ကျွမ်းကျင်သူများမှ ပို့ချပေးရမည်ဖြစ်ပါသည်။ ထို့အပြင် စာသင်ခန်းပြင်ပ ဆောင်ရွက်မှုများ (Extra-curricula)၊ တီထွင်ဆန်းသစ်မှုများ (Innovations)၊ လူမှုရေး၊ ကျန်းမာရေးနှင့် အကျင့်စာရိတ္တပိုင်းဆိုင်ရာ စွမ်းဆောင်ချက်များ (Social Characters) အစရှိသည်တို့ကို ပေါင်းစပ်လေ့ကျင့် မှတ်တမ်းတင်အသိအမှတ်ပြုခြင်းအားဖြင့် အရည်အသွေးတိုးတက်မှုကို မလွဲမသွေရရှိနိုင်မည်ဖြစ်ပြီး တက္ကသိုလ်၏ ဆောင်ပုဒ် (Motto) (Knowledge-Professionalism-Service) ကို လက်တွေ့အကောင်အထည်ဖော်ရာလည်း ရောက်ပေမည်။

၅။ ပညာသင်ကာလအပေါ် ကျွန်တော်၏ ကနဦးအမြင်မှာ သစ်တောသိပ္ပံဘွဲ့(B.Sc Forestry)အတွက် စာတွေ့ လက်တွေ့ ၄-နှစ်(အခြေခံပညာတွင် ၁၁-တန်း (12 Grade)စတင်ပြီး)နှင့် အထူးပြုဘာသာရပ် (Specialized subjects)အတွက် ဘွဲ့လွန်ဒီပလိုမာ(Graduate Diploma)စာတွေ့လက်တွေ့ ၁-နှစ် (လိုအပ်ပါက လအနည်းငယ် တိုးချဲ့နိုင်ပါသည်) စုစုပေါင်း-၅-နှစ် ဟု တက္ကသိုလ်နှင့် ကျောင်းသားများ နှစ်ဦးနှစ်ဖက်အတွက် ခေတ်ကာလနှင့် လျော်ညီစွာ ချင့်ချိန်ပြီး အဆိုပြုတင်ပြလိုပါသည်။

၆။ အလုပ်အကိုင် အခွင့်အလမ်း (Job Opportunities) သည် သစ်တော/ပတ်ဝန်းကျင်ကဏ္ဍတစ်ခုစီ၏ လုပ်ငန်းနယ်ပယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်နေသဖြင့် နိုင်ငံ၏လက်ရှိအခြေအနေနှင့်လျော်ညီစွာ သစ်တောသိပ္ပံဘွဲ့ရသူအားလုံးအတွက် အာမခံပေးနိုင်မည်တော့ မဟုတ်ပေ။ အထူးပြုကဏ္ဍအလိုက် လိုအပ်ချက်အရ

စာတွေ့လက်တွေ့ စည်းကမ်းဘက်စုံထူးချွန်သူအချို့ကိုသာ အာမခံပေးနိုင်ပါက သစ်တောတက္ကသိုလ်အနေဖြင့် သီးခြားရပ်တည်နိုင်ရန် လုံလောက်ပြီဟု ထင်မြင်မိပါသည်။ ဥပမာ သစ်တောဦးစီးဌာန၊ ရေဝေရေလဲအုပ်ချုပ်ရေးဌာနအတွက် သစ်တောသိပ္ပံဘွဲ့နှင့် ဘွဲ့လွန်ဒီပလိုမာရရှိထားသူများအနက်မှ တစ်နှစ်လျှင် ၂-ဦး ခန့်ထားပေးနိုင်ပါက နောင် ၁၀-နှစ်ကြာလျှင် အဆိုပါ လုပ်ငန်းဌာနတွင် အခြားလုပ်ငန်းသို့ ပြောင်းရွှေ့ရန်မလိုအပ်သော ကျွမ်းကျင်သူ အမြဲတမ်းဝန်ထမ်း ၂၀-ဦးအဖြစ် လူ့စွမ်းအားအရင်းအမြစ်ကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ ၄င်းနည်းတူ စိုက်ခင်းဒီပလိုမာရရှိထားသူများကို ပုဂ္ဂလိကစိုက်ခင်းများတွင် စိုက်ခင်းပမာဏ အချိုးအလိုက် နှစ်စဉ်ရွေးချယ် ခေါ်ယူခန့်ထားပေးပါက ပညာရေးရည်မှန်းချက်နှင့် လက်တွေ့လုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆီးနိုင်ပေမည်။

၇။ ကျွန်တော့်အမြင် လက်တွေ့ဆန်ပါ့မလား၊ သစ်တော အတွင်းက သန္ဓေတည်ပေါက်ဖွားလာခဲ့တဲ့ သစ်တောစီမံအုပ်ချုပ်တဲ့ပညာဟာ သစ်တောတွေအထဲမှာပင် ထာဝရကိန်းအောင်းနေပြီး အုပ်ချုပ်တဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြောင်းလဲမှုတို့နဲ့အတူ တုန့်ပြန်ပြောင်းလဲလို့နေပါတယ်။ ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝဘေးအန္တရာယ်များ (Disasters)ကျရောက်မှုကနေ သက်သာစေနိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာ အရေးပါတဲ့ သစ်တောများ၏ အခန်းကဏ္ဍဟာ အနာဂတ်မှာ ပိုမိုတောင်းဆိုလာကြမှာ ဖြစ်တဲ့အတွက် သစ်တောကဏ္ဍနဲ့ ပညာရပ်ဖွံ့ဖြိုးတိုးတက်လာမည်ကား ဧကန်မလွဲပင်ဖြစ်ပါတယ်။ အခုမြင်တွေ့နေကြရတဲ့ သစ်ပင်အကြီးကြီးတွေဟာ အပင်သေးသေးဘဝနဲ့သာ အစပြုခဲ့ရတာချည်း ဖြစ်ပါတယ်။ ယနေ့ခေတ် ခရီးသည် ၆၀၀ နီးပါး တင်ဆောင်နိုင်တဲ့ စူပါဂျမ်ဘိုဂျက်လေယာဉ်ကြီးတွေရဲ့ သမိုင်းကြောင်းအစကိုပြန်ကြည့်လိုက်ပါ။ ၁၅-ရာစု အလယ်ပိုင်းမှာ အီတလီနိုင်ငံသား လီယိုနာဒိုက ပထမဦးဆုံး လေယာဉ်ပုံကြမ်းကိုသာ စိတ်ကူးပုံဖော် ရေးဆွဲနိုင်ခဲ့ပေမယ့် ၁၉၀၃-ခုနှစ်ကျမှ ပထမဦးဆုံး အင်ဂျင်တပ် လေယာဉ်ကို ၁၀-ပေ အမြင့်ကနေ ပျံသန်းချိန် ၁၂-စက္ကန့်အကြာ အကွာအဝေး ၁၂၀-ပေလောက်သာ မောင်းနှင်နိုင်ပြီး မြေပေါ်ပြုတ်ကျခဲ့တဲ့ အမေရိကနိုင်ငံသား Wright ညီနောင်ကို ကျွန်တော်တို့ သမိုင်းတင်ပြီး အလေးထား ဂုဏ်ပြုနေကြလျက်ပါ။ လေယာဉ်တီထွင်တဲ့နောက်မှ လေယာဉ်မောင်း သင်တန်းကျောင်းများ ပေါ်ပေါက်လာတာဖြစ်ပြီး အသိအမှတ်ပြုလက်မှတ်တွေ၊ ဘွဲ့ဒီဂရီတွေလည်း အပ်နှင်းနိုင်တာဖြစ်ပါတယ်။ Wright ညီနောင်ကဲ့သို့သော အသိအမှတ်ပြုလက်မှတ်မရခဲ့သည့် သစ်တောပညာရှင်များလည်း ရှိနေနိုင်တာကို ကျွန်တော်တို့ သတိချပ်သင့်ပါတယ်။ အရည်အသွေး အာမခံနိုင်မှု(Quality Assurance) အပေါ် ကျွန်တော့်အမြင်ကတော့ ရိုးရှင်းပါတယ်။ ဥပမာအားပြောရရင် ကျွန်တော်တို့ အိမ်တိုင်းမှာ မိသားစုများ စားသောက်ဖို့ နေ့စဉ်ချက်ပြုတ်တဲ့ ဟင်းလျာများဟာ နာမည်ကြီးဟိုတယ်က ဟင်းလျာများရဲ့ အရည်အသွေးလောက်မကောင်းတာ သိသော်လည်း လူအများစုက အတိုင်းအတာတစ်ခုအထိ ကျေနပ်စွာလက်ခံနေကြတယ်ဆိုတာပါဘဲ။

ပညာရေးမှုဘောင်ဆိုတာကလည်း မရနိုင်သည့် အရည် အသွေးများရှိမှ ပြီးပြည့်စုံမည်ဟု သတ်မှတ်ထားတာတော့ မဟုတ်လောက်ပါဘူး။ ကျွန်တော်တို့ တက္ကသိုလ်များသည် ရပ်ကွက်အတွင်းက အိမ်များလိုပါဘဲ။ ကိုယ့်အိမ်မှာရှိတဲ့ မိသားစုဝင်အားလုံး ညီညီညွတ်ညွတ်နဲ့ စဉ်းစားဆုံးဖြတ်ကြိုးစားအားထုတ်မှသာ တိုးတက်ကြီးပွားချမ်းသာဖို့ ပဓာနအချက်ဖြစ်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ဆုံးမဩဝါဒလမ်းညွှန်ချက်များကို အမြဲတမ်းမျှော်လင့်ရန် မလိုလောက်ပါဘူး။

ကျွန်တော်တို့ သူများနောက် ရောက်နေပြီလား၊ အမြန်ဆုံး အမှီတက်လိုက်မှ ဖြစ်မယ်၊ ဒါကြောင့် လှေခါးကိုတစ်ထစ်ချင်းမတက်ဘဲ သုံးလေးထစ်လောက် ကျော်တက်လို့တော့ဖြစ်ပါ့မလား။ Wright ညီနောင်လို လူမျိုးတွေ မွေးထုတ်ပေးနိုင်ဖို့ လိုအပ်ချက်တွေက မများလှပါဘူး။ အဲဒီလိုအပ်ချက်တွေကိုဘဲ မျှော်လင့်ရင်း ---------



# "Toward's People Centered Energy" Conference- Policy Summary

## လူထုဗဟိုပြု စွမ်းအင်ကဏ္ဍဆီသို့ ....

**သိမှတ်ဖွယ်ရာကဏ္ဍ**

မြန်မာနိုင်ငံအနေဖြင့် ခေတ်စနစ်နှင့်အညီ လူထုဗဟိုပြုချဉ်းကပ်သည့်ပုံစံကို အကောင်အထည်ဖော်ခြင်းဖြင့် အရှေ့တောင်အာရှ စွမ်းအင်ကဏ္ဍတွင် ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်နိုင်မည့်အခြေအနေကောင်းများ ရှိပါသည်။ နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစွမ်းအင်ဖြည့်ဆည်းမှု လမ်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် လူထု၏ စွမ်းအင်လိုအပ်ချက်များကို ထိရောက်စွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်း လျှပ်စစ်စွမ်းအင်ထုတ်လုပ်သုံးစွဲမှုသည် လူထုဗဟိုပြုသည့် ပြန်ပြည့်မြဲစွမ်းအင်စနစ်ဖော်ဆောင်ရေးကို ဦးတည်လျက်ရှိပြီး ကမ္ဘာ့နိုင်ငံများမှ အစိုးရအသီးသီးကလည်း အားသွန်ခွန်စိုက် ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။ လူထုဗဟိုပြုသည့် ပြန်ပြည့်မြဲစွမ်းအင်စနစ် ဖော်ဆောင်ရေးအတွက် တွန်းအားပေးဆောင်ရွက်သည့် ကနဦး(၁၅)နိုင်ငံမှသည် ဆယ်စုနှစ်အတွင်း နိုင်ငံပေါင်း(၁၂၀)အထိတိုးတက်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ပြန်ပြည့်မြဲစွမ်းအင် အသုံးပြုမှုဆိုင်ရာနည်းပညာရပ်ပိုင်းနှင့် စီမံအုပ်ချုပ်မှုတွင် ဖွံ့ဖြိုးမှုနှောင့်နှေးနေသည်ကို တွေ့ရှိရပါသည်။

International Finance Corporation -IFC မှ ကျွမ်းကျင်ပညာရှင်များ၏ သုံးသပ်ချက်အရ မြန်မာနိုင်ငံ၏ လက်ရှိစွမ်းအင်အသုံးပြုမှုစနစ်အား ပြင်ဆင်ရန်လိုအပ်လျက်ရှိပြီး မြန်မာ့လျှပ်စစ်စွမ်းအင်စီမံချက်ကို ကမ္ဘာ့အဆင့်မှ ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ပြန်ပြည့်မြဲစွမ်းအင်သုံးစွဲမှုသည် အစိမ်းရောင်ဖွံ့ဖြိုးရေးကဏ္ဍအတွက်သာမက အရေးပါသည့် ရင်းနှီးမြှုပ်နှံမှု တစ်ရပ်အဖြစ်သို့ အလျင်အမြန်ပြောင်းလဲလာမည့်အကြောင်းအရင်းများမှာ-

- အနာဂတ်ကာလ ရပ်ကြွင်းလောင်စာဖြည့်ဆည်းပေးနိုင်မှုမှာ သေချာရေရာမှုမရှိချိန်တွင် ပြန်ပြည့်မြဲစွမ်းအင်အသုံးပြုမှုသည် ရေရှည်တည်တံ့နိုင်သည့် အခြေအနေတွင်ရပ်တည်နေခြင်း၊
- သယ်ယူပို့ဆောင် ဖြန့်ဖြူးခြင်းစရိတ်စကများကြောင့် မြင့်တက်လျက်ရှိသည့် လက်ရှိလောင်စာဆီဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ပြည်ပြည့်မြဲစွမ်းအင် အသုံးပြုခြင်းသည် ကုန်ကျစရိတ်လွန်စွာနည်းပါးလျက်ရှိခြင်း၊

ဘဏ္ဍာငွေကြေးလုံလောက်မှုမရှိခြင်းနှင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့်သူမရှိခြင်းတို့ကြောင့် ဝါယာကြိုးများဖြင့် သွယ်တန်း၍ ရာနှုန်းပြည့်လျှပ်စစ်ဖြန့်ဖြူးပေးနိုင်ရေး မျှော်မှန်းချက်များသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်သူလူထု၏ လျှပ်စစ်မီးလိုအပ်ချက်ကို အချိန်မီမဖြည့်ဆည်းပေးနိုင်ခဲ့ပါ။ နည်းလမ်းတစ်ခုတည်းဖြင့် လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသည့်အတွက် လိုအပ်ချက်များအပေါ် မူတည်၍ နည်းဗျူဟာများရေးဆွဲထားရှိရန် လိုအပ်ပါသည်။ ကျေးလက်ဒေသမီးလင်းရေး၊ ချက်ပြုတ်ရန်စွမ်းအင်လိုအပ်ချက်၊ မြို့ပြစွမ်းအင်လိုအပ်ချက်နှင့် စက်မှုလုပ်ငန်းများအတွက် စွမ်းအင်လိုအပ်ချက်ဟူ၍ ကဏ္ဍများခွဲခြားပြီး ကဏ္ဍအလိုက် ဆောင်ရွက်သွားရန်လိုအပ်ပါသည်။ ပဋိပက္ခဖြစ်ပွားလျက်ရှိသော အလှမ်းဝေးသည့် ဒေသနေပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် သီးသန့်နည်းဗျူဟာများရေးဆွဲထားရန်လည်း လိုအပ်ပါသည်။

အထူးသဖြင့် နေစွမ်းအင်ကဲ့သို့သော ပြည်ပြည့်မြဲစွမ်းအင်များသည် အလှမ်းဝေးသောကျေးလက်နေ (တိုင်းရင်းသားလူမျိုးစု) ပြည်သူများ၏စွမ်းအင်လိုအပ်ချက်ကို ပိုမိုထိရောက်မြန်ဆန်စွာ ဖြည့်ဆည်းပေးနိုင်ပါသည်။ ၎င်းတို့သည် ကျောက်မီးသွေးနှင့်ဓာတ်ငွေ့ကဲ့သို့သော သမားရိုးကျလောင်စာများကို သုံးစွဲခြင်းမရှိပါ။ စနစ်တကျဖန်တီးထားသည့် ပြည်ပြည့်မြဲစွမ်းအင်စနစ်များသည် ဒေသအတွင်း ရေရှည်အလုပ်အကိုင်ဖန်တီးပေးနိုင်ပြီး စီးပွားရေး၊ လူမှုရေးအကျိုးကျေးဇူးများကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားလျက်ရှိသော လုပ်ကိုင်ဆောင်ရွက်ရန် လွယ်ကူထိရောက်သော ပြည်ပြည့်မြဲစွမ်းအင် အကျိုးများနှင့် လုပ်ကိုင်ဆောင်ရွက်ရန် ကန့်သတ်ချက်များရှိသော ဝါယာကြိုးများဖြင့် လျှပ်စစ်မီးသွယ်တန်း ဖြန့်ဝေမှုတို့၏ ဖြစ်စဉ်များအား မြန်မာနိုင်ငံအနေဖြင့်လက်ခံ၍ ပြောင်းလဲကျင့်သုံးသွားမည်ဆိုပါက မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏ စွမ်းအင်စွန့်ဦး တီထွင်မှု ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်ပါသည်။

ပြန်ပြည့်မြဲစွမ်းအင် မပါဝင်ပဲ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍဆိုင်ရာ စီမံကိန်းများ၌ ပြည်သူဗဟိုပြု အသေးစားစွမ်းအင်စနစ်များတွင် လူမှုစီးပွားဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။ ထို့ကြောင့် ပြည်သူလူထုက ၄င်းတို့ကိုယ်ပိုင် ဖြေရှင်းနည်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သုံးစွဲသူများမှ ပေးဆောင်ခြင်းမရှိသည့် ဝါယာကြိုးများဖြင့် သွယ်တန်း၍ လျှပ်စစ်ဖြန့်ဖြူးရေးစနစ်(grid system)သည် အမှန်တကယ် စွမ်းအင်ဝယ်ယူအသုံးပြုနေသည့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကုန်ကျစရိတ်များကို ပေးဆောင်နေသည့် လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများ အပေါ် ဆိုးရွားစွာသက်ရောက်နိုင်ပါသည်။ ခေတ်စနစ်နှင့် မကိုက်ညီတော့သည့် အသုံးနည်းနည်းပညာရပ်များဖြင့် စွမ်းအင်ထုတ်လုပ်အသုံးပြုမှုကို အကြွေးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအစား ပညာရှင်များမှ လျှပ်စစ်စွမ်းအင် ဖြန့်ဖြူးခြင်းဆိုင်ရာ ကုန်ကျစရိတ်များ လျှော့နည်းသက်သာစေမည့် နည်းလမ်းများနှင့် နေစွမ်းအင်သုံးလျှပ်စစ် ဖြန့်ဖြူးခြင်းနည်းများ ဆောင်ရွက်နိုင်မည့်စနစ်ကို ဖန်တီးပုံဖော်ရမည်ဖြစ်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသော ပြည်သူလူထုများ၏ လတ်တလောလိုအပ်ချက်ကို ပြည့်မီရန် စိတ်ချသေချာသော အခြေခံစွမ်းအင် အရင်းအမြစ်အဖြစ် နေစွမ်းအင်သုံး အိမ်ထောင်စုများနှင့် နေစွမ်းအင်သုံးကျေးရွာစနစ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မြို့ပြအိမ်ထောင်စုများအတွက် လျှပ်စစ်စွမ်းအင်ထောက်ပံ့မှုနှင့် ကုန်ထုတ်လုပ်ငန်းသုံး စွမ်းအင်များ လုံလုံလောက်လောက်ထောက်ပံ့ပေးနိုင်မှုသည် အခက်အခဲဖြစ်ပေါ်နေပါသည်။ ဝါယာကြိုးများဖြင့် လျှပ်စစ်သွယ်တန်း ဖြန့်ဖြူးခြင်းစနစ် တိုးတက်ကောင်းမွန်စေမှုသည် မြို့ပြလျှပ်စစ်လိုအပ်ချက်များနှင့် ကုန်ထုတ်လုပ်ငန်းသုံး လျှပ်စစ်လိုအပ်ချက်များအတွက် အရေးပါပါသည်။ လူထုဗဟိုပြု ပြန်ပြည့်မြဲစွမ်းအင် (အဓိကအားဖြင့် နေစွမ်းအင်နှင့် အသေးစားရေအားလျှပ်စစ်)များသည် ဝေးလံခေါင်သီသောဒေသရှိ လူများ၏ လျှပ်စစ်စွမ်းအင် လိုအပ်ချက်ကို မြန်ဆန်စွာဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအား ရာနှုန်းပြည့် ဖြန့်ဖြူးပေးနိုင်ရေး စီမံချက်သည် အဓိကလိုအပ်ချက်များနှင့် ရုတ်တရက် ပြောင်းလဲမှုများအား စိစစ်သုံးသပ်ရန် လိုအပ်ပါသည်။ သို့မှသာ လူထုဗဟိုပြုသည့် ပြန်ပြည့်မြဲစွမ်းအင်စနစ်ဖော်ဆောင်ခြင်းကို နောက်ကျမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သော်လည်း မိမိတို့ထက် အရင်ဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဖြန့်ဝေခြင်း စီမံကိန်းများမှ အတွေ့အကြုံများကို အခြေခံကာ ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ပါသည်။

# တမ်းတ

သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်း
နားခိုအိပ်စက်
ရှိခဲ့သည်မှာ ..... ယခင်သာ

ယခုခါများ
သစ်ပင်ရယ်ဝေး
ငှက်ရယ်ဆွေးလို့
နားခိုဒေသ
ပူပင်ရကာ
ရှိနေသည်မှာ ... နေ့ရက်ကြာ။

စိုးပြည်






တောင်ပေါ်နေ ချင်းတိုင်းရင်းသားများမှာ တောင်ယာလုပ်ကိုင် စားသောက်သူများဖြစ်ပြီး အားလပ်ရက်တွင် အမဲလိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြပါသည်။ ရိုးရာဓလေ့အရ တူမီးသေနတ်နှင့် လေးမြားကိုကိုင်တွယ်ကြပါသည်။ တောင်ပေါ်နေ ချင်းလူမျိုးအများစုမှာ မြန်မာစကားမပြောတတ်ကြပေ။ သူ့စကား ကိုယ်မသိ၊ ကိုယ့်စကား သူမသိ၍ရွာသို့ရောက်လျှင် အမူအယာနှင့် ပြောခဲ့ရသည်ကများပေသည်။ လမ်းပန်းခက်ခဲသောနေရာဖြစ်၍ တောင်ယာမှ စိုက်ပျိုး၍ရသော တစ်နှစ်တာစပါးများသည် သူတို့မိသားစုစားမကုန်ကြပေ။ စားမကုန်သည့်စပါးများကို တောင်ယာတွင်ပင်ဝါးများဖြင့် စပါးကျီများ သေချာစွာပြုလုပ်၍ သိမ်းဆည်းထားကြသည်။ အလုပ်ကြိုးစားသူများ၏ စပါးပိုလျှံမှုသည် (၃)နှစ်စာမျှပင်ရှိကြောင်း ရွာလူကြီးမှပြောပြပါသည်။ စာရင်းကောက်သွားလာရင်း စပါးကျီများကိုများစွာတွေ့ရှိရပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းလျှင်မူ စပါးများရောင်းချ၍ ငွေကြေးရနိုင်ကြောင်းတွေးမိ၍ လမ်းများဖောက်ပေးနိုင်လျှင် ကောင်းမည်ဟု ထိုစဉ်ကပင် အတွေးဝင်ခဲ့ဖူးပါသည်။ ကျွန်တော့်အတွေးများကို လက်တွေ့အကောင်အထည်ဖော်ခဲ့သူလည်းရှိပါသည်။ ရုပ်ရှင်မင်းသားကြီးထွန်းဝေဖြစ်ပါသည်။ ၄င်းအနေဖြင့် တောရွာလမ်းများကို မပြုပြင်နိုင်ခဲ့သော်လည်း ကျင်ဒွေး- လောင်းရှည်လမ်းအား ပြုပြင်ခဲ့သည်ကို ကျွန်တော်တို့ (၈)တန်းကျောင်းသားဘဝက သိရှိမြင်တွေ့ခဲ့ရပါသည်။ တောင်ယာမှ စပါးအထွက်ကောင်းသလို ရွှေဖရုံ၊ ကျောက်ဖရုံ၊ ဆင်ခရမ်းချဉ်၊ ခရမ်းသီးနှင့် ရွှေချဉ်ပေါင်အလွန်ပေါများပါသည်။ ပိုက်ဆံဖြင့်ပေးဝယ်ရန်မလိုပါ။ မှာလိုက်ရုံနှင့်လာပို့ကြပါသည်။ မုဆိုးများပေါများ၍ ဂျီသား၊ ဆပ်သား၊ တောဝက်သားအလွန်ပေါများပါသည်။ မှတ်မှတ်ရရ အလွန်စေးသည့် ချင်းတောင် ရွှေဖရုံသီးသည် တောဝက်သားနှင့် ချက်စားလျှင် ထူးကဲသည့်အရသာကို ခံစားရပါသည်။ ထိုဟင်းလျာအား ယနေ့တိုင် သတိရနေဆဲဖြစ်ပါသည်။ ထိုစဉ်က တောဝက်သား တစ်ပိဿာ(၇)ကျပ်ဖြစ်ပြီး၊ ကြက်တစ်ပိဿာမှ(၁၀)ကျပ် ပေးရပါသည်။ ကြက်ဥမှာ ဝယ်စရာမလိုပါ။ အကြောင်းမှာ ၄င်းတို့မှာ ဂျပ်ခုတ်အဝတ်အထည်များရက်လုပ်ရန် ဘိုးငင်ရာတွင် ရက်ဖောက်ဝင်ရိုးအား စားဆီသုတ်ရသဖြင့် ကျွန်တော်တို့တွင် စားဆီ(၃)ပိဿာခန့်ပါလာရာ ကြက်ဥများယူလာပြီး ဆီနှင့်လဲလှယ်သဖြင့် ကြက်ဥများ အများအပြားရရှိခဲ့ပါသည်။ ၄င်းတို့မှ ချုပ်အပ်ပါသလားမေး၍ ဆောင်လာသည့် အပ်များပေးခဲ့ရာ အပ်တစ်ချောင်းလျှင် ကြက်ဥတစ်လုံး လာပို့ကြပါသည်။ ချင်းတောင်ကြောပေါ်တွင် စာရင်းကောက်သွားလာရာတွင် စစ်ကိုင်းတိုင်းမှာကဲ့သို့ပင် စတီးကြိုး သုတ်ကိုင်းများကြည့်ရှောင်နေရပါသည်။ တစ်ရက်တွင် သတိထားသည့်ကြားမှ စတီးကြော့ကွင်းအား ကျွန်တော်ကိုယ်တိုင် နင်းမိပါသေးသည်။ ကံကောင်းချင်တော့ သုတ်ကိုင်းမှာ အချိန်ကြာ၍ အားပျော့သွားဟန်ရှိပါသည်။ ၄င်းနှစ်တွင် ဌာနမှထုတ်ပေးသော တောစီးဖိနပ်မှာလည်း လည်ရှည်လည်သာ ဖိနပ်အနက်ကြီးဖြစ်နေ၍ သုတ်ကွင်းကို နင်းမိမိချင်း ခန္ဓာကိုယ်ကို ကုန်းမြင့်ဘက်သို့လှဲချလိုက်ရာ အားပျော့သော သုတ်ကိုင်းကြော့ကွင်းသည် လယ်သာဖိနပ်ပေါ်မှ ချော်ထွက်သွား၍ ကံကောင်းခဲ့ရပါသည်။ ကျွန်တော်၏ အကျင့်ကလည်းမကောင်းပါ။ တောလုပ်ငန်းများ သွားလာဆောင်ရွက်ရာတွင် ခရီးတွင်စေရန်အတွက် မြေပုံကိုင်ကာ ရှေ့မှဦးဆောင်သွားရသည်ကိုဘဲကျေနပ်သူ ဖြစ်ပါသည်။ ချင်းရိုးမပေါ် ကုန်းထိပ်များတွင် သစ်ပင်ကြီးများ ပေါက်ရောက်မှုမရှိတော့ဘဲ မြက်ခင်းပြင်ကြီးများကို တမျှော်တခေါ် မကြာခဏတွေ့ရှိရသည်။ သို့သော် မြက်ခင်းပြင်ကြီးများ၏ အနားသတ်နေရာများတွင် နီရဲနေသည့် တောင်ဇလပ်ပန်းများကို လှပစွာဖူးပွင့်နေကြသည်ကို နေရာအတော်များများတွင် တွေ့ရှိရလေသည်။

မုချိန်းတိန်းရွာတွင် ကျွန်တော်တို့အဖွဲ့အား များစွာအကူအညီပေးခဲ့သော ရွာလူကြီးမှာ ဦးစောဘောင် ဟုခေါ်ပါသည်။ ရွာလူကြီးသည် ခေါင်ရည်အလွန်ကြိုက်သူ ဖြစ်ပါသည်။ ရောက်စတွင် သူ့အိမ်သို့ခေါ်၍ ခေါင်ရည်ဖြင့်ဧည့်ခံခဲ့ပါသည်။ နောက်ရက်များတွင်မူ ကိုယ့်အလှည့်ချည်းဖြစ်နေပါသည်။ ခေါင်ရည်မှာလည်း ဈေးချိုပါသည်။ ခေါင်ရည်တစ်အိုးမှ(၁၀)ကျပ်ဘဲ ရှိပါသည်။ လရင့်အိုးများမှာ အစားစားဖြစ်ပါသည်။ ၁၅/ ၂၀/ ၃၀/ပေးရပါသည်။ ဆန်လုံးတီးကိုချက်ထားသော ခေါင်ရည်များဖြစ်၍ ချိုပြင်းပြင်းအရသာမှာ တောဝက်သားခြောက်ကလေးနှင့် အလွန်ပင်လိုက်ဖက်လှ၍ အမှတ်ရစရာ ဖြစ်ခဲ့ရပါသည်။

မုချိန်းတိန်း၊ ဆင်ဘောင်ရွာကြီးများကို အခြေပြု၍ စာရင်းကောက်ယူပြီးစီး၍ နောက်ဆုံးကျန်ဧရိယာမှာ ကန်ပက်လက်မြို့နယ်အဆုံး၊ ပလက်ဝမြို့နယ်အစ၊ ရခိုင်ပြည်နယ်နှင့် ထိစပ်နေသည့် ဧရိယာရှိရွာများတွင်ရောက်ရှိ စခန်းချပြီး စာရင်းကောက်လုပ်ငန်းများကို ဆောင်ရွက်ရပါသည်။ မိမိမမျှော်လင့်ခဲ့သော နေရာများကိုရောက်ရ၍ ခရီးပန်းသော်လည်း စိတ်ကျေနပ်နေမိခဲ့ပါသည်။ ကျွန်တော်ရှေ့ပိုင်းတွင် တင်ပြခဲ့ပြီးဖြစ်သည့် ဘယ်လိုမှ နောက်တစ်ခေါက်ပြန်မရောက်နိုင်သည့်ဒေသများလည်း ဖြစ်ပါသည်။ ဤမျှလမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် နေရာများတွင် ပညာရေးဝန်ထမ်းများမှာမူ တစ်ရွာလျှင်(၂)ဦး၊ (၃)ဦးရှိနေကြပါသည်။ အများအားဖြင့် မြေပြန့်မှ ဗမာလူမျိုးများဖြစ်ကြပြီး နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် ၄င်းတို့တာဝန်ကို စေတနာမေတ္တာအပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြသည်ကို လေးစားမိခဲ့ပါသည်။ ကျေးရွာများသို့ရောက်ရှိလျှင်လည်း ဆရာ၊ဆရာမတို့၏ အကူအညီများစွာရရှိခဲ့ပါသည်။

ကျွန်တော်တို့နောက်ဆုံး စာရင်းကောက်ရသည့်နေရာသည် အင်မတန်မှ ဝေးလံခေါင်သီသောနေရာ ဖြစ်ပါသည်။ ၎င်းတို့ရွာကလေးအား ပညာရေးဝန်ထမ်းမှလွဲ၍ မည်သည့် ဝန်ထမ်းမှရောက်မလာဖူးကြောင်း ရွာခံများမှပြောပြကြပါသည်။ ကျွန်တော်တို့အဖွဲ့ ၎င်းတို့ရွာသို့ရောက်အောင်လာ၍ ဝမ်းသာနေကြပါသည်။ ကျွန်တော်တို့အဖွဲ့ကို လူထူးဆန်းများသဖွယ် တစ်ရွာလုံးလာရောက်ပြီး ဝိုင်းကြည့်နေကြပါသည်။ တစ်နေ့တွင် ၎င်းတို့ရွာကလေး၌ စာရင်းကောက်လုပ်ငန်းများအား လိုက်ပါဆောင်ရွက်ပေးသူ အလုပ်သမား မောင်လိန်းအောင်မှ သူ့ဇနီးတွင်ရောဂါရနေကြောင်း အိပ်မရ၊ စားမဖြစ်နေတာ လချီကြာပြီဖြစ်ကြောင်းပြောပြပါသည်။ ရွာလူကြီးများမှ ရိုးရာတင်ရမည်ဆိုသဖြင့် ကြက်၊ ဝက်၊ နွား၊ ဆိတ်သတ္တဝါမျိုးစုံဖြင့် ရိုးရာတင်ပြီးသော်လည်း ရောဂါမပျောက်ကြောင်း ကုန်ကုန်ပြောရလျှင် လူသားတစ်ခုဘဲ ရိုးရာတင်ဖို့ကျန်တော့ကြောင်းနှင့် သူ့ဇနီးအတွက် ကုန်ကျငွေများလည်း များစွာရှိပြီးဖြစ်ကြောင်း စိတ်အားငယ်စွာ ပြောရှာပါသည်။ ညနေ ဆရာ သူ့အိမ်လာပြီး သူ့ဇနီးရောဂါအခြေအနေ ကြည့်ပေးရန်ပြောသဖြင့် အလုပ်မှအပြန် ညနေရေမိုးချိုးပြီး သူ့အိမ်ကိုသွားကြည့်မိပါသည်။

သူ့ဇနီးမှာ ဗမာစကားမတတ်သော ချင်းအမျိုးသမီးဖြစ်ပါသည်။ အသက်အားဖြင့်(၃၀)ခန့်ရှိပြီး ရုပ်ရည်သန့်ပြန့်သူဖြစ်ပါသည်။ ဝေဒနာခံစားနေရ၍ ပိန်ချုံးညှိုးငယ်နေရှာပေသည်။ ကျွန်တော်ရောက်လာတော့ အားကိုးသည့်အကြည့်ဖြင့် ကြည့်ပါသည်။ သူ့ရောဂါအား အသေအချာကြည့်မိရာ နားအုံတွင် အတွင်းအပူနာဖြစ်ကာ ရောင်ကိုင်းနေပါသည်။ အတွင်းတွင် ပြည်တည်နေပုံရပြီး ပြည်ကိုက်၍ မနေနိုင်မထိုင်နိုင်အောင် နာကျင်သည့်ဝေဒနာကို ခံစားနေရခြင်းဖြစ်နိုင်ပါသည်။ ကျွန်တော့်တွင် ဌာနမှထုတ်ပေးသော ဆေးဘောက်စ်ကလေးမှ အရက်ပျံကို ဂွမ်းတွင်ဆွတ်၍ ရောင်ကိုင်းနေသည့်နေရာအား သန့်ရှင်းရေးလုပ်ပေးလိုက်ရာ ပြည်များထွက်လာမည့် စူနေသည့်နေရာကလေးကို တွေ့ရှိရပါသည်။ ထိုနေရာကလေးတွင် ထုံးတို့လိုက်လျှင် ပေါက်ထွက်သွားနိုင်သည်ဟုယူဆမိ၍ ကွမ်းစားထုံးရှာခိုင်းရာ ရွာထဲတွင်ရပါသည်။ ထိုထုံးအားလက်ရှိအတိုင်း လိမ်းပေးခြင်းထက် သိဒ္ဓိတင်၍ လိမ်းပေးပါက ပိုကောင်းမည်ဟုယူဆသဖြင့် ကျွန်တော် (အမြဲတန်း)တောခေါင်းဖြစ်သည့်နှစ်တွင် သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသည့် ပခုက္ကူမြို့၊ ကျွဲတဲရိပ်သာ ဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမျှော်ရာတွင် အန္တရာယ်ကင်းစေရန် ဆောင်ရွက်ရမည့် အဆောင်တစ်ခုအား ဆရာတော်ကြီးမှ ချီးမြှင့်ပေးလိုက်ပါသည်။ ထိုအဆောင်မှာ တကြွင်းကျေ၊ နဝင်းကျေ၊ နက္ခတ်ကျေ အဆောင်ဖြစ်ပါသည်။ ဘုရားဂုဏ်တော်များဖြစ်သည့် (၁)ဂုဏ်တော်ကိုးပါး ၉ - ခေါက်၊ (၂)သံဗုဒ္ဓေဂါထာတော် ၉ - ခေါက်၊ (၃) ၂၄ ပစ္စည်း ၉ - ခေါက်ရွတ်ဖတ်ပါက တကြွင်းကြေ၊ နဝင်းကြေ၊ နက္ခတ်ကြေ ဖြစ်သွားပြီး ၎င်းအဆောင်ကို အန္တရာယ်ကင်းနှင့် အကြောင်းတစ်စုံတစ်ရာရှိက ယုံယုံကြည်ကြည်သုံးရန် မိန့်ကြားထားခဲ့မှုအား သတိရပြီး အနန္တောအနန္တငါးပါးအား ရှိခိုးဦးချကာ ထုံးကို လက်ဝါးတွင်ထည့်၍ ဖော်ပြပါဂါထာအား ဦးခံ၍ ရွတ်ဖတ်ပြီးလျှင် အနာပေါ်တွင် မထူမပါး ချိန်ဆလိမ်းပေး၍ ပါလာသောစားဆေးများအနက်မှ အကိုက်အခဲပျောက်ဆေး အနယ်ဂျက်ဆင်နှင့် ကီးမိုစ်ဆေးပြားများအားပေးပြီး မှာကြားသည့်အတိုင်းသောက်ရန်ပြောကြားကာ ပြန်လာခဲ့ပါသည်။ မနက်အလုပ်သွားရန် ပြင်ဆင်နေချိန်တွင် မောင်လိန်းအောင် ရောက်လာလေသည်။ သူ့မျက်နှာ ပြုံးရွှင်နေ၍ မေးမြန်းကြည့်ရာ သူ့ဇနီးအနာမှာ မိုးလင်းခါနီးတွင် ပြည်ပေါက်သွား၍ နာကျင်ကိုက်ခဲမှု သက်သာသွားကြောင်း အားရဝမ်းသာပြောပြပါသည်။ ၎င်းထံမှအပျော်များလည်း ကျွန်တော့်ထံသို့ ကူးစက်သွားပါသည်။ ဤဆေးကုသမှုကို အကြောင်းပြု၍ နာမကျန်းဖြစ်သူများကို ဆေးပေး၊ ဆေးကုပြုလုပ်ခဲ့ရပါသည်။ ပဲခူးရိုးမတွင် တွေကြုံခဲ့ရသည့် ကိုရန်နိုင်(ပန်းတောင်း)ထံမှ အတုယူ၍ခရီးမထွက်ခွာမီ ရွာသူရွာသားများအား ဆေးဒါနပြုရန် ထိုးဆေး၊ စားဆေးများကိုဝယ်ယူလာပြီး ဒေါက်တာရမ်းကုအနေဖြင့် များစွာကုသပေးခဲ့ဖူးပါသည်။ နှစ်စဉ်နှစ်တိုင်း ရောက်လေရာရာဆေးဖိုးမယူဘဲကုသပေးခဲ့ရာ ကျွန်တော့်ဆရာ ဦးအောင်အောင်မြင့် (A.D, N.F.I)မှ ဒေါက်တာဒါနဟုပင် အသိအမှတ်ပြုခဲ့ပါသေးသည်။

၎င်းတို့ရွာကလေးမှအပြန် ခရီးလမ်းကြမ်း၍ မုချိန်းတိန်းရွာတွင် တစ်ထောက်နားရပါသည်။ ရွာလူကြီး ဦးစောဘောင်မှ နွေးထွေးစွာကြိုဆိုပါသည်။ ညနေရောက်တော့ ခေါင်ရည်ဝယ်တိုက်ရန် ပြောပါသည်။ ကျွန်တော့်တွင် ကျန်ရှိသည့်လက်ကျန်ငွေတွက်ကြည့်ရာ ကျင်ဒွေးအရောက် ပြန်ရမည့်ခရီးစဉ်တွင် လူထမ်းဖြင့်ပစ္စည်းများ သယ်ယူခပေးရန်သာ ကျန်ရှိတော့သဖြင့် ၎င်း၏အလိုကိုမလိုက်နိုင်ခဲ့တော့ပါ။ ဥပါယ်တံမျဉ်ဖြင့်သာ အဆင်ပြေအောင်ပြောပြီး ရှောင်နေလိုက်ရပါသည်။ ထိုစဉ်က ခေါင်ရည်ဖိုး ၁၀ိ/ခန့်ကိုပင် မသုံးစွဲရက်ဖြစ်ခဲ့ပြီး မိမိအပေါ် လိုလေသေးမရှိ ကူညီပေးခဲ့သူအား ငြင်းပယ်ခဲ့ရ၍ ယနေ့ထိပင်မှတ်မှတ်ထင်ထင် စိတ်မကောင်းဖြစ်နေမိပါသည်။ “ခေါင်ရည်မသောက်ရလျှင် ကျန်းမာရေးမကောင်းဘူး၊ ခေါင်ရည်သောက်မှအားရှိတယ်” ဆိုသော ဦးစောဘောင်တစ်ယောက် သက်ရှိထင်ရှားရှိမှ ရှိပါလေစ။

မုချိန်းတိန်းမှ ဆက်လက်ထွက်ခွာလာရာ ကျင်ဒွေးရွာသို့ရောက်ရှိပါသည်။ ကျင်ဒွေးရွာမှတစ်ဆင့် မုန်းချောင်းအတိုင်းစုန်ဆင်းပြီး နမူနာကွက်များကို စာရင်းကောက်ယူရဦးမည်ဖြစ်ပါသည်။ မုန်းချောင်းဘေး တစ်လျှောက်တွင် ကျွန်းတောကြီးများပေါများပြီး အလွန်ကောင်းမွန်သောသဘာဝတောကြီးများဖြစ်ပါသည်။ ထိုစဉ်က မုန်းချောင်းသည် ရေများ၍ လှေဖြင့် သွားလာ၍ရပါသည်။ စခန်းပြောင်းရွှေ့ရာတွင် လှေဖြင့်သွားလာခဲ့ရပါသည်။ မုန်းချောင်းအတွင်း ငါးများလည်း အလွန်ပေါများပါသည်။ ၎င်းတို့ဒေသတွင် မုန်းချောင်းငါးကြပ်ကင်မှာ နာမည်ကြီးပါသည်။ မုန်းချောင်း

အတွင်းမှရသည့် ငါးများအား ပါးစပ်မှ အမြီးထိ ဝါးတုတ်ထိုးကာ အကောင်မပျက် ကြပ်တင်ထားကြခြင်းဖြစ်ပါသည်။ တာရှည်စွာ အထားခံပါသည်။ ၎င်း ငါးကြပ်ကင်အား ခရမ်းချဉ်သီး၊ ငရုတ်သီးစိမ်း အနည်းငယ်ထည့်၍ နှပ်စားရသည်မှာ အင်မတန်ကောင်းလှပါသည်။ ကျွန်တော်မမေ့နိုင်သည့် ဟင်းလျာတစ်မျိုးဖြစ်ပါသည်။ မုန်းချောင်းအတွင်း ထူးခြားသည့် နောက်တစ်ခုမှာ ကျောက်တုံး၊ ကျောက်ခဲများသည် အစိမ်းရောင်သန်းနေကြခြင်းဖြစ်ပါသည်။ ကျောက်စိမ်းဖြစ်မည့်လက္ခဏာရှိသော်လည်း လှီးဖြတ်ကြည့်ပါက အတွင်းသားတွင် ကျောက်စိမ်းရောင် မတွေ့ရှိရပေ။ သက်နုကျောက်များဖြစ်နိုင်ပါသည်။ ၎င်းကျောက်များ ကျောက်စိမ်းဖြစ်သည်အထိ နှစ်မည်မျှကြာအောင် စောင့်ရမည်ကိုတော့ မခန့်မှန်းနိုင်ပေ။ ၎င်းကျောက်တုံးများအား သဘာဝစားပွဲလုပ်ရန် ယူဆောင်သွားကြသူများရှိသည်ဟု ဒေသခံများ၏ပြောကြားချက်များကို သိရှိရပါသည်။ ကျွန်တော်တို့ခရီးစဉ်မှာ ကန်ပက်လက်မြို့နယ်အဆုံး၊ စေတုတ္တရာမြို့နယ် အစတွင် တစ်နှစ်တာ အဆုံးသတ်သွားပါတော့သည်။

၁၉၈၈-၈၉ ခုနှစ် ခရီးစဉ်မှာ ရခိုင်ပြည်နယ် ဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့မှာ အမ်းမြို့နယ်တွင် တာဝန်ကျပါသည်။ ထိုစဉ်က ချင်းတွင်းခရီးစဉ်လိုပင် သင်္ဘောဖြင့်ပင် သွားရပါသည်။ ချင်းတွင်းခရီးမှ(၂)ထပ် သင်္ဘောမျိုးမဟုတ်ဘဲ နိုင်ငံခြားထိ သွားလာနိုင်သည့် သင်္ဘောကြီးဖြစ်ပြီး သင်္ဘောအမည်မှာ"တောင်ကြီး"ဖြစ်ပါသည်။ ကျောက်ဖြူမြို့သို့ ဦးတည်သွားလာရပါသည်။ ပင်လယ်ကမ်းရိုးတန်းအတိုင်း သွားလာရာ (၂)ညအိပ်ခရီးဖြစ်ပါသည်။ ပင်လယ်ကမ်းရိုးတန်းအလှများကိုလည်း တစ်ဝကြီးကြည့်ရှုခံစားရပါသည်။ ပထမညတွင် ပလေကမ်းခြေနှင့်နီးသည့် သပြုချိုင်တွင် ညအိပ်ရပ်နားပါသည်။ ရပ်နားစဉ် သင်္ဘောပေါ်မှဆင်းခွင့်မပြုပါ။ သင်္ဘောပေါ်တွင် လှိုင်းမူးဒဏ်ကိုလည်း အပြည့်အဝခံစားခဲ့ရပါသည်။ သို့ရာတွင် ပလေကဲ့သို့သော သဲသောင်လှလှ၊ အုန်းပင် စိမ်းမြမြတို့ကိုမြင်ရ၍ တော်သေးသည် ဟုဆိုရပေမည်။ နောက်တစ်နေ့မနက် ဆက်ထွက်ရာ ကျောက်ဖြူဆိပ်ကမ်းအနီးသို့ ည(၁၀)နာရီခန့်တွင် ရောက်ရှိသော်လည်း ခရီးသည်နှင့် ကုန်စည်ကိုချမပေး၍ နောက်နေ့မနက်မှပင် ကမ်းကပ်ခွင့်ရခဲ့ကြပါသည်။

ကျောက်ဖြူမြို့သည် ကျွန်းမြို့ကလေးဖြစ်ပြီး ပြန့်ပြူးသာယာမှုရှိပါသည်။ မြို့၏အရှေ့မြောက်ဘက် မလှမ်းမကမ်းတွင် သဲဖြူဖြူကမ်းခြေရှိ၍ တောမဝင်မီ သွားရောက်ကြည့်ရှုခဲ့ရပါသည်။ သဲဖြူလွှလွှပေါ်တွင် ဟိုမှသည် ပြေးလွှားနေသည့် ဝင်ကစွပ် အညို၊ အနီများကိုတွေ့ရပါသည်။ ၎င်းတို့နှင့် ပြေးလွှားဆော့ကစားရသည်မှာ အလွန်ပျော်စရာကောင်းပါသည်။ သူတို့လေးတွေကို လိုက်ဖမ်း၍မရပါ။ အကြောင်းမှာ မှိုခါနီးတွင် တွင်းကလေးများအတွင်းသို့ အလျှိုအလျှိုဝင်သွားကြ၍ ဖြစ်ပါသည်။ ကမ်းစပ်တွင် ပင်လယ်ဆားငန်ရေကိုလည်း တစ်ဝကြီးချိုးရပါသည်။ အရေပြားတွင်ဖြစ်တတ်သည့် ရောဂါများရှိက ပျောက်ကင်းသည်ဟု ပြောကြသဖြင့် ဝအောင်ပင် ရေစိမ်၍ချိုးခဲ့မိပါသည်။

ကျောက်ဖြူမြို့တွင် လုပ်ငန်းတာဝန်များခွဲဝေခြင်း၊ လမ်းညွှန်မှာကြားခြင်းများအား တစ်ဖွဲ့လုံး၏တာဝန်ခံမှ ဆောင်ရွက်ပေးပြီး လုပ်ငန်းသုံးငွေများ ထုတ်ပေးကာ လုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက်ခဲ့ရပါသည်။ ကျွန်တော်တို့အဖွဲ့သည် အမ်းမြို့နယ်သို့ ဦးတည်ထွက်ခွာလာခဲ့ပါသည် ။ တပ်တောင်ရွာသို့ ပထမဆုံး ဝင်ရောက်စခန်းချရပါသည်။ တပ်တောင်ရွာမှာ ရွာကြီးဖြစ်ပြီး အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ရဲစခန်း၊ ဈေးနှင့်အတူ ငါးလုပ်ငန်းဦးစီးဌာန၏ အအေးခန်းများလည်း တည်ရှိနေ၍ စည်ကားသည့်ရွာကြီး ဖြစ်ပါသည်။ တပ်တောင်ဈေးမှ ရခိုင်မုန့်တီအာပူလျှာပူကိုလည်း ယနေ့ထိ သတိရနေပါသေးသည်။

ယခုစာရင်းကောက်သည့်နှစ်သည် ၁၉၈၈ ဖြစ်ပြီး မြန်မာနိုင်ငံတွင် အရေးအခင်းကြီးပေါ်ပေါက်ခဲ့ရာ တပ်တောင်ရွာမှ တက်ကြွသူကျောင်းသားများ သပိတ်စခန်းဖွင့် ဆန္ဒဖော်ထုတ်ရင်း ကျေးရွာအတွင်း ပိုက်ဆံရှိသူများထံမှ အလှူငွေကောက်ခံခြင်းများအပြင် အင်အားစုမိပြီး အရှိန်ရလာသည့်အခါ ကောင်းဆိုးနှစ်တန်မခွဲခြားနိုင်ဘဲ ရဲစခန်းကိုဝင်စီးကာ သေနတ်များယူဆောင်သွားပြီး တောခိုဘဝအထိရောက်သွားကြပါသည်။ တောထဲတွင် ရက်ရှည်ခိုအောင်းနေစဉ် ရိက္ခာပြတ်လပ်၍ ကျေးရွာများသို့ ရိက္ခာဝင်တောင်းရာမှ သတင်းပေါက်ကြားသွား၍ လုံခြုံရေးအဖွဲ့၏ လိုက်လံရှင်းလင်းမှုဖြင့် ဘဝနိဂုံးမကောင်းရှာသည့် ဇာတ်လမ်းမကြာမီကဖြစ်ပွားခဲ့၍ ကျွန်တော်တို့အဖွဲ့မှာလည်း ကျေးရွာလူထုနှင့်ဆက်ဆံရာတွင် အထင်အမြင်လွဲမှားမှုမဖြစ်ပေါ်စေရန်၊ သတိထားနေကြရန် တာဝန်ခံဆရာ ဦးမြင့်အောင် (၁၉၇၉)၏ လမ်းညွှန်ချက်အတိုင်း သေသေဝပ်ဝပ်နေထိုင်ခဲ့ပြီး ယဉ်ကျေးပျူငှါစွာ ပြောဆိုဆက်ဆံကာ မိမိ၏အဓိကတာဝန် စာရင်းကောက်လုပ်ငန်းများအား တစ်ရွာဝင်၊ တစ်ရွာထွက်ဖြင့် ဆောင်ရွက်ခဲ့ရပါသည်။ ကြာမြင့်ခဲ့ပြီဖြစ်၍ ရွာစဉ်ရွာငယ်များ၏ အမည်နာမများကို မမှတ်မိတော့ပါ။ ရေပုတ်ရွာကြီးကိုတော့ ကောင်းကောင်းမှတ်မိနေပါသည်။ ကျေးရွာလူကြီးအိမ်တွင် စခန်းချတည်းခိုရပါသည်။ ရွာလူကြီးနှင့်မိသားစုသည် အင်မတန်သဘောထားပြည့်ဝပါသည်။ ကျွန်တော်တို့ ရိက္ခာများပါလာသည်ကို အသုံးမပြုဘဲ ၎င်းအိမ်မှပင် ချက်ပြုတ်ဧည့်ခံကျွေးမွေးပါသည်။ ရခိုင်ပြည်နယ်သည် ရေငန်ငါးနှင့်ပုဇွန်များပေါများရာ ကျေးရွာလူကြီး၏ဇနီးနှင့် သမီးတို့မှာငါးဟင်းလျာကို ချို၊ ချဉ်၊ စပ် နည်းမျိုးစုံဖြင့် စားကောင်းအောင် ချက်ကျွေးမှုများသည် အမှတ်ရစရာများဖြစ်ခဲ့ရပါသည်။ ငါးကို သရက်သီးစိမ်း၊ ငရုတ်သီးစိမ်းနှင့်ရောနှော၍ချက်ပြုတ်ပါက ညှီနံ့ပါပျောက်သွားပြီး အထူးစားကောင်းပါသည်။ ပုဇွန်များကိုလည်း ကြော်တာတစ်မျိုး၊ လှော်တာတစ်မျိုး၊ ချက်တာတစ်မျိုး မရိုးရအောင် ချက်ကျွေးခဲ့၍ ကျေးဇူးအနန္တတင်ခဲ့ရပါသည်။ ၎င်းတို့ထံမှပင် ရခိုင်စကားများ သင်ယူခဲ့ရပါသေးသည်။ ရခိုင်စကားသည် ကျွန်တော်တို့ယောစကားနှင့် သံစဉ်တူ

နေ၍ အခက်အခဲမရှိ ပြောဆိုနိုင်ခဲ့ပါသည်။ ရေပုတ်ရွာကြီး ပတ်ဝန်းကျင်တွင် သစ်တောကြီးများ ကြီးကြီးမားမားမရှိပါ။ သစ်မျိုးကောင်းတို့လည်းနည်းပါသည်။ ရေပုတ်ရွာမှတစ်ဆင့် မြောက်ဘက်ရွာများဆီသို့ ဦးတည်သွားလာရပါသည်။ စခန်းပြောင်းရွှေ့ရာတွင် ရေလမ်းကိုသာအသုံးပြုရပါသည်။ ရွာတော်တော်များများမှာ ပင်လယ်ရေဝင်ပေါက်များရှိပြီး ရေတက်ရေကျ အခြေအနေကိုကြည့်၍ ခရီးသွားလာကြရပါသည်။

ထိုစဉ်က ရခိုင်ပြည်နယ်တွင် အရေးအခင်းပြီးစမို့ ပင်လယ်ဓားပြများ အလွန်ပေါများပါသည်။ ကျွန်တော်တို့ စာရင်းကောက်ကာလအတွင်းမှာပင်(၅)ရွာခန့် ဓားပြတိုက်ခံရကြောင်းသိရှိပါသည်။ ဓားပြများသည်ကျေးရွာများသို့ စက်လှေများဖြင့် ဝင်ရောက်လာလျှင် ရွာသူရွာသားများထဲမှ ယောကျ်ားကြီးများ အနည်းငယ်ကျန်ခဲ့ရပြီး ကျန်မိန်းမ၊ ကလေးများမှာ ငွေနှင့်လက်ဝတ်ရတနာအဖိုးတန်များယူပြီး ရွာမှရှောင်ပြေးကြရပါသည်။ ပင်လယ်ဓားပြများသည် ငွေကြေးနှင့် ဆန်၊ ဆီ၊ ဆားအပြင် အဝတ်အစားကောင်းကောင်း၊ ကျောက်ပျဉ်၊ မှန်ကအစ ယူဆောင်သွားကြသည်ဟု သိရပါသည်။ ရွာတွင်ကျန်ခဲ့သည့် ယောကျ်ားကြီးများမှ ၎င်းတို့အလိုရှိသမျှအား စက်လှေပေါ်သို့ ထမ်းတင်ပေးကြရပါသည်။ လိုချင်တာအားလုံးယူပြီး ထမင်းဟင်းအိုးများ လှန်လှောကြည့်၍ ဟင်းကောင်းတွေပါက ထမင်းပါဝအောင်စားပြီးမှ ရွာသားများနောက်မှလိုက်လာမှာစိုး၍ ဓားစာခံ(၄၊၅)ယောက်ခေါ်ဆောင်သွားပြီး စိတ်ချရသည့်နေရာရောက်မှ ပြန်လွှတ်ပေးကြောင်းသိရှိရပါသည်။ ထိုစဉ်က ရွာအတော်များများမှာ စီးပွားလေးတက်လာလျှင် ဓားပြခဏခဏလာတိုက်နေ၍ စီးပွားဖြစ်မည်ကို ကြောက်ရွံ့နေကြရှာလေသည်။ ထိုအချိန်က ကျွန်တော်တို့ စခန်းချသည့်ရွာနှင့် (၅)မိုင်ကျော်ခန့်ရွာတွင် ဓားပြတိုက်ပြီး နောက်တစ်နေ့ ကျွန်တော်တို့ စခန်းချသည့်ရွာအား ဓားပြလာတိုက်မည်ဟု သတင်းရ၍ ရွာသူရွာသားများ ပျာယာခတ်နေကြပါသည်။ ကျွန်တော်တို့လည်း ကြောက်ရွံ့နေကြရပါသည်။ ရွာလူကြီးမှ ငွေနှင့်အရေးကြီးပစ္စည်းများကို အလွယ်တကူ ယူဆောင်ထွက်ပြေးနိုင်ရန် သတိပေးထားပါသည်။ ထိုညကမိုးချုပ်သည်နှင့် စိတ်လှုပ်ရှားနေကြရပါသည်။ ည(၉)နာရီခန့်အထိ မည်သို့မျှမထူးခြား၊ (၁၀)နာရီခန့်တွင် ရွာထိပ်မှခွေးက စူးစူးဝါးဝါး ဟောင်သံ ကြားရပါသည်။ ရွာလူကြီးမှ "ထူးခြားပြီထင်တယ်"ဟု မှတ်ချက်ပြုပြောပြီး ရွာထိပ်သို့ လျှောက်သွားပါသည်။ ရွာထိပ်ကင်းမှလည်း သတိပေးသံချောင်းခေါက်သံ(၃)ချက်ခေါက်ပါသည်။ ရွာဆော်မှဓာတ်မီး(၄၊၅)လက်ဖြင့် လူတစ်စုဦးတည်လာနေကြောင်းလာပြောပါသည်။ "ဆရာတို့အဖွဲ့မှလည်းပစ္စည်းတွေယူပြီး ပုန်းဖို့ထွက်တော့" ဟူ၍ပစ္စည်းများကမန်းကတန်းယူပြီး တဲအိမ်မှဆင်းပြီး တောစပ်သို့ ပြေးဝင်ရပါတော့သည်။ တောစပ်တွင်ပုန်းနေရာ နာရီဝက်ခန့်ကြာသည်ထိ ဘာမှထူးခြားမလာ၊ သို့ဖြစ်၍ အတူပုန်းရွာသားတစ်ဦးမှ "ကျွန်တော်အခြေအနေသွားကြည့်ဦးမယ်" ဟုပြောကာထွက်သွားပြီး ခဏအကြာတွင် ပြန်ရောက်လာပြီး "ဆရာတို့ ဓာတ်မီးအဖွဲ့က ကျွန်တော်တို့ရွာကို ဝင်မလာဘူး၊ အခြားရွာဘက်ကို ဦးတည်သွားကြပြီ"ဟုလာပြောသည်။ ကျွန်တော်တို့အဖွဲ့မှာ ရွာထဲသို့ပြန်ဝင်ခဲ့ကြရသည်။ စိတ်ထဲတွင်မူ ကသိကအောင့်ကြီးဖြစ်နေရပါသည်။ နောက်တစ်နေ့မနက်တွင် ဓာတ်မီးအဖွဲ့အား စုံစမ်းခိုင်းရာ အနောက်ဘက်ရွာမှ အရှေ့ဘက်ရွာသို့ မိန်းမတောင်းရမ်းသွားသည့်အဖွဲ့ ပြန်သွားခြင်းဖြစ်ကြောင်း သိရပါသည်။ ကျီးလန့်စာစားဆိုတာ ဒါမျိုးဘဲဖြစ်ပါလိမ့်မည်။ ဤဒေသတွင်ရခိုင်လူမျိုးများ အပြင် ချင်းလူမျိုးများကိုလည်း များစွာတွေ့ရှိရပါသည်။ ပြီးခဲ့သည့်ညက အိမ်ပြန်ရောက်လျှင် ရွာလူကြီးနှင့် ရွာသားများကို ဓားပြအကြောင်းဆွေးနွေးဖြစ်ရာ ဓားပြအဖွဲ့မှာ(၁၀)ဦးမှ (၁၅)ဦးထိပါလာတတ်ကြောင်း၊ သူတို့အဖွဲ့တွင် သေနတ်အစစ်နှင့် လုပ်သေနတ်များလည်း ပါလာကြောင်း၊ ရွာဝင်လျှင် သေနတ်ပါကြောင်းသိရန် သေနတ်သံပေးပြီးမှဝင်ကြောင်း သိရှိရသည်။ ကျွန်တော်မှ သူကြီးနှင့်ရွာသားများအား မိမိရွာမှ လူအင်အားများပြီး ရရာလက်နက်များဖြင့် ပြန်လည်ခုခံရန် တိုက်တွန်းသောအခါ မဖြစ်နိုင်ကြောင်း၊ သူတို့သေနတ်ကို ကြောက်ရကြောင်း၊ ရှေ့တွင်ခုခံသူများအား နမူနာအဖြစ် ခေါ်ယူသတ်ဖြတ်ခဲ့သည်များရှိကြောင်း ပြောပြကြလေသည်။ တရားဥပဒေစိုးမိုးရေးသည် အရေးကြီးကြောင်း ထိုအချိန်မှစတင်၍ ထဲထဲဝင်ဝင်သိခဲ့ရပါသည်။ ထိုနယ်တစ်ဝိုက်တွင် ပိုက်ဆံချမ်းသာပြီးအဆင်ပြေနေကြကြောင်း သတင်းရလျှင် မကြာခဏ ဓားပြလာလာတိုက်နေ၍ ကြီးပွားချမ်းသာရန်အတွက် ကုန်ထုတ်စွမ်းအားစုများ အားသွန်ခွန်စိုက် မဆောင်ရွက်ကြတော့ဘဲ ဖြစ်သလိုစား၊ ဖြစ်သလိုနေသည့် သူတို့ဘဝအား ကရုဏာသက်စွာ အားမလိုအားမရ ဖြစ်ခဲ့ရပါသည်။

အမ်းချောင်းကြီး၏ အနောက်ဘက်ခြမ်းတွင် စာရင်းကောက်လုပ်ငန်းများ ပြီးဆုံးသောအခါ အရှေ့ဘက်ခြမ်းသို့ ဝင်ရောက်စာရင်းကောက်ယူရပါသည်။ အမ်းချောင်းအရှေ့ဘက်ခြမ်းသည် အနောက်ရိုးမကြီးနှင့် တစ်ဆက်တည်းဖြစ်ပါသည်။ အနောက်ရိုးမကြီးနှင့်ဆက်စပ်နေသည့် မြေညီခင်ကျောများတွင် ထိုစဉ်က ပျဉ်းကတိုးပင်များထူထဲစွာ ပေါက်ရောက်နေမှုကို တွေ့ရှိရလေသည်။ ဖြောင့်တန်းကြီးမားသည့် ပျဉ်းကတိုးပင်ကြီးများ ရင်သပ်ရှုမောစွာ တွေ့ရှိခဲ့ရပါသည်။ ၎င်းပျဉ်းကတိုးတောကြီးမှ တရားမဝင်ခိုးထုတ်၍ တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ကြောင်းကိုလည်း အလုပ်သမားများ ပြောပြ၍ သိရှိခဲ့ရပါသည်။ မိမိတို့စာရင်းကောက်သွားရင်း စက်လှေတစ်စီး၊ ပျဉ်းကတိုးခွဲသားများ အပြည့်တင်ဆောင်တွေ့ရှိ၍ နယ်မြေသစ်တောအဖွဲ့အား သတင်းပေးခဲ့ရပါသေးသည်။ အနောက်ဘက်ဒေသတွင် ပင်လယ်ဓားပြများရှိနေသလို ရိုးမနှင့်ဆက်စပ်၍ ဆင်ပစ်၊ အမဲပစ်မုဆိုးအဖွဲ့များရှိသေးကြောင်း အလုပ်သမားအဖွဲ့မှ ပြောပြပါသည်။ ၎င်းတို့အဖွဲ့မှာ ပို၍ဆိုးရွားကြောင်း၊ သူတို့အဖွဲ့နှင့်တွေ့ဆုံပါက ဘာမှခံမပြောရဘဲ ပါတာထုတ်ပေးရန်ဖြစ်ကြောင်း အလုပ်သမားများမှ မှာထားပါသည်။ သူတို့အဖွဲ့နှင့် ဘယ်ကွေ့ဘယ်နေရာတွင် ရင်ဆိုင်

တွေ့လေမလားဟု ရင်ထိတ်စွာဖြင့် ဘုရားတကာသွားလာခဲ့ရပါသည်။ ကံအားလျော်စွာ ၎င်းအဖွဲ့ကိုလည်း မတွေ့ရှိခဲ့ရပါ။ ၎င်းမုဆိုးအဖွဲ့တွင် မောင်းပြန်သေနတ်များပါကြောင်း သိရှိရပါသည်။ ဗိုလ်သက်ထွန်း အလင်းဝင်ပြီး ကျန်ရစ်သည့်အဖွဲ့ဖြစ်ပြီး လက်နက်များအား နိုင်ငံတော်အားအပ်နှံခြင်းမရှိဘဲ ပုန်းလျှိုးကွယ်လျှိုးကိုင်တွယ်ကြခြင်းဖြစ်ကြောင်း ကြားသိခဲ့ရပါသည်။ ယခုအချိန်ဆိုလျှင်မူ ထိုကိစ္စများမရှိနိုင်တော့ပါ။ ရခိုင်ရိုးမတောကြီးသည် သစ်ပင်ထက် ကရင်ဝါးများ ပိုမိုပေါက်ရောက်လေသည်။ ဝါးတောကြီးများမှာ ရှုမျှော်မဆုံးအောင်ပင်။ လူသူအရောက်အပေါက်နည်းပြီး ဝါးထုတ်ယူမှုမရှိ၍ သွားရလာရခက်အောင်ပင် အကြားအလပ်မရှိ ထူထပ်စွာပေါက်ရောက်နေကြပါသည်။ ဝါးတောကြီးကိုကြည့်ကာ စစ်တောင်းစက္ကူစက်ကြီးအား ချိမရွှေ့ယူပြီး စက္ကူစက်ကြီး အဆက်မပြတ်လည်ပတ်ကာ စက္ကူများထုတ်လုပ်ချင်စိတ် တဖွားဖွားပေါ်ပေါက်ခဲ့ပါသေးသည်။ တောကြီးအတွင်း နောက်တစ်ခုထူးခြားသည်မှာ စာရင်းကောက်သွားလာရင်း တောတွင်းရှိ သစ်ပင်မြင့်ကြီးများ၏ ပင်စည်တွင်လည်းကောင်း၊ ကိုင်းများတွင်လည်းကောင်း၊ ရွှံ့များပေကျံနေသည်ကို ခဏခဏတွေ့၍ အလုပ်သမားများအား မေးမြန်းကြည့်ရာ ဆရာမမေးပါနဲ့ဟုပြောပါသည်။ မမေးပါနဲ့ဆိုမှ ပို၍စိတ်ဝင်စားသွားရသည်။ ပါလာသည့် အလုပ်သမားတစ်ဦးချင်းအား လိုက်မေးရာအဖြေမရရှိခဲ့ပါ။ စခန်းရောက်မှ အသက်ကြီး၍ စခန်းစောင့်ထားခဲ့သော ဦးလေးကြီးအားချော့မေး၍ ထိုတောကြီးထဲတွင် ဆင်ကောင်ထက်ပင်ကြီးမားသည့် မကောင်းဆိုးဝါးကောင်ကြီးများရှိကြောင်း၊ ၎င်းအကောင်ကြီးများ၏ ခန္ဓာကိုယ်ဖြင့် ပွတ်တိုက်သွား၍ ကျန်ရစ်ခဲ့သည့် အမှတ်အသားများဖြစ်ကြောင်း အမွေးရှည်ကြီးများကိုလည်း တွေ့ရှိရကြောင်းသိရှိရပါသည်။ အပင်များတွင် ရွှံ့များကပ်နေသည်ကတော့အမှန်ဖြစ်သည်။ လူမှရွှံ့တက်သုတ်မည်ဆိုပါကလည်း အကျိုးရှိသည့်အလုပ်မဟုတ်၍ မဖြစ်နိုင်ပေ။ သို့လော သို့လော ပဟေဠိများစွာဖြင့် အဖြေမရခဲ့ပါပေ။ အချို့ကမူ"လူး" ပွတ်ရာဟု ပြောဆိုကြပါသည်။

တောကြီးများသည် သစ်မျိုးကောင်းပေါက်ရောက်မှုနည်းပါးပြီး အခြားသားသစ်မျိုးများသာပေါများပါသည်။ တောတောင်ရေမြေများမှာ ဂေဟစနစ်မပျက် တည်ရှိနေကြပါသည်။ သားကောင်မျိုးစုံပေါများပြီး ဆင်များအထူးပေါများပါသည်။ တောထဲတွင် ဆင်အုပ်နှင့် ခဏခဏတိုးပါသည်။ သူလန့်ကိုယ်လန့်ဖြင့် အကြိမ်ကြိမ်ပြေးခဲ့ရပါသည်။ ဆင်ဖြူတော်ပေါ်ပေါက်ရာဒေသလည်းဖြစ်ပါသည်။ ဆင်အုပ်များဝါးတောများတွင် ဝါးများကိုချိုးယူစားသောက်နေချိန်နှင့်တိုးလျှင် အဝေးမှပင် ၎င်းတို့ဝါးချိုးနေစဉ် တဖြောင်းဖြောင်းအသံများကြားနေရပါသည်။ ရခိုင်ရိုးမတောကြီးအတွင်း စီးဆင်းသောချောင်းများမှာ ရေစီးသန်၍ ငါးများပေါများသော်လည်း ဖမ်းယူရန်ခက်ခဲပါသည်။ ပါလာသည့် အလုပ်သမားအုပ်စုတွင်လည်း ငါးဖမ်းကျွမ်းကျင်သူကမပါပေ။ လုပ်ငန်းပြီးခါနီးတွင် ဟင်းစားပြတ်၍ ဟင်းစားငါးရှာခိုင်းလိုက်ရာ ပြန်လာသည့်အခါ ငါးပေါက်စအနည်းငယ်သာပါလာသည်။ သို့ရာတွင်ချောင်းအတွင်းမှ ခရုများကိုမူ ပုဆိုးနဲ့တစ်ထုတ်ကြီးပါလာလေသည်။ ခရုများအား အခွံကိုထုခွဲလိုက်ရာ အထဲတွင် အသားဆိုင်ကလေးရှိပါသည်။ ထိုအသားဆိုင်အား ချက်ပြုတ်စားသောက်ရာ ချိုမြသည့်အရသာကို တွေ့ရှိရပါသည်။ ၎င်းတို့တွင် ကျွမ်းကျင်သည့် ဟင်းလျာတစ်မျိုးလည်းရှိပါသည်။ "ရခိုင် ငါးပိ တုတ်ထိုး"ဟုခေါ်ပါသည်။ ငါးပိကိုမီးကင်ပြီး ငရုတ်သီးစိမ်းအားကြပ်တင်ကာ ငါးပေါက်စကလေးများမီးဖုတ်၍ ဝါးဆစ်ဘူးထဲထည့်ကာ ဝါးဆစ်တုတ်ဖြင့်ထောင်းသည့် ဟင်းလျာဖြစ်ပါသည်။ ငရုတ်သီးစပ်စပ်ကလေးဖြစ်၍ ဧမြသောတောရိပ်တောင်ရိပ်အတွင်း စားသောက်ခဲ့ရ၍ အလွန်မှကြိုက်နှစ်သက်ခဲ့ရပါသည်။ ချောင်းတစ်လျှောက်တွင် ခရုများမှာပေါများလှပါသည်။ ခရုသည် မြန်မြန်ဆန်ဆန်သွားလာနိုင်သူများ မဟုတ်၍ ကျွန်တော်၏အလုပ်သမားလက်ချက်ဖြင့် အသက်ပေါင်းများစွာဆုံးရှုံးခဲ့ရပါသည်။ ကျွန်တော်မှမနေနိုင်၍ "ခရု ခါးတောင်းကျိုက်ဖမ်းတဲ့အဖွဲ့"ဟုပင် နာမည်ပေးခဲ့မိပါသေးသည်။

အချိန်မှာ အလီလီကုန်ဆုံးသွားပြီးနောက် တစ်နှစ်တာစာရင်းကောက်လုပ်ငန်းများက ပြီးဆုံးခဲ့ရပါသည်။ ရိုးသားပြီးပွင့်လင်း၍ ခင်မင်စရာကောင်းလှသော ရခိုင်လူမျိုးများ၊ ချင်းလူမျိုးများအား နှုတ်ဆက်ခွဲခွာကာ မိမိနေရပ်များသို့ ပြန်ခဲ့ကြရပါလေသည်။ အလာလမ်းတွင် ပင်လယ်ရေကြောင်းခရီးဖြင့်သွားလာပြီး၊ အပြန်ခရီးမှ ဌာနကားဖြင့် အမ်း -မင်းဘူးလမ်းမကြီးမှ ပြန်ခဲ့ကြရပါသည်။ အမ်း-မင်းဘူးလမ်းမကြီးမှာ ထိုစဉ်က လမ်းများကျဉ်းမြောင်းပြီး ကတ္တရာလမ်းမကြီးမှာ ကောင်းသည့်နေရာကောင်း၊ ပေါက်သည့်နေရာပေါက်နှင့် အတက်အဆင်းအကွေ့အကောက်များစွာဖြင့် တည်ရှိနေပါသည်။ အနောက်ရိုးမထိပ်နတ်ရေကန်မှ ရခိုင်ပြည်နယ်သို့ လှမ်းမျှော်ကြည့်မိရာ တောင်တန်းတောင်စွယ်များမှာ ရေလှိုင်းများပမာ အလိပ်လိုက်၊ အလိပ်လိုက် မြင်တွေ့ရပြီး လွမ်းစရာမဉ္စဝတီနယ်မြေအား ပျပျကလေးကိုမြင်တွေ့ရပါသည်။ ရခိုင်ပြည်နယ်သည်လည်း ကျွန်တော်တို့နှင့် တဖြည်းဖြည်းဝေး၍ ကျန်ရစ်ခဲ့ပါသည်။ ဌာနမှတာဝန်ပေးအပ်၍သာ ဤနေရာဤဒေသကို ရောက်ဖူးခဲ့ခြင်းဖြစ်ပြီး ယခုစာရေးနေသည့်အချိန်အထိ တစ်ခေါက်မှ ပြန်မရောက်တော့ပါ။

စီမံကိန်းအစတွင် ဆရာဦးတင်ထွေး ပြောကြားခဲ့သည့်အတိုင်း ဒေသန္တရဗဟုသုတများ များစွာရရှိခဲ့ပါသည်။ကျွန်တော်၏ယခုတင်ပြမှုများမှာခရီးသွား အတွေ့အကြုံများမှ အစိတ်အပိုင်းအနည်းငယ်မျှသာဖြစ်ပါသည်။ ခရေစေ့တွင်းကျ ရေးသားတင်ပြမည်ဆိုလျှင်လည်း ငြီးငွေ့ဖွယ်ရာဖြစ်သွားနိုင်၍ ကောင်းနိုးရာရာအမှတ်တရများကို ကောက်နုတ်တင်ပြခြင်းသာ ဖြစ်ပါသည်။ ကျွန်တော်သည် (NFI)စီမံကိန်းကြီးတွင်(၇)နှစ်တာမျှ နေရာအနှံ့ဒေသအနှံ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားပမ်းစားသွားလာဆောင်ရွက်၍ စာရင်းကောက်ယူခဲ့ရသည့် ကိန်းဂဏန်းများသည် မိမိဌာနနှင့် နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာမှ အကျိုးပြုနိုင်ပါစေဟုသာ ဆန္ဒပြုလိုက်ရပါသည်။

# REDD-PLUS INFORMATION -25-

## Capacity Development Of Stakeholders in the Cortex Of REDD-Plus.

By

U Sein Thet, Project Coordinator, ITTO-REDD+ Project.

In Myanmar a new legal framework is in place for decentralization and devolution of legislative and executive functions to Region and State levels and Self-Administered Zones. However, these newly created structures have limited institutional and technical capacities in democratic governance, modern public administration, inclusive poverty reduction and gender equality and women's empowerment strategies. Since 1993, more than two decades, the UNDP programme in Myanmar Forestry Sector has been targeted towards interventions having grass-roots level impact in a sustainable manner at Dryzone, Delta and Southern Shan State. The Primary Programme of assistance has been the Human Development Initiative, which supports 8,000 villages in over 60 townships nationwide, reaching an estimated 6 per cent of the population. This wide presence was necessary to provide crucial livelihood support in an environment where other development partners had a limited presence on the ground. However, this approach has hampered impact, sustainability and cost-effectiveness, as was noted by various assessments, including the annual Independent Assessment Missions (IAM). The 2011 IAM report listed a number challenges for the new programme, including maintaining relevance in the changing local context. It also highlighted the need for robust baseline data, a consistently applied gender strategy, and for stronger links between grass-roots level and policy-level work.

Myanmar is blessed with an abundance of natural resources including minerals and energy potential, and fertile ecological zones which have traditionally provided extensive agricultural production. These resources have supported a large population and thriving civilizations over many centuries, and they continue to provided the bulk of Myanmar's economic output to this day. The coudntry can be divided into three ecological regions; the fertile Delta and coastal regions- including the coasts of Rakhine, Mon and Tanintharyi, the plains of the Central Dry Zone, and the mountainous northern forested regions, including the Chin Hills and the Shan Plateau. Each region has differing topographical, climatic and ecological characteristics, resulting in significantly different settlement patterns, agricultural systems and economic activities. In recent years population growth, unsustainable extraction of mineral and forest resources, over-utilization of soils and water and climate-related hazards have combined to progressively undermine the resource base on which Myanmar's economy and society are based. Deforestation, large-scale mining, habitat and land degradation and diminishing water resources are all placing pressure on the web of life supporting the Myanmar people. In addition, the environmental degradation would have great impact on climate change and climate-related disasters.

Myanmar is one of the forest rich countries in the tropical region. Its forest has contributed to the provision of abundant and indirect benefit to local, regional and global communities especially in reducing Green House Gas (GHG) emissions and enhancing forest carbon stocks and environmental services. In Myanmar, the emissions to be accounted for REDD mechanism would probably come from both deforestation and degradation due to various causes. As concept and methodologies of REDD-plus are new to Myanmar, capacity building and awareness raising for all level of stakeholders are currently important and urgently needed. It has been almost two decades of cooperation between Myanmar and ITTO since Myanmar became ITTO member country in1993. Myanmar became partner country of UN-REDD Programme in November 2011 which reflects Myanmar's initiatives and efforts for REDD+ readiness activities. The project "Capacity building for developing REDD+ Activities in the context of Sustainable Forest Management" RED-PD 038/ Rev. 3 (f) is based on national priority and recommendations identified by the international organization such as ITTO and UN-REDD

Programme that capacity building is needed at all level in order to fully implement REDD-Plus. Despite the fact that negotiation for REDD-Plus is on-going process under UNFCCC, REDD- Plus has the potential to deliver large cuts in emissions at a low cost within a short time frame. At the same time, it contributes to the positive impact on biodiversity, reducing poverty and sustainable development in addition to carbon benefit. The Government of the Republic of Union of Myanmar, Cabinet approved this project with the meeting 38/2012 in 25-10-2012 and was signed by executive Agency (FD) and ITTO on 8-11-2012. A crucial aim of this project is to build capacity among stakeholders and communities on the important of SFM and climate change mitigation. This could be implemented through awareness programmes such as organizing workshops and meetings for policy makers, forest officers, field staff, local communities and relevant stakeholders. Information on the project's finding could be disseminated as well for better understanding of deforestation and forest degradation in the country through outreach activities (i.e-publications, seminars, workshops.)

The National Workshop on Capacity development of Stakeholders in the Context of REDD+ was held on 17th to 18th December, 2013 at Ingyin Hall of Forest Department (FD), Ministry of Environmental Conservation and Forestry (MOECAF) according to the timeline for the implementation of the project activities. By bringing together a range of stakeholders including national authorities, ITTO, institutions, international consultants, national NGOs, the workshop is expected:-

- To improve the Awareness about REDD+;
- To share the updated information about REDD+ negotiation; and
- To support the implementation of Myanmar's REDD+ Roadmap

It was attended by (76) participants including staff from Environmental Conservation Department (ECD), Forest Department (FD), Dry Zone Greening Department (DZGD), University of Forestry (UOF). Survey Department (SD) and Myanmar Timber Enterprise (MTE) of Ministry of Environmental Conservation and Forestry (MOECAF) and Staff from related Departments such as Small Industries Department, National Planning Department, Meteogology and Hydrology Department, Rural Development Department, Land Record and Settlement Department, Non-Government Organizations (NGOs) including WCS, ECCDI, BANCA, IMG, RECOFTC, FREDA, Point, Spectrum, Pyoe Pin, Royal Tree Services, Phyo Sithu, UNDP and FAO of United National Organization and International Resource – Persons who are Dr. Hwan Ok Ma (Projects Manager, ITTO), Dr. Promode Kant (Institute of Green Economy, Noida, India), Dr Tom Clements(WCS), Mr Hiroshi Nakata (JICA), Mr Yukio Wada (AAS), Mr Katsumasa Oo No (AAS), Dr. Toru INADA (AAS), Prof. Nobuya Mizocre (WCS) and Dr Tsuyoshi KAJSA (JICA). It was also participated by the personnel of media of The Voice, Eleven, RFA, Myanmar Time, The Trade Time, Yangon Time, Magazin Media, Geologist and Street Viso. The Workshop concluded with suggestions and recommendations.

The Workshop was inaugurated with the opening remarks of H.E U Win Tun, Union Minister for Ministry of Environmental Conservation and Forestry (MOECAF). In the opening remarks, Firstly the Union Minister extended warmly welcome to Deputy Ministers, Senior officials from MOECAF, Representatives of ITTO and other International Organizations, Distinguished guests and participants and he said that he was indeed with great honor and pleasure to deliver on opening speech of National Workshop on Capacity Development of Stakeholders within the Context of REDD+. The Union Minister express that this workshop has timely come out in line with global efforts to combat the climate change impacts as well as to implement the REDD+ Roadmap of Myanmar. H.E U Win Tun, Union Minister also touched upon relationship between his Minustry and ITTO, since Myanmar became a member of ITTO in 1993, that they have been working together for sustainable forest management in order to support the goal of sustainable development. The Union Minister explained on REDD+ Capacity Building Project, started in December 2012 with the support of ITTO and about REDD-Plus readiness activities which are being implemented by the MOECAF. Also he stated that he is very proud to inform that, Myanmar

successfully developed REDD+ Roadmap in June 2013 and now trying to implement the Roadmap in cooperation with international organization. The Union Minister highlighted some results of UNFCCC COP 19 which was held from 11 to 22 November of 2013 in Warsaw, Poland and he said that ongoing process of formulation of land use policy and land use management plan would be helpful for REDD-PLUS implementation; and he continued on the aims of the National Workshop and mentioned that the Government of Myanmar has been focusing on Green Economy and Green Growth and it is crucial importance to scale up the REDD+ as Green Growth approach at the National Level. H.E. U Win Tun, Union Minister concluded his keynote address and expressed his appreciation for cooperation and presence at this auspicious occasion.

On behalf of ITTO, Dr. Hwan Ok Ma, Projects Manager, ITTO expressed his appreciation and thanks to Union Minister H.E U Win Tun, Union Deputy Minister H.E U Aye Myint Maung and H.E Daw Thet Thet Zin, Representatives of UN and International Organization, Government and Non-government Organization and participants. He said that he was pleased to recall that the ITTO Project has been operational since December 2012 after signing the project agreement by H.E U Win Tun, Union Minister and Dr. Emmanuel Ze Meka, ITTO Executive Director during the 48th session of the International Tropical Timber Council which was held in Yolohama, Japan in November 2012. He also delighted that this workshop is being held with support of many partners within and outside of Myanmar including JICA, Asia Air Survey Co., Ltd, Wildlife Conservation Society (WCS) – Cambodia, UNDP-Myanmar, RECOFTC and Kyusu University of Japan and he would like to put on record of ITTO deep appreciation to donor of the Project, namely the Government of Norway Switzerland, USA and Japan for raising the funds required to make this important project possible in Myanmar through ITTO Thematic Programme on Reducing Deforestation and Forest Degradation and Enhancing Environmental Services REDDES. Dr Ma also highlighted, lessons learned from the implementation of the ITTO Thematic Programme on REDDES and consideration for national REDD+ Strategies in tropical countries. He also explained on their general observation, if people and communities are not aware of the opportunities and benefits of tropical goods and environmental services including REDD+, they are not likely to stand up for their management in a sustainable way, and pointed out the roles of tropical forests in addressing climate change, biodiversity and water resources conservation along with the provision of providing positive incentives to demonstrate the social economic and environmental value of tropical forests. He then toughed on International Climate Change negotiations at UNFCCC COP 16 in Mexico and COP 17 in South Africa Supported the phased REDD+ mechanism to reduce forest based emissions and enhance forest carbon sinks with advancement of MRV and Social – environmental safeguard and the recent COP 19 in Poland, which has provided important methodological guidance for the establishment of forest emission reference levels. He explained that as follow-up on previous national level workshop on REDD, this national workshop would contribute to better understanding of REDD+ opportunities and challenges by updating recent negotiations and discussions on REDD+ under the UNFCCC and good experiences in REDD Readiness from neighboring countries. Dr Ma also suggested that, Ministry of Environmental Conservation and Forestry need to consider contributing to the Regional forestry cooperation and dialogue on REDD+ and these are many constraints in how ASEAN members may work together on certain issues including the principles of REDD+ social safeguards; while Myanmar takes chairmanships of ASEAN in the year 2014, and it is his hoped that under the initiative of MOECAF, some opportunities will be provide to share many lessons on design and implementation of REDD+ policies and demonstration activities in 2014 during the Myanmar chairmanship of ASEAN. Lastly, but not least, Dr Ma expressed his appreciation to Forest Department for the efficient organization of this workshop and thanks to international speakers and participants and he concluded to look forward for the continued advancement in cooperation and commitment towards the achievement of REDD+ in Myanmar.

The presentation session was chaired by U Bo Ni, Director of Watershed Management Division

Forest Department (FD), Ministry of Environmental Conservation and Forestry (MOECAF). There were 12 Resources papers presented by Resources Persons including 6 International and 6 National.

(1) REDD+ and SFM by Dr Hwan Ok Ma, Projects Manager ITTO
(2) Cambodia's Experience in REDD+ Part I by Dr Tom Clements, WCS's expert from Cambodia
(3) Cambodia's experience in REDD+ Part II by Mr Hiroshi Nakata, JICA, Cambodia
(4) UNFCCC COP19: REDD+ Potentialities and Challenges by Dr Promode Kant, International Consultant
(5) Methodological Development for REDD+ by Mr WADA, AAS Co., Ltd from Japan
(6) REDD+ Roadmap of Myanmar : Challenges and Opportunities by Dr Thaung Naing Oo, Project Manager ITTO REDD+ Project
(7) Development of MRV System in Myanmar: Challenges and Opportunities by Dr Myat Su Mon, Assistant Director Forest Department
(8) Major Drivers of Deforestation and Strategies by Dr Rosy Ne Win, Staff Officer, Forest Department.
(9) Development of Safeguard Information System particularly FPIC: Challenges and Opportunities by U Nanda Win Aung, Staff Officer, Forest Department.
(10) Stand Structure, Composition and Diversity of Selected Reserve Forests in Taungoo District by U Naing Zaw Tun, Assistant Director, Forest Department.
(11) Linking Community Forestry to REDD+ RECOFTC'S Experiences by Dr Maung Maung Than, Country Coordinator, RECOFTC
(12) Participatory forest carbon monitoring and development of community forestry in Myanmar by Inada, AAS Co., Ltd.

In order to the future implementation to develop REDD+ and Capacity Development of Stakeholders in the Context of REDD+ in Myanmar; participants were group into two with respects to following thematic areas: -

1. A Safeguard Team to review processes for social and environmental safeguards in relation to forest management in Myanmar, lead by Dr Hwan Ok Ma, ITTO Projects
2. A GHG measurement, reporting and verification (MRV) Team discussed on forest reference emission levels and forest reference level (RELSs/RLs) for REDD+ Activities lead by Dr Promode Kant, International Consultant

The participants participated actively in the group discussion session and after group presentations, the following suggestions and recommendations were reached:-

1. Since the REDD+ is cross-sectoral mechanism, all line ministries, NGOs, CSOs, local communities and relevant stakeholders are strongly encouraged to work together in order to achieve not only climate change benefits but also for other ecosystem services.
2. Improvement of national forest resources monitoring systems covering carbon MRV as well as social and environment information.
3. To consider contributing to the regional forestry cooperation and dialogue on REDD+ as there are many constraints in how ASEAN members may work together on certain issues including the principles of REDD+ social safeguards.
4. To the continued advancement in cooperation and commitment towards the achievement of REDD+ Roadmap in Myanmar.
5. To assess baseline national technical capacities and institutional arrangement related to the forest monitoring and measurement, reporting and verification (M&MRV) to the forest monitoring system (NFMs) for REDD+ activities.
6. To identify potential strategies for the development of Myanmar forest (RELs/RLs).

The workshop was concluded with closing remarks by U Zaw Win, Deputy Director General of Forest Department, Ministry of Environmental Conservation and Forestry. In his conclusion remarks, firstly he extended his warmest greetings to all and it was indeed a great honor and pleasure

for him having a chance to deliver the closing remark of the National Workshop on REDD+. He expressed his sincere appreciation to Dr Hwan Ok Ma from International Tropical Timber Organization (ITTO), Mr Hiroshi Nakata from JICA, Dr Tom Clements from WCS, Mr Yukio Wada from Asia Air Survey Co., Ltd and resource persons for their precious time and contributions to this workshop. And he was very thankful to the representative of UNDP, all officials from line ministries, NGOs and participants for their active participation and significant presence throughout the workshop. Deputy Director General stated that, Forestry is one of the important sectors that contribute climate change mitigation and adaptation because it is a sink as well as a source of carbondioxide. Emissions from deforestation and forest degradation in developing countries amount to about 20% of the total global emissions of GHG and low carbon, Green Economy and Green Growth approach is becoming very popular in climate change Agenda. He also said that, he was very proud to recall that, Rio+20 which was held in June 2012 in Rio De Janeiro, role of forests and potentially of REDD + in enhancing social, economical and ecological benefits for the people as well as sustainable development of the countries. He columned that, REDD+ is cutting mechanism, all relevant stakeholders including government body, NGOs, CSOs, private sector and local communities have to work together and he would say, community forestry, agro-forestry, social forestry, community based forest management practices and forestry related small-scale business will be fundamental framework for the development of public private partnership in forestry sector. Deputy Director General said he was very delighted to know that 12 technical papers were presented by the experts from international organizations, NGOs and REDD+ core unit of Forest Department and firmly believe that this National Workshop is very helpful for improvement of awareness and it contributed substaintially to the implementation of REDD+ Roadmap of Myanmar. He concluded his remarks by expressing his since appreciation to all resource persons, participants and organizer for their endless efforts to successfully hold this National Workshop and wished all for having a pleasant enjoyable time in SEN GAME in Nay Pyi Taw and have a safe return to their home.

The project implementation period is row almost (30) months during the year one; through year three. i.e from December 2012 to June 2015, activities and the project is on the tract. Some indicators for the success of the first Yearly Plan of Operation (YPO), second Yearly Plan of Operation (YPO) and third Yearly Plan of (YPO) are:-

1. Increased number community engaged in forestry related activities
2. Reduced cases of forest-community conflict within the project are.
3. Awareness raised and case of illegal harvesting and encroachment reduced
4. Baseline data for carbon accounting collected and up-dated
5. Capacity of some staff of Forest Department and MOECAF, NGOs and local communities developed
6. Demonstration plots for conservation of forest established.
7. Permanent Sample Plots for carbon stock measured established.
8. FPIC activities are applied in project site
9. Application of IPCC guidelines promoted.

Several activities related to mitigation of forestry sector climate concerns within the Ministry of Environmental Conservation and Forestry such as research, and demonstration activities located in several areas would be integrated with the project. Forest Department, Forest Research Institute, University of Forestry, Local Civil Societies are involved in the operation activities of the project by consultation, discussion and negotiation which have been conducted in irregular basis.

References:- * Proceedings of National Workshop on Capacity Development of stakeholders in the context of REDD-Plus. ITTO-REDD+ Project, March 2014.
* Fourth Bi-Annual Progress Report, ITTO-REDD+ Project, July 2014.

# IUFRO (The International Union of Forest Research Organization)

**Daw Wai Wai Than**
**FRI**

IUFRO is the global network for forest science cooperation, a non- profit, non-governmental international network;headquarters is situated in Vienna, Austria.It unites more than 15, 000 scientists in 700 member organizations in over 110 countries with stakeholders Research Organizations, Universities, Individual Scientists, NGOs, Decision Making Authorities, Forest land- owners and other people who depend on forest.

IUFRO missionis to promote global cooperation in forest-related research and to enhance the understanding of the ecological, economic and social aspects of forests and trees; as well as to disseminate scientific knowledge to stakeholders and decision-makers and to contribute forests policy and on-the-ground forest management.Vision is as the global network for forest-related research is to serve the needs of all forest researchers and decision makers.

IUFRO was established in 1892 as the Union of Forest Experiment Organizations founded in Eberswalde, Germany (Attached Photo). Originally only three governments of Austria, Germany and Switzerland agreed and become 22 countries including USA and Canada in the First World War. In 1903 Japan was become a member, and the number of members increased as universities, forestry education centers and other forestry institutions not only from Europe but also from other continents joined. Until the 1970s IUFRO grew rapidly with many of the new members coming from developing countries. In 2000, the name was changed to "International Union of Forest Research Organizations (IUFRO)."

The IUFRO congress 2014 was held in Salt Lake City, Utah State in the USA. Two Myanmar researchers from FRI and master and doctorate forestry candidate of Myanmar from Kyoto Universityparticipated and presented their researches in the IUFRO Congress 2014.FRI researchers submitted their papers and presented also in IUFRO 2010. The Congress is regularly held once every four years and next will be held in Brazil in 2019. Myanmar FRI has member of IUFRO since 2007.According to IUFRO's Internal Regulations, the basic annual membership fee for Member Organizations is based on the adapted World Bank classification of economies.We can available the benefits for members are **networking opportunities; international, regional and national representation; eligibility to place news items in IUFRO media; IUFRO publications; access to the IUFRO webpages; opportunity to participate in GFIS (**Global Forest Information Service); **eligibility to IUFRO awards; opportunity to take a leading role within IUFRO; support for developing countries (SPDC program).**

Currently there are nine permanent Divisions:Silviculture; Physiology and Genetics; Forest Operations Engineering and Management; Forest Assessment, Modeling and Management; Forest Products; Social, Economic, Information and Policy Sciences; Forest Health; Forest Environment; andForest Policy and Economicsto support researchers in collaborative work and provide an organizational link among Research Groups and Working Parties and the IUFRO Board.

International Council Representatives are formed from 97 countries including Myanmar Representative is nominated in 2015. The IC is IUFRO's governing body and legislative organ and it should advise the President and the Board on major issues concerning IUFRO's policy and strategy. Representative / Alternate Representative must be FRI director will engage with new Board to advise IUFRO and also serve as "Ambassadors" of IUFRO in their countries as play a key role in ensuring a strong and active participation of research organizations and scientists in IUFRO.

The IUFRO strategy 2015-2019 with its theme of "Interconnecting Forests, Science and People" is an essential tool to guide and implement its activities in the years. It provides a framework of IUFRO and its



members to effectively respond to changing regarding forest and network of forest science knowledge sharing and cooperation. The strategy addresses five research themes: Forest for people; Forest and climate change; Forest and forest based products for a greener future; Biodiversity, ecosystem services and biological invasions; and Forest, soil and water interactions withthree institutional goals: research excellence; network cooperation; and policy impact in the forthcoming periods.

Our FRI is very proud for membership and has become representative in the International Council of IUFRO. The above information is I wish to share with readers some of the key issues that are arising as good opportunities to implement our researches according to its themes and look forward to participate actively in the coming congress which will be held in Brazil in 2019.

Participants of the 20th Meeting of the German forest research institutes, Eberswalde, Germany, September, 1892. This committee decided on 19 September 1892 the establishment of the International Union of Forest Research Institutes.

## သဘာဝဘေးအန္တရာယ်များ

### (အင်ဒိုနီးရှားတောမီးကြောင့် မီးခိုးမြူအကျပ်အတည်းဖြစ်ပေါ်)





အင်ဒိုနီးရှားနိုင်ငံ ဆူမတြား ကျွန်းတွင် တောမီးများ လောင်ကျွမ်းပြီး၊ မီးခိုးမြူများပျံ့နှံ့မှုကြောင့် ရီအောပြည်နယ်၌ စက်တင်ဘာလ (၁၅)ရက်နေ့တွင် အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး ဂျမ်ဘီနှင့် တောင်ပိုင်းဆူမတြား တို့၌လည်း လူထောင်ပေါင်းများစွာတို့သည် မြို့တော်ပီကန်ဘာရူသို့ ဦးတည်တိမ်းရှောင်ခဲ့ကြသည်။

### (အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် Sierra Nevada ဒေသတွင် တောမီးလောင်ကျွမ်း)



အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် Sierra Nevada ဒေသတွင် စက်တင်ဘာလ (၁၈)ရက်နေ့၌ တောမီး လောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ပြီး နေအိမ်ပေါင်း ၂၅၂ လုံးပျက်စီးဆုံးရှုံးခဲ့ကြောင်း အင်တာနက်သတင်းအရ သိရှိရပါသည်။

## သိပ္ပံပညာရှင်များက ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်နေသော မျိုးစိတ်ပျံ့နှံ့မှုကို ပိုမိုနားလည်သဘောပေါက်လာခြင်း



Sheffield တက္ကသိုလ်မှ သုတေသီများ ဦးဆောင်သောအဖွဲ့သည် အခြေအနေအမျိုးမျိုး၌ အပင်အချို့ကို ရှင်သန်စေနိုင်သည့် physiological attribute များကို ရှာဖွေတွေ့ရှိရန် နီးစပ်လာပြီဖြစ်ကြောင်း အင်တာနက်သတင်းအရသိရှိရပါသည်။

ရာသီဥတုပြောင်းလဲမှုသည် ဇီဝမျိုးစုံမျိုးကွဲများအပေါ် အားကောင်းစွာသက်ရောက်လျက်ရှိပြီး တချို့မျိုးစိတ်များကို မျိုးသုဉ်းအန္တရာယ်ဖြစ်စေပါသည်။ သို့ရာတွင် အပင်မျိုးစိတ်တချို့သည် အခြေအနေသစ်များတွင် လိုက်လျောညီထွေနေထိုင်နိုင်ပြီး ယခင်ကငင်းတို့မရှင်သန်ခဲ့ဖူးသော နေရာများတွင် ဝင်ရောက်ရှင်သန်ပေါက်ရောက်ကြပါသည်။ ဤအချက်သည် သိပ္ပံပညာရှင်များအတွက် လျှို့ဝှက်ချက်တစ်ခုအဖြစ် ယခုတိုင်ရှိနေဆဲပင်ဖြစ်ပါသည်။

မျိုးစိတ်များ၏ စရိုက်လက္ခဏာများနှင့်ဂေဟဗေဒဆိုင်ရာနှစ်သက်မှုများကြားမှ ဆက်စပ်မှုကို နားလည်သဘောပေါက်ရေးအတွက် ယခုအချိန်ထိ သုတေသနပြုလုပ်ထားခြင်း အနည်းငယ်သာရှိပါသေးသည်။

Sheffield တက္ကသိုလ်မှ သုတေသီများသည် တောင် အာဖရိကမြက်ခင်းပြင်များမှ တန်ဇန်းနီးယားရှိ သစ်တော ဖုံးလွှမ်းထားသော မြက်ခင်းပြင်များအထိ နေရင်းဒေသအမျိုးမျိုးတွင် ရှင်သန်ပေါက်ရောက်သော မြက်တစ်မျိုးဖြစ်သည့် Alloteropsis semialata မျိုးစိတ်ကို အသေးစိတ်လေ့လာခဲ့ကြပါသည်။

Alloteropsis semialata မျိုးစိတ်သည် $C_4$ photosynthesis ရှိသည့်အပင်နှင့် မရှိသည့်အပင်များ ပါဝင်သည့်တစ်ခုတည်းသော မျိုးစိတ်ဖြစ်ပါသည်။ $C_4$ photosynthesis သည် ပူနွေးခြောက်သွေ့သော ပတ်ဝန်းကျင်များတွင် အပင်များ၏ထုတ်လုပ်နိုင်စွမ်းကို တိုးတက်စေသည့် အပင် စရိုက်လက္ခဏာများနှင့်အင်ဇိုင်း ဓာတ်ပြုမှုများရှုပ်ထွေးသော အစုအဝေးတစ်ခုဖြစ်ပါသည်။

အဆိုပါ syndrome သည် အပင်မျိုးစိတ်အားလုံး၏ ၃%တွင်သာရှိသောကြောင့် terrestrial primary production ၏ ၄ ပုံ ၁ ပုံသာရှိပါသည်။ ဤသို့ထုတ်လုပ်နိုင်စွမ်းသည် $C_4$ မြက်များကြောင့်ဖြစ်ပါသည်။ $C_4$ မြက်များသည် အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသရှိ ကွင်းပြင်များ၊ အထူးသဖြင့် ဆာဗားနားမြက်ခင်းများတွင် အများဆုံး လွှမ်းမိုးပေါက်ရောက်ပါသည်။ မျိုးရိုးဗီဇ စိစစ်လေ့လာမှုများအရ အဆိုပါ Allo tero-psis semialata မြက်သည် လွန်ခဲ့သောနှစ်ပေါင်း ၅. ၃သန်း နှင့် ၂. ၆ သန်းကြား ကာလဖြစ်သော Pliocene ကာလအတွင်း Central Africa တွင် စတင်ပေါက်ရောက်ခဲ့ကြောင်း သိရပါသည်။

သိပ္ပံပညာရှင်များက ဆန်းသစ်သော ချဉ်းကပ်မှုများကိုအသုံးပြုခဲ့ပြီး အဆိုပါမျိုးစိတ်ပျံ့နှံ့ခဲ့စဉ် အတောအတွင်း ဖြစ်ပွားခဲ့သည့် ဂေဟဗေဒဆိုင်ရာပြောင်းလဲမှုများကို နားလည်သဘောပေါက်ခဲ့ကြပါသည်။ တွေ့ရှိချက်အရ ပထမဆုံးအနေဖြင့် အာဖရိကတိုက်၏ ဂေဟဗေဒပြောင်းလဲမှုများကို တွေ့ရှိခဲ့ကြပြီး ၎င်းနောက်တွင် အာရှတိုက်နှင့် ဩစတြေးလျတိုက်တို့၌ ဖြစ်ခဲ့သောပြောင်းလဲမှုများကို တွေ့ရှိခဲ့ကြခြင်းဖြစ်ပါသည်။

သုတေသီအဖွဲ့၏ တွေ့ရှိချက်အရ $C_4$ မဟုတ်သော အပင်များသည် Central Africa ရှိ ဂေဟဗေဒ အခြေအနေ သေးသေးလေးထဲ၌သာ ကန့်သတ်ပေါက်ရောက်နေခဲ့သော်လည်း $C_4$ Photo- synthesis ၏ ဆင့်ကဲဖြစ်စဉ်သည် အဆိုပါမျိုးစိတ်ရှင်သန် ပေါက်ရောက်နိုင်သည့် ဂေဟဗေဒဆိုင်ရာ အခြေအနေများကို ရုတ်တရက်ကျယ်ပြန့်သွားစေခဲ့ပါသည်။

သုတေသနအရ $C_4$ အပင်များသည် ၎င်းတို့၏ ဘိုးဘွားဖြစ်သော $C_4$ မဟုတ်သည့်အပင်များ ရှင်သန်လျက်ရှိသည့် နေရင်းဒေသများ၌လည်း ဆက်လက်၍ရှင်သန်နေလျက်နှင့်ပင် သဘာဝပတ်ဝန်းကျင်နှင့် ပထဝီမြေနေရာများကို ကျော်ဖြတ်ပြီး ပျံ့နှံ့နိုင်ကြောင်း တွေ့ရှိရပါသည်။ ဤကဲ့သို့ ကမ္ဘာဗေဒဆိုင်ရာ ဆန်းသစ်မှုကြောင့် နေရင်းဒေသများပြောင်းလာပြီး အဆိုပါထူးကဲသော မြက်မျိုးသည် ဖော်ပြပါတိုက်ကြီး (၃)တိုက်တွင် လျင်မြန်စွာ နယ်ပယ်ချဲ့ထွင်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သုတေသီများက သက်သေပြထားကြပါသည်။

သုတေသီများ၏အဆိုအရ ရာသီဥတုပြောင်းလဲမှု

နှင့်လူသားတို့ကြောင့်ဖြစ်သည့် အခြားပြောင်းလဲမှုများကြောင့် လျင်မြန်စွာထိခိုက်ခံနေရသော ယခုအချိန်အခါတွင် အခြေအနေအမျိုးမျိုး၌ အပင်များရှင်သန်နေနိုင်ရေးအတွက် ကူညီပေးသည့် ကမ္ဘဗေဒဆိုင်ရာ အရည်အသွေးများကို နားလည်သဘောပေါက်မှသာ ပို၍ကောင်းမွန်သောဂေဟစနစ်များကို စီမံအုပ်ချုပ်နိုင်မည်ဖြစ်သည်။ ထို့အပြင် အခြေအနေအမျိုးမျိုး၌ အပင်များ၏ထုတ်လုပ်နိုင်စွမ်းကို ကောင်းမွန်စေသည့်အရာများကို နားလည်သဘောပေါက်ခြင်းဖြင့် အနာဂတ်သီးနှံထွက်နှုန်းတိုးမြှင့်ရေး စီမံကိန်းများကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

## ကမ္ဘာပေါ်ရှိသစ်ပင်အရေအတွက်သည် ယခင်ကခန့်မှန်းထားခဲ့သည်ထက် ၇ ဆခွဲပိုများနေခြင်း




Yale တက္ကသိုလ်၏ လေ့လာမှုအသစ်တစ်ခုတွင် ကမ္ဘာပေါ်၌ သစ်ပင်(၃)ထရီလီယံကျော်ရှိပြီး ယခင်ကခန့်မှန်းချက်များထက်(၇)ဆကျော်ပိုများသည်ဟု ခန့်မှန်းထားကြောင်း စက်တင်ဘာလ(၂)ရက်နေ့ အင်တာနက်သတင်းအရ သိရပါသည်။ သို့သော်၎င်းလေ့လာမှု၏ခန့်မှန်းချက်အရ သစ်ပင်စုစုပေါင်းအရေအတွက်သည် human civilization အစကတည်းက ၄၆%ခန့်ကျဆင်းခဲ့ပြီးဖြစ်ကြောင်းသိရပါသည်။

ယခုလေ့လာမှုတွင် နိုင်ငံတကာသုတေသီများအဖွဲ့သည် ဂြိုဟ်တုပုံရိပ်များ၊ သစ်တောသယံဇာတကောက်ယူခြင်းများနှင့် အဆင့်မြင့်ကွန်ပျူတာနည်းပညာများကို ပေါင်းစပ်အသုံးပြုခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ သစ်ပင်ဦးရေကို စတုရန်းကီလိုမီတာပမာဏဖြင့် မြေပုံရေးဆွဲနိုင်ခဲ့ကြပါသည်။

၎င်းတို့၏လေ့လာမှုရလဒ်များကြောင့် သစ်ပင်အရေအတွက်နှင့်ဆိုင်သည့် ဘက်စုံလွှမ်းခြုံပါဝင်သော အကောင်းဆုံး ဆန်းစစ်ချက်တစ်ခုရရှိခဲ့ပြီး ကုန်းမြေဆိုင်ရာဒေသအလိုက် ဇီဝအစုအဖွဲ့များကို ပုံဖော်နေသည့်သက်ရှိအမျိုးအစားများကိုသိရှိခဲ့ကြပါသည်။ ယခုကဲ့သို့သိမြင်လာခြင်းကြောင့် ကာဗွန်လည်ပတ်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှု model များမှစ၍ အပင်နှင့်တိရစ္ဆာန်မျိုးစိတ်ပျံ့နှံ့တည်ရှိမှုအထိ larg-scale systems များစွာကိုပါ model ပြုလုပ်လာနိုင်အောင်အထောက်အကူပြုကြောင်း သုတေသီများကပြောကြားခဲ့ပါသည်။

သစ်ပင်များသည် ကမ္ဘာပေါ်တွင် သိသာထင်ရှားမှုအရှိဆုံးနှင့် အရေးပါဆုံးသက်ရှိဖြစ်သော်လည်း ကျွန်ုပ်တို့အနေဖြင့် မကြာသေးမီကာလမှ သစ်ပင်များ၏ တစ်ကမ္ဘာလုံးအတိုင်းအတာ ပျံ့နှံ့တည်ရှိမှုကို စတင်နားလည်သိမြင်လာခဲ့ခြင်းဖြစ်ကြောင်း သုတေသီခေါင်းဆောင် Rhomas Crowther ကပြောကြားခဲ့ပါသည်။

သစ်ပင်များသည် ကာဗွန်ပမာဏ အမြောက်အမြားကို သိုလှောင်ပေးခြင်း၊ ရေနှင့်လေအရည်အသွေးကို ထိန်းသိမ်းပေးခြင်းစသည်တို့ကြောင့် မရှိမဖြစ်အရေးကြီးပါသည်။ သို့သော် သစ်ပင်အရေအတွက်မည်မျှရှိကြောင်း ပမာဏအစီအစဉ်တစ်ခုဖြင့် ခန့်မှန်းပြပါဆိုလျှင် လူများကဘယ်ကစ၍ပြောရမည်ကိုမသိရှိကြကြောင်း သုတေသီကဆက်လက် ပြောကြားခဲ့ပါသည်။

လွန်ခဲ့သည့်နှစ်နှစ်ကခန့်မှန်းချက်တွင် တစ်ကမ္ဘာလုံး၌ သစ်ပင်(၄၀၀)ဘီလီယံကျော်ရှိပြီး ကမ္ဘာပေါ်ရှိ လူတစ်ဦးချင်းစီအတွက် သစ်ပင်(၆၁)ပင်ရှိကြောင်းဖော်ပြခဲ့ပါသည်။ အဆိုပါခန့်မှန်းချက်မှာ ဂြိုဟ်တုပုံရိပ်နှင့် သစ်တောဧရိယာခန့်မှန်းကိန်းဂဏန်းများကို အသုံးပြု၍ရရှိခဲ့ခြင်းဖြစ်ပြီး မြေပြင်မှရရှိသော သတင်းအချက်အလက်များပါဝင်ထည့်သွင်းခဲ့ခြင်းမရှိပေ။

ယခုလေ့လာမှုအသစ်တွင် လေ့လာချဉ်းကပ်မှုနည်းလမ်းများစွာပေါင်းစပ်အသုံးပြုခဲ့ပြီး တစ်ကမ္ဘာလုံးတွင် သစ်ပင်စုစုပေါင်း(၃. ၀၄)ထရီလီယံရှိပြီး လူတစ်ဦးချင်းစီအတွက် သစ်ပင်(၄၂၂)ပင်ရှိကြောင်းလေ့လာဖော်ထုတ်ခဲ့ကြပါသည်။

သုတေသီ Crowther နှင့်အဖွဲ့သည် ကမ္ဘာတစ်ဝန်းရှိ သစ်တောအကွက်ပေါင်း(၄)သိန်းကျော်မှ tree density ဆိုင်ရာသတင်းအချက်အလက်များကို လေ့လာစုဆောင်းခဲ့ကြပါသည်။ ၎င်းသတင်းအချက်အလက်များထဲတွင် အမျိုးသား သစ်တောသယံဇာတ စာရင်းကောက်ယူခြင်းများနှင့် အခြားသုတေသနများ၏ လေ့လာမှုများကို ပြန်လည်သုံးသပ်ခြင်းစသည်တို့မှရသည့် အချက်အလက်များပါဝင်ပြီး မြေပြင်

အဆင့်၌သစ်ပင်ရေတွက်ခြင်းများလည်း ပါဝင်ပါသည်။ ဂြိုဟ်တုပုံရိပ်များကို အသုံးပြုခြင်းကြောင့်လေ့လာသည့် အကွက်တစ်ခုချင်းထဲရှိ အပင်အရေအတွက်သည် ရာသီဥတု၊ မြေမျက်နှာသွင်ပြင်၊ သဘာဝပေါက်ပင်၊ မြေဆီလွှာအခြေအနေနှင့် လူသားကြောင့် ထိခိုက်မှုသည် ဒေသဆိုင်ရာလက္ခဏာများနှင့် ဆက်စပ်မှုကိုဆန်းစစ်နိုင်ခဲ့ကြပါသည်။

ယခုရရှိခဲ့သည့် အချက်အလက်မျိုးစုံကို အသုံးပြု၍ ကမ္ဘာတစ်ဝန်းရှိနေရာတစ်ခုချင်းစီမှ သစ်ပင်အရေအတွက်ကိုခန့်မှန်းရန် model များတည်ဆောက်နိုင်ခဲ့ကြပါသည်။

သစ်ပင်သိပ်သည်းမှုအများဆုံးနေရာများမှာ ရုရှား၊ Scandinavia နှင့် မြောက်အမေရိကရှိ sub-arctic ဒေသများမှ boreal သစ်တောများဖြစ်ပါသည်။ သို့သော်အကြီးဆုံးသစ်တောဧရိယာများမှာ အပူပိုင်းဒေသတွင်တည်ရှိနေပါသည်။ အပူပိုင်းဒေသသည် ကမ္ဘာပေါ်ရှိသစ်ပင်များ၏ ၄၃% တည်ရှိရာနေရာဖြစ်ပါသည်။ (သစ်ပင်တည်ရှိမှု သိပ်သည်းသော boreal ဒေသများတွင် ၂၄%သာရှိပြီး အခြား၂၂%မှာ သမပိုင်းဇုန်များတွင် တည်ရှိပါသည်။

သုတေသနရလဒ်များအရ သစ်ပင်အရေအတွက် သိပ်သည်းထူထပ်မှုသည် သစ်တောအမျိုးအစားကိုလိုက်၍ ပြောင်းလဲကြောင်းဖော်ပြထားကြပါသည်။ သုတေသီတို့၏ တွေ့ရှိချက်အရ ရာသီဥတုဆိုင်ရာ အချက်အလက်သည် boreal အများစုရှိ သစ်ပင်သိပ်သည်းမှုကို ခန့်မှန်းရာတွင် အထောက်အကူပြုကြောင်းသိရသည်။ ဥပမာ-ပို၍စွတ်စိုသောနေရာများတွင် သစ်ပင်များပိုမိုပေါက်ရောက်နိုင်ပါသည်။ သို့ရာတွင်လူအများက စိုက်ပျိုးရေးအတွက် စိုစွတ်ပြီး ထွက်နှုန်းကောင်းသောနေရာများကို နှစ်သက်လေ့ရှိကြရာ ထိုနေရာများတွင် စွတ်စိုမှုကြောင့် သစ်ပင်များပေါက်ရောက်နေပါက စိုက်ပျိုးရေးလုပ်ကိုင်မှုများအတွက် အကျိုးကျေးဇူးနည်းပါသည်။

အမှန်တကယ်တော့ ကမ္ဘာတစ်ဝန်းရှိ သစ်ပင်အရေအတွက်အနည်းအများကို အဓိကထိန်းချုပ်နေသည်မှာ လူသားတို့၏ လုပ်ဆောင်ချက်ပင်ဖြစ်သည်။

လူသားတို့၏လုပ်ဆောင်ချက်များကြောင့် သဘာဝဂေဟစနစ်များပေါ် ဆိုးကျိုးသက်ရောက်မှုများသည် သေးငယ်သောနေရာများတွင် ရှင်းလင်းမြင်သာပါသည်။ ယခုလေ့လာမှုတွင် သုတေသီများသည် လူသားတို့ကြောင့်ဖြစ်သည့် ဆိုးကျိုးပမာဏကိုသိရှိ၍ တိုင်းတာမှုအသစ်တစ်ခုကိုဖော်ထုတ်နိုင်ခဲ့ပြီး သမိုင်းတစ်လျှောက်မြေအသုံးချမှုဆိုင်ရာ ဆုံးဖြတ်ချက်များက သဘာဝဂေဟစနစ်များကို မည်သို့ပုံဖော်ခဲ့သည်ကို အလေးထားဖော်ပြခဲ့ကြပါသည်။ လူဦးရေတိုးတက်လာသည်နှင့်အမျှ သစ်ပင်သိပ်သည်းမှုသည် လျော့ကျလာရပါသည်။ နှစ်စဉ်စုစုပေါင်း သစ် ၁၅ သန်းဆုံးရှုံးမှုသည် သစ်တာပြုန်းတီးမှု၊ မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောစီမံအုပ်ချုပ်မှုတို့ကြောင့်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏လုပ်ရပ်များကြောင့် ကမ္ဘာပေါ်ရှိသစ်ပင်အရေအတွက်၏ ထက်ဝက်နီးပါးလျော့ကျခဲ့ရပြီး ရလဒ်အဖြစ်ရာသီဥတုနှင့် လူသားတို့ကျန်းမာရေးအပေါ် ဆိုးကျိုးများသက်ရောက်နေသည်ကိုလည်း သိမြင်ခဲ့ရပြီဖြစ်ပါသည်။ ဤလေ့လာမှုတွင် ကျွန်ုပ်တို့အနေဖြင့် ကမ္ဘာတစ်ဝန်းတွင် ကျန်းမာသောသစ်တောများ ပြန်လည်ထူထောင်ရန်အတွက် လိုအပ်သောကြိုးပမ်းအားထုတ်မှုများကို အလေးထားဖော်ပြထားပါသည်။

## ရေခဲပြင်အရည်ပျော်၍ ပင်လယ်ဖျံများမရှိလည်း ရှင်သန်နိုင်သော ဝင်ရိုးစွန်းဝက်ဝံများ





လေ့လာမှုအသစ်တစ်ခုအရ ရာသီဥတုပြောင်းလဲမှုကြောင့် ရေခဲပြင်များ အရည်ပျော်လာသဖြင့် ဝင်ရိုးစွန်းဝက်ဝံများသည် ပင်လယ်ဖျံများအစား caribou သမင်နှင့် နှင်းဘဲငန်းတို့ကို အစားထိုးရှာဖွေစားသောက်လာနိုင်ကြောင်း စက်တင်ဘာလ(၄)ရက်နေ့ အင်တာနက်သတင်းအရ သိရှိရပါသည်။

American Museum of Natural History တွင်ပြုလုပ်ခဲ့သော အဆိုပါလေ့လာမှုတွင် သုတေသီများသည် ကုန်းမြေအစာအရင်းအမြစ်များမှ caloric energy ကိုပေါင်းစပ်ထည့်သွင်းသည့်တွက်ချက်မှုအသစ်များအပေါ် အခြေခံလေ့လာခဲ့ကြပြီး အဆိုပါဝင်ရိုးစွန်းဝက်ဝံများ ကုန်းမြေပေါ်တွင် အချိန်ကြာနေထိုင်နိုင်ရေးအတွက် ယခင်ကခန့်မှန်းထားသလောက် အခက်အခဲမရှိနိုင်ကြောင်းလေ့လာမှုတွင် ဖော်ပြထားပါသည်။

ဝင်ရိုးစွန်းဝက်ဝံများသည် ကုန်းမြေပေါ်ရှိအစာ အမျိုးမျိုးကို ပေါင်းစပ်စားသုံးနိုင်သည်ဟု အစောဆုံးသဘာဝသမိုင်းမှတ်တမ်းတွင် ရေးသားဖော်ပြခံရသော သက်ရှိများဖြစ်ပါသည်။ ဝင်ရိုးစွန်းဝက်ဝံများကို တိုက်ရိုက်လေ့လာခဲ့ခြင်းများကို စိစစ်လေ့လာမှုများအရ အရွယ်မရောက်သေးသော ဝင်ရိုးစွန်းဝက်ဝံများ၊ အရွယ်ရောက်ပြီး ဝင်ရိုးစွန်းဝက်ဝံအထီးတချို့ပင်လျှင် ရေခဲပြင်မရှိသောကာလတွင် အပင်နှင့်တိရစ္ဆာန်များကို စားသောက်နေခဲ့ကြကြောင်း ပြသနေပါသည်။

ယခင်လေ့လာမှုများတွင် ၂၀၆၈ ခုနှစ်၌ ဝင်ရိုးစွန်းဝက်ဝံများ အစာငတ်မွတ်ခြင်းကိုကြုံတွေ့နိုင်သည်ဟု ခန့်မှန်းထားခဲ့ကြပါသည်။ ၂၀၆၈ ခုနှစ်တွင် နှစ်စဉ်ရေခဲပြင်အပိုင်းကွဲမှုကြောင့် ဝင်ရိုးစွန်းဝက်ဝံများအနေဖြင့် နှစ်စဉ်ရက်ပေါင်း ၁၈၀ ဆက်တိုက်ပင်လယ်ရေခဲပြင် စားကျက်နေရာများမှ သီးခြားဖြစ်နေမည်ဟု ခန့်မှန်းထားကြပါသည်။ အဆိုပါ ရေခဲပြင်မရှိသော ရာသီများသည် ၁၉၈၀ ပြည့်လွန်နှစ်များက ရေခဲပြင်မရှိသောရာသီများထက်(၂)လပို၍ကြာမြင့်မည်ဖြစ်ကြောင်း ယခင်ကခန့်မှန်းထားခဲ့ကြပါသည်။ သို့ရာတွင် ထိုခန့်မှန်းချက်များတွင် ကုန်းမြေပေါ်ရှိ အစာအရင်းအမြစ်များမှရရှိသည့် energetic input ကို ထည့်သွင်းစဉ်းစားခဲ့ခြင်း မရှိပေ။

ဝက်ဝံတစ်ကောင်က ဘဲငန်းနှင့် caribou သမင်ကို ဖမ်းဆီးရန်အတွက် အသုံးပြုရသည့် energetic cost အတိအကျ မသိရသော်လည်း Manitoba ဝင်ရိုးစွန်းဝက်ဝံများသည် ပင်လယ်ဖျံများကို အမဲလိုက်ရန်သုံးသည့် စွမ်းအင်ကုန်သက်သာသော နည်းလမ်းများကိုအသုံးပြု၍ caribou များကိုတိုက်ခိုက် အမဲလိုက်လေ့ရှိကြောင်းသိရသည်။ အဆိုပါသားကောင် မျိုးစိတ်(၂)မျိုးအရွယ်တူသဖြင့် ဝက်ဝံများအနေဖြင့် ပင်လယ်ဖျံများကို အမဲလိုက်သည့်အကြိမ်ရေကဲ့သို့ပင် caribouများကို အစားထိုးအမဲလိုက် စားသောက်မည့်သဘောပင်ဖြစ်သည်။

အကယ်၍ caribou သမင်အုပ်များသည် နှစ်စဉ်အစောပိုင်းကာလ၌ Western Hudson Bay ကမ်းရိုးတန်းအနီးတွင် ဆက်လက်လာရောက်အစာရှာပါက ဝက်ဝံများ၏အစာဖြစ်သွားနိုင်ပါသည်။ နှင်းဘဲငန်းများ၏ ဥများသည်လည်း ဝက်ဝံများအတွက် အစာတစ်မျိုးဖြစ်ပြီး မြေပြင်အသိုက်များထဲရှိ အဆိုပါဥများကို ရှာဖွေစားသောက်ရန်အတွက် အားထုတ်ရသည့်စွမ်းအင်လည်း နည်းပါးပါသည်။ ဝင်ရိုးစွန်းဝက်ဝံများအတွက် အစာအရင်းအမြစ် လုံလုံလောက်လောက်ရရှိပါက နှင်းဘဲငန်းများ၏ ဥများအား ဝက်ဝံများမှစားသုံးမှုလျော့ကျသွားပြီး နှင်းဘဲငန်း အကောင်ရေတွင် ထိခိုက်မှုလည်း ရှိတော့မည်မဟုတ်ပေ။

သိပ္ပံနည်းကျ အများလက်ခံထားသည့် အမြင်အရ ဝင်ရိုးစွန်းရေခဲပြင်များ လျင်မြန်စွာအရည်ပျော်ခြင်းကြောင့် ဝင်ရိုးစွန်းဝက်ဝံများအနေဖြင့် ၄င်းတို့လက်ရှိစားသောက်ရသည့် ပင်လယ်ဖျံများကို စားသုံးမှုပို၍နည်းပါးစေမည်ဟု သိရပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ကုန်းမြေပေါ်တွင်ရောက်ရှိနေသည့် ဝင်ရိုးစွန်းဝက်ဝံများအနေဖြင့် ကောင်းမွန်သောအခြေအနေတွင် အစာပြောင်းလဲစားသုံးခြင်းအားဖြင့် ငတ်မွတ်မှု အန္တရာယ်ကိုရှောင်လွှဲနိုင်မည်ဖြစ်ပေသည်။




ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်ပြီး လူပေါင်း(၉၀၀၀၀)ကျော် နေအိမ်စွန့်ခွာထွက်ပြေး(၈)ဦးပျောက်ဆုံးနေပြီး၊ လူပေါင်း(၁၀၀)ခန့် အရေးပေါ်ကယ်ဆယ်ရန်လိုအပ်နေကြောင်း စက်တင်ဘာလ(၁၀)ရက်နေ့ အင်တာနက်သတင်းအရ သိရှိရပါသည်။





စာမျက်နှာ- ၅၂ မှအဆက်

မြန်မာ့ကမ်းရိုးတန်းဇုန်တွင် ဒီရေတော ဂေဟစနစ် (Mangrove Ecosystem)၊ ပင်လယ်မြက် ဂေဟစနစ် (Seagrass Ecosystem)နှင့် သန္တာကျောက်တန်းဂေဟစနစ် (Coral Reef Ecosystem)ဟူ၍ ဂေဟစနစ်(၃)မျိုး ရှိပါသည်။ ၎င်းဂေဟစနစ်(၃)မျိုးသည် အဖိုးတန်ရေအောက် သယံဇာတများဖြစ်သော အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ စုဝေးရာနေရာဖြစ်သည့်အပြင် ဂေဟစနစ်တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်သွယ်၍ ကမ်းရိုးတန်းဇုန်ရှိ ရေလုပ်ငန်းများဖွံ့ဖြိုးမှုကို အထောက်အကူပြုလျက်ရှိပါသည်။ ၎င်းဂေဟစနစ်(၃)မျိုးတွင် ပင်လယ်မြက်ဂေဟစနစ်(Seagrass Ecosystem)သည် လူသိနည်းသော ဂေဟစနစ်တစ်ခုဖြစ်ပါသည်။

ပင်လယ်မြက်ဆိုသည်မှာ ပင်လယ်ကမ်းခြေမှ မီတာ(၅၀)အကွာ ရေအောက်ကြမ်းပြင်တွင် အမြစ်တွယ်နစ်မြုပ်ပေါက်ရောက်လျက်ရှိသော အဏ္ဏဝါအပင်မျိုးစိတ်တစ်မျိုးဖြစ်ပါသည်။ အပင်တည်ဆောက်ဖွဲ့စည်းပုံမှာ မျိုးစိတ်အလိုက်ကွဲပြားခြားနားမှုရှိပါသည်။ ကုန်းတွင်းပိုင်းရှိ အဆင့်မြင့်ပန်းပွင့်သောအပင်များကဲ့သို့ အပွင့်၊ အသီး၊ အစေ့၊ အရွက်နှင့်အမြစ်စသည့် အင်္ဂါရပ်နှင့်ပြီးပြည့်စုံသော စေ့ရွက်ထီးပင် (Monocotyledonous) ဖြစ်ပါသည်။ အလင်းမှီစုဖွဲ့ခြင်း (Photosynthesis)ဖြင့် ကိုယ်ပိုင်အစာချက်လုပ်နိုင်ပြီး အပွင့်ဆောင်သောအပင်မျိုးစိတ် (Angiosperms)တစ်မျိုးဖြစ်ပါသည်။ လိင်ရှိမျိုးပွားခြင်း(Sexual reproduction)နှင့် လိင်မဲ့မျိုးပွားခြင်း(Asexual reproduction)နည်း(၂)မျိုးဖြင့်မျိုးပွားကြပါသည်။

ပင်လယ်မြက်ခင်းပြင်များသည် ဝင်ရိုးစွန်းဒေသ၊ သမပိုင်းဒေသနှင့် အပူပိုင်းဒေသများ၏ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ကမ်းခြေဒေသတချို့နှင့် ကျွန်းများရှိ ရေအောက်ကြမ်းပြင်တွင် သဘာဝအလျောက် ပျံ့နှံ့ပေါက်ရောက်လျက်ရှိပါသည်။ အင်ဒိုပစိဖိတ်အပူပိုင်းဒေသများသည် ပင်လယ်မြက်အများဆုံးပေါက်ရောက်ရာ ဒေသများဖြစ်ပြီး ကမ္ဘာပေါ်ရှိ မှတ်တမ်းတင်ပြီးသော ပင်လယ်မြက်မျိုးစိတ်(၆၀)မျိုးမှ မျိုးစိတ်(၂၄)မျိုးအား အင်ဒိုပစိဖိတ်ဒေသ၏ ပင်လယ်ကမ်းရိုးတန်းများတွင် တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိမှတ်တမ်းတင်ပြီးသော ပင်လယ်မြက်မျိုးစိတ်(၁၀)မျိုးရှိပါသည်။ ပင်လယ်မြက်များကို မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းဒေသများဖြစ် သော ရခိုင်ကမ်းရိုးတန်းဒေသနှင့် တနင်္သာရီကမ်းရိုးတန်းဒေသတို့တွင် အများဆုံးတွေ့ရှိရပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မုတ္တမပင်လယ်ကွေ့တို့တွင် အနယ်အနှစ်များကြောင့် ရှင်သန်နှုန်းနည်းပါးကြောင်း လေ့လာသိရှိရပါသည်။ ဒီရေရောက်မြစ်ဝများ၊ ကမ်းဦးရေတိမ်ပိုင်းများ၊ သန္တာကျောက်တန်းများ၊ ရေငန်အိုင်များ၏ သဲနှင့်ရွှံ့နွံပေါသောနေရာများတွင် ပေါက်ရောက်ကြပါသည်။ မျိုးစိတ်အချို့မှာ ကမ်းခြေမှ(၆၀)မီတာအကွာရှိ ကမ်းလွန်ကမ်းဝေးဒေသများတွင်လည်းကောင်း မျိုးစိတ်အများစုမှာ ကမ်းခြေမှ(၂၅)မီတာအကွာ ကမ်းနီးဒေသများတွင် ပေါက်ရောက်ကြပါသည်။ လေ့လာတွေ့ရှိချက်များအရ ပင်လယ်ရေအောက်ကြမ်းပြင်တွင် ပေါက်ရောက်လျက်ရှိသော ပင်လယ်မြက်ခင်းတစ်ဧကတွင် တစ်နှစ်အတွင်း အရွက်တန်ချိန် (၁၀)ခန့်ထွက်ရှိနိုင်သည့်အတွက် မရေမတွက်နိုင်သော အဏ္ဏဝါကျောရိုးရှိ/ကျောရိုးမဲ့သတ္တဝါသက်ကြီးကောင်နှင့် သားလောင်းများအတွက် အစားအစာ၊ ကျက်စားနေရာနှင့် သားပေါက်မျိုးပွားရာနေရာတစ်ခုအဖြစ် အထောက်အကူပြုလျက်ရှိပါသည်။ ပင်လယ်လိပ်(Chelonia mydas) တစ်ကောင်၏ တစ်နေ့လျှင် ပင်လယ်မြက်ကျက်စားနှုန်းမှာ ၂ ကီလိုဂရမ်ခန့်ရှိပြီး၊ ရေဝက်(Dugong dugong)တစ်ကောင်၏ တစ်နေ့လျှင် ပင်လယ်မြက်ကျက်စားနှုန်းမှာ ၄၀ ကီလိုဂရမ်ခန့်ရှိပါသည်။ ခန့်မှန်းအားဖြင့် ပင်လယ်မြက်တစ်ဧကတွင် ငါးမျိုးစိတ်ကောင်ရေ(၄)သိန်းခန့်နှင့် ကျောရိုးမဲ့သတ္တဝါကောင်ရေ(၅)သိန်းခန့် ကျက်စားနေထိုင်ကြောင်း လေ့လာသိရှိရပါသည်။

ပင်လယ်မြက်များ Photosynthesis ပြုလုပ်ရန် အဓိကအားဖြင့် အလင်းရောင်ရရှိဖို့လိုအပ်ပါသည်။ သို့သော် အလင်းရောင်ရရှိမှုပြင်းအားများပါက Photosynthesis ဖွဲ့စည်းရာတွင် ပျက်စီးစေနိုင်ပါသည်။ ပင်လယ်အတွင်းရှိ အနယ်အနှစ်(Sediment)များသည် ရေအောက်ကြမ်းပြင်တွင် အမြစ်များကုပ်တွယ်နိုင်ရန်နှင့် အပင်များရှင်သန်ကြီးထွားဖို့ရန် အစာအာဟာရအဖြစ် အထောက်အကူပေးလျက်ရှိပြီး နိုက်ထရိုဂျင်($NO_3$)နှင့် ဖော့စဖောရပ်စ်($PO_4$)ကဲ့သို့သော အဟာရပြုစေသည့်ဓာတ်များ(Nutrients)နှင့် ရေငန်နှုန်း(Salanity) အနည်းအများသည်လည်း အပင်များကြီးထွားစေရန် အထောက်အကူပြုလျက်ရှိပါသည်။ မြန်မာနိုင်ငံရှိ ပင်လယ်မြက်မျိုးစိတ်(၁၀)မျိုးမှ ရေငန်နှုန်း(Salanity)မြင့်သော နေရာများတွင် ပေါက်ရောက်သည့် *Halophila beccarii* မျိုးစိတ်သည် IUCN Red List တွင် မျိုးသုန်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်(Vulnerable)ဖြစ်ပါသည်။

ပင်လယ်မြက်များသည် ပင်လယ်အတွင်း ကျက်စားရှင်သန်နေထိုင်ကြသော ပင်လယ်လိပ် (Sea turtle)၊ ရေဝက် (Dugong)၊ ရေနွား(Manatees) နှင့် ကမ်းခြေတွင် ကျက်စားသော ရေနေငှက်မျိုးစိတ်များ၏ အစာကွင်းဆက်( Food chain)ဖြစ်ခြင်း၊ ဂဏန်း(Crab)၊ ပုဇွန် (Shrimp)၊ ရေနဂါး (Sea Horse)၊ ကမာ(Oyster)၊ ဂုံး(Calm)စသည့် ရေနေသတ္တဝါမျိုးစိတ် အချို့ကျက်စားနေထိုင်ရာ(Habitat) ဖြစ်ခြင်း၊ ပင်လယ်ငါးမြွေထိုး (Barracudas)၊ ငါးဂုံး (Yellow Grunts)၊ ကျောက်ငါး(Groupers)၊ ငါးပါးနီ(Snappers) စသည့် ငါးမျိုးစိတ်များနှင့် ပုဇွန်မျိုးစိတ်များ သားပေါက်မျိုးပွားရာ (Nursery ground)နှင့် ခိုလှုံရာအကွယ်အကာ (Shelter)ဖြစ်ခြင်းဖြင့် အဏ္ဏဝါသက်ရှိများအတွက် တိုက်ရိုက်အစာကွင်းဆက်(Direct Food Chain)နှင့် သွယ်ဝိုက်အစာ

ကွင်းဆက်(Indirect Food Chain) အဖြစ် အပြန်အလှန် အမှီသဟဲပြုရာ ဂေဟစနစ်တစ်ခုဖြစ်သည့်အပြင် ကမ်းပါးတိုက်စားခြင်းအား လျော့နည်းစေခြင်း၊ ပင်လယ်ရေတွင် ပျော်ဝင်လျက်ရှိသော အနယ်အနှစ်များအားစုပ်ယူ၍ ရေကိုကြည်လင်စေခြင်းဖြင့် ရေအရည်အသွေးထိန်းသိမ်းပေးခြင်း၊ ကာဗွန်(Carbon)စုပ်ယူခြင်းနှင့် အောက်စီဂျင်(Oxygen) အမိကထုတ်လွှတ်ပေးခြင်းတို့ဖြင့် အဏ္ဏဝါပင်လယ်ပြင်အား အထောက်အကူပြုပေးလျက်ရှိရာ ကမ်းရိုးတန်းတစ်လျှောက် ကမ်းခြေဝန်းကျင်၏ ဂေဟစနစ်ကို ကြွယ်ဝအောင် ပံ့ပိုးပေးနေသည့် အလွန်အရေးပါသော ဂေဟစနစ်တစ်ခုလည်းဖြစ်ပါသည်။ လူ့ပယောဂအန္တရာယ်များဖြစ်သည့် ပင်လယ်အတွင်းသို့ စိုက်ပျိုးရေးသုံး ဓာတုအညစ်အကြေးများ စွန့်ထုတ်ခြင်း၊ စက်ရုံနှင့် အိမ်သုံးပစ္စည်းများစွန့်ပစ်ခြင်း၊ ပင်လယ်မြက်ဂေဟစနစ်အတွင်းကျက်စားနေထိုင်သော သတ္တဝါမျိုးစိတ်များကို အလွန်အကျွံဖမ်းဆီးခြင်း၊ ပင်လယ်ကမ်းခြေအနီးဆိပ်ကမ်းများနှင့် ဟိုတယ်များ တိုးချဲ့တည်ဆောက်လာခြင်း၊ သင်္ဘောများ ကျောက်ဆူးချထားခြင်းနှင့် ဒရွတ်ဆွဲငါးဖမ်းပိုက်များသုံး၍ ငါးအလွန်အကျွံ ဖမ်းဆီးလာခြင်းတို့အပြင် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရာသီဥတုပြောင်းလဲခြင်း၊ ပြင်းထန်သော မုန်တိုင်းများကျရောက်ခြင်း၊ ပင်လယ်ရေပြင် ပူနွေးလာခြင်း၊ ပင်လယ်သမုဒ္ဒရာရေမြင့်တက်လာခြင်းနှင့် ကမ်းပါးတိုက်စားခြင်းတို့သည် ပင်လယ်မြက်ဂေဟစနစ်၏ အဓိကခြိမ်းခြောက်မှုအန္တရာယ်များပင်ဖြစ်ပါကြောင်း မြန်မာနိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲများမှတ်တမ်းတင်ထားရှိမှုတွင် အားအနည်းဆုံးဖြစ်သည့် အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများမှ လူသိနည်းသော မြန်မာ့ကမ်းရိုးတန်းဇုန်ရှိ ပင်လယ်မြက်ဇီဝမျိုးကွဲများ၏ ဂေဟစနစ်အသုံးဝင်မှုများနှင့် အရေးပါမှုများအကြောင်း ရေးသားဖော်ပြအပ်ပါသည်။

## မြန်မာ့ကမ်းရိုးတန်းဇုန်အတွင်းရှိ မှတ်တမ်းတင်ပြီးသော ပင်လယ်မြက်မျိုးစိတ်(၁၀)မျိုး

| စဉ် | မြန်မာမျိုးရင်း | မျိုးရင်း | အင်္ဂလိပ်အမည် | သိပ္ပံအမည် |
|---|---|---|---|---|
| ၁။ | ပင်လယ်မြက် | Cymodoceaceae | Syringe grass | *Syringodium isoetifolium* (Kutzing) |
| ၂။ | ပင်လယ်မြက် | Cymodoceaceae | Round-tipped seagrass | *Cymodocea rotundata* (Ehrenberg et Hemprich ex Ascherson) |
| ၃။ | ပင်လယ်မြက် | Cymodoceaceae | Toothed seagrass | *Cymodocea serrulata* *(R. Brown)* Ascherson et Magnus |
| ၄။ | ပင်လယ်မြက် | Cymodoceaceae | Fiber-stand grass | *Halodule uninervis* (Forsskal) Ascherson |
| ၅။ | ပင်လယ်မြက် | Cymodoceaceae | Fiber-stand grass | *Halodule pinifolia* (Miki) den Hartog |
| ၆။ | ပင်လယ်မြက် | Hydrocharitaceae | Tropical eelgrass | *Enhalus acoroides* (Linnaeus f.) Royle |
| ၇။ | ပင်လယ်မြက် | Hydrocharitaceae | Turtle grass | *Thalassia hemprichii* (Ehrenberg) Ascherson |
| ၈။ | ပင်လယ်မြက် | Hydrocharitaceae | Ocean turf grass | *Halophila beccarii* (Ascherson) |
| ၉။ | ပင်လယ်မြက် | Hydrocharitaceae | Veinless spoon-grass/ Paddle grass | *Halophila decipiens* (Ostenfeld) |
| ၁၀။ | ပင်လယ်မြက် | Hydrocharitaceae | Spoon-grass | *Halophila ovalis* (R. Brown) Hooker f. |

# သိကောင်းစရာ ပင်လယ်မြက်ဂေဟစနစ်

အယ်လ်.ကေစီယွန်(တောအုပ်)
M.Sc, Zoology
ဝန်းကျင်/သားငှက်ဌာန



*Cymodocea serrulata*



*Halodule uninervis*



*Enhalus acoroides*



*Halophila decipiens*



*Cymodocea rotundata*



*Halodule pinifolia*



*Halophila beccarii*



*Halophila ovalis*



*Syringodium isoetifolium*



*Thalassia hemprichii*



စာမျက်နှာ–၅၀–၅၁ သို့